မြဝတီ နေ့စဉ်

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှမြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၀၉)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်
၂၀၂၆ ခုနှစ်၊ ဩဂုတ် ၅ ရက်၊ ဗုဒ္ဓဟူးနေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။ **ဓမ္မပဒ**

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် သန့်ဗွာန်ချမှတ်ပြီး မဖြစ်မနေကြိုးပမ်းအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

နေပြည်တော် ၊ ဩဂုတ် ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဦးညီစော၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် **စာမျက်နှာ ၅ ကော်လံ ၁** ★



ရှေးဟောင်းဝတ္ထုပစ္စည်းအပ်နှံခြင်းအတွက် ဆုကြေးငွေနှင့်ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ပေးအပ်

နေပြည်တော် ၊ ဩဂုတ် ၄

ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ ပျူခေတ်၊ ကုန်းဘောင်ခေတ်၊ ဝေသာလီခေတ်နှင့် မြောက်ဦးခေတ်လက်ရာများဖြစ်သည့် ရွှေပန်းကနုတ်အပိုင်းအစ၊ ငွေဒင်္ဂါး၊ ကျောက်ကွင်း၊ ကျောက်ပုတီးစေ့၊ ကြေးအလေး၊ ကြေးခလောက်၊ ကြေးသတ္တုစပ်ပြား၊ မြေထည်ပစ္စည်းများ စသည့် ရှေးဟောင်းဝတ္ထုပစ္စည်းအရေအတွက် စုစုပေါင်း ၁၁၇၃ ခုကို အပ်နှံခဲ့ခြင်းအတွက် အပ်နှံပေးသူများကို **စာမျက်နှာ ၁၃ ကော်လံ ၃** ❐

ကျောက်ဖြူမြို့ရှိ ရေငန်ပုစွန်သားဖောက်စခန်းမှ ရေငန်ပုစွန်သားပေါက်များကို ဖြန့်ဖြူးပေးလျက်ရှိ

စစ်တွေ ၊ ဩဂုတ် ၄

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ငါးလုပ်ငန်းဦးစီးဌာန၏ ရေငန်ပုစွန်သားဖောက်စခန်းတွင် ရေငန်ပုစွန်များ သားဖောက်ခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး ဒေသတွင်းပုစွန်မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်ရေငန်ပုစွန်သားပေါက်များကို ဖြန့်ဖြူးပေးလျက်ရှိကြောင်း အဆိုပါစခန်းမှသိရသည်။

စာမျက်နှာ ၆ ကော်လံ ၄ ❍

လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ငဝန်မြစ်ရေကာတာကျိုးပေါက်ကာ လေးမျက်နှာမြို့ပေါ် ရပ်ကွက်များနှင့်ပတ်ဝန်းကျင်ကျေးရွာများ ရေဝင်ရောက်မှု ဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆက်လက် ဆောင်ရွက်

စာ- ၁၂ သို့

ဆောင်းပါး

မျောက်ပြဆန်တောင်းသူတို့၏ဘဝနေဝင်ချိန်နှင့် တံလျှပ်ကိုရေထင်၍ အလိုက်မှားခဲ့ကြသူများသို့

စာ- ၁၁ သို့

အငြိမ်းစားတို့စိတ်ချမ်းသာစေမည့် မြန်မာ့စီးပွားရေးဘဏ်၏နည်းပညာခြေလှမ်းသစ်

စာ- ၂၅ သို့

အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဩဂုတ် ၅ ရက်)

အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာ

မြန်မာနိုင်ငံသည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးလျက်ရှိသည့် နိုင်ငံဖြစ်သည်။ အဆိုပါစနစ်ကိုကျင့်သုံးရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပကာ အတည်ပြုထားခြင်းဖြစ်သည်။ အဆိုပါဆန္ဒခံယူပွဲတွင် ပြည်သူလူထု ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက ထောက်ခံခဲ့သည့်အတွက် ၂၀၀၈ ခုနှစ် မေလ ၂၉ ရက်တွင် အတည်ပြုပြဋ္ဌာန်းခြင်းဖြစ်သည်။ အဆိုပါဥပဒေအရ ၂၀၁၀ ပြည့်နှစ်တွင် ပထမအကြိမ်ရွေးကောက်ပွဲကျင်းပကာ ပထမဒီမိုကရေစီအစိုးရတစ်ရပ်ပေါ်ပေါက်လာသည်။ ၂၀၁၅ ခုနှစ်တွင် ဒုတိယအကြိမ်ရွေးကောက်ပွဲကျင်းပကာ ဒုတိယဒီမိုကရေစီအစိုးရတစ်ရပ်ပေါ်ပေါက်လာခဲ့သည်။ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင်မူ ထိုစဉ်ကသက်ဆိုင်သူတာဝန်ရှိသူအားလုံးက တရားမဲ့ပြုကျင့်မှု၊ မဲမသမာမှုများကို ထင်ထင်ရှားရှားလုပ်ဆောင်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ဒီမိုကရေစီလမ်းကြောင်းခေတ္တရပ်တန့်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ တစ်ခဲနက်မဲပေးရွေးချယ်ခဲ့သဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံတော်အစိုးရတစ်ရပ် ပေါ်ပေါက်လာခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး ဆိုသည့် ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကိုလက်ကိုင်ထားပြီး ကဏ္ဍစုံတွင်အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားများကို ကာကွယ်မြှင့်တင်သည့်နေရာတွင် အခြေခံဥပဒေပါ နိုင်ငံခြားရေးမူဝါဒဖြစ်သည့် **လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်**သည့် မူဝါဒကိုစွဲကိုင်ပြီး နိုင်ငံတကာဆက်ဆံရေးတွင် ဘက်မျှပြီး ဟန်ချက်ညီသည့်ဆက်ဆံရေးကို တည်ဆောက်နေခြင်းဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းမိတ်ဆွေနိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ **ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်နှင့်အညီ** နိုင်ငံတကာဆက်ဆံရေးကို ခိုင်မာအောင်တည်ဆောက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးကိုရှေးရှုကာ နိုင်ငံတိုင်းနှင့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးထားရှိသည်။ အရှေ့တောင်အာရှနိုင်ငံများအသင်းသို့ ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် ဝင်ရောက်ခဲ့ခြင်းမှာလည်း လူမှုရေး၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက်ဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)အနေဖြင့် အခြေခံမူများချမှတ်ထားရာတွင် "အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေးလက္ခဏာများကိုလေးစားလိုက်နာခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှုမရှိခြင်း" ဟူသောအချက်များပါဝင်သည်။ မြန်မာနိုင်ငံ၏ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲနှင့်ပတ်သက်၍ တစ်နိုင်ငံအကျိုးကိုတစ်နိုင်ငံကလိုလားသည့်စိတ်ဖြင့် လိုအပ်သည်များကူညီရမည့်အစား မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမှာ အာဆီယံအခြေခံမူများနှင့်လုံးဝဆန့်ကျင်လျက်ရှိသည်။

သို့သော် ထိုစဉ်က နိုင်ငံတော်အစိုးရသည် သဘောထားပြည့်ဝစွာ၊ ချစ်စကိုရှည်စေ၊ မုန်းစကိုတိုစေ စိတ်ထားမှန်ဖြင့်စကားနည်းနဉ်စဲနေခဲ့သည်။ ယနေ့တွင်ပြည်သူများရွေးချယ်တင်မြှောက်သည့် ဒီမိုကရေစီအစိုးရတစ်ရပ် ဖြစ်ပေါ်လာနေပြီဖြစ်ပြီး မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် တည့်မတ်မှန်ကန်စွာ လျှောက်လှမ်းနေပြီဖြစ်သည်။ မြန်မာနိုင်ငံနှင့်ပတ်သက်၍ အာဆီယံနိုင်ငံအချို့၏သဘောထားများ ပြောင်းလဲသင့်ပြီဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇူလိုင်လ ၃၁ ရက်က နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ပြည့် နိုင်ငံတော်အခြေပြမိန့် ခွန်းပြောကြားရာတွင် **"လက်ရှိအာဆီယံအခြေအနေနှင့်ပတ်သက်ပြီး လွန်ခဲ့သည့် ၅ နှစ်တာကာလအတွင်း အာဆီယံနိုင်ငံအချို့၏သဘောထားနှင့် မြန်မာနိုင်ငံအပေါ် ခွဲခြားဆက်ဆံမှုများပြုလုပ်ခဲ့သော်လည်း မိမိတို့အနေဖြင့် စိတ်ရှည်သည်းခံပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ၏တာဝန်ဝတ္တရားများနှင့်အညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အပြုသဘောမဆောင်သည့် ခွဲခြားဆက်ဆံမှုများကို နိုင်ငံတော်ကလိုအပ်သည့်တုံ့ပြန်မှုများ Case By Case တုံ့ပြန်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့်အညီ ပကတိအခြေအနေများကိုအခြေခံပြီး အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကိုအလေးထားစောင့်ရှောက်ကာ မြန်မာနိုင်ငံကဦးဆောင်သော မြန်မာ့ကိုယ်ပိုင်နည်းလမ်းဖြင့် အာဆီယံနှင့်ဆက်ဆံရေးတိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

အာဆီယံ၏လုပ်ထုံးလုပ်နည်းအရ မည်သည့်အကြောင်းအရာမဆို ဆုံးဖြတ်ချက်ချမှတ်ရာတွင် တူညီဆန္ဒ (Consensus)ရရှိရန် အဖွဲ့ဝင်နိုင်ငံတိုင်းက ပါဝင်တိုင်ပင်ဆွေးနွေးပြီးမှ အဖွဲ့ဝင်အားလုံး၏သဘောတူညီချက်ယူကြရသည်။ ဆွေးနွေးချက်ကို ထုတ်ပြန်ချက်အဖြစ်မထုတ်ပြန်ခင် မူကြမ်းချပြ အသိပေးညှိနှိုင်းပြီးမှသာ Consensus အစစ်အမှန်ရရှိမည်ဖြစ်သည်။ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ထုတ်ပြန်ချက်(၅) ရပ်မှာ အဲဒီလုပ်ထုံးလုပ်နည်းအတိုင်းမလုပ်ဆောင်ဘဲ အစည်းအဝေးအပြီးမှာ ထိုအချိန်က အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ နောက်ဆက်တွဲထုတ်ပြန်ချက်အဖြစ် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ၏အမျိုးသားအကျိုးစီးပွားနှင့်အချုပ်အခြာကို အလေးထားဆောင်ရွက်နေမည်သာဖြစ်ပါကြောင်း။ ။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

သထုံမြို့နယ် နောင်ဘိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

သထုံ ဩဂုတ် ၄

မွန်ပြည်နယ် သထုံမြို့နယ် နောင်ဘိုကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း အတိုးရငွေဖြင့်ဆောင်ရွက်သည့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဩဂုတ်လ ၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် သထုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်လွင်၊ သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့်ဝန်ထမ်းများက နောင်ဘိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ခရိုင်ဦးစီးမှူးက ဖြည့်စွက်မှာကြားသည်။

နောင်ဘိုကျေးရွာ၌ အရှည်ပေ ၄၆၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိသည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်စီမံကိန်းအတိုးရငွေကျပ် ၁၇ သန်းဖြင့် ၂၀၂၆ ခုနှစ် ဇူလိုင်လမှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

နောင်ဘိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်နှင့်ထွက်ကုန်များကို အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ပြီး ယခင်ကထက် လူနေမှုအဆင့်အတန်းပိုမိုမြင့်မားလာတော့မည်ဖြစ်ကြောင်း သိရသည်။ **အေးမြတ်**

သဇင်(FM)အသံလွှင့်အစီအစဉ်

၅-၈-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၂:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၅၀ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ နေ့စဉ် Myawady Daily

Online Newspaper

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ဒေါ်နှင်းဝတ်ရည်မွေး၊ဒေါ်ဆွေငင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂။
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၂၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ ဧက ၁၉၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ ဩဂုတ် ၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ ဧက ၁၉၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ ၂၄၅၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ၁၉၅၈ ဧက အထိ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ စားဖိုဆောင်သီးနှံစုံ ၂၄၅၈ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ၁၉၅၈ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ စားဖိုဆောင်သီးနှံတွေ စိုက်ပျိုးတာနဲ့ပတ်သက်ပြီး တောင်သူတွေကို GAP နည်းစနစ်နဲ့အညီစိုက်ပျိုးနိုင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝအားဆေးတွေ ထုတ်လုပ်သုံးစွဲနိုင်ရေး စိုက်ပျိုးရေးနည်းပညာပေးတာတွေ ကြီးကြပ်ဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းများကောင်းမွန်စေရေး၊ GAP နည်းစနစ်နှင့်အညီစိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သောသီးနှံများထွက်ရှိရေးတို့အတွက် စိုက်ပျိုးရေးအသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

စားဖိုဆောင်သီးနှံများကို အစားအစာဘေးကင်းလုံခြုံမှုရှိပြီး အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့် အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ တောင်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။



လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

ပြည်မြို့နယ် ပေါင်းတရာကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်

ပြည် ဩဂုတ် ၄

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်တွင် ပေါင်းတရာကျေးရွာ၌ ကျေးလက်ဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ကျွမ်းကျင်လုပ်သားများပေါ်ထွန်းလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းကို ဩဂုတ်လ ၄ ရက်တွင် ဖွင့်လှစ်သည်။

ရွေးဦးစွာ ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါက အမှာစကားပြောကြားပြီး ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဇော်က သင်တန်းမှပို့ချပေးမည့် သင်ခန်းစာများကို ကြိုးစားလေ့လာသင်ယူပြီး မိသားစုအတွက် အပိုဝင်ငွေရှာဖွေပေးနိုင်သည်အထိ ကြိုးစားကြစေလိုကြောင်းနှင့် သင်တန်းပြီးမြောက်ပါက ရင်းနှီးမတည်ငွေရရှိရေးနှင့် အလုပ်အကိုင်ရရှိရေးချိတ်ဆက်ပေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ ပေးအပ်သည်။ အဆိုပါ အခြေခံစက်ချုပ်သင်တန်းသို့ သင်တန်းသူ ၂၀ ဦးတက်ရောက်ကြပြီး သင်တန်းကို ၄၅ ရက်ကြာ စာတွေ့လက်တွေ့ အခမဲ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ချိုလေး

ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဦးစီးဌာန၌ ကျန်းမာရေးဆိုင်ရာ ဇီဝထုတ်ကုန်နည်းပညာများ လွှဲပြောင်းပွဲကျင်းပ

ကျောက်ဆည် ဩဂုတ် ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဦးစီးဌာန၌ ကျန်းမာရေးဆိုင်ရာ ဇီဝထုတ်ကုန်များအတွက် နည်းပညာများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဩဂုတ်လ ၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးလှကြွယ်က နည်းပညာလက်ခံယူမည့် လုပ်ငန်းရှင်များအနေဖြင့် လွှဲပြောင်းပေးအပ်လိုက်သည့် နည်းပညာများမှ တစ်ဆင့် ပြည်တွင်းသုတေသနရလဒ်များကို အောင်မြင်စွာအသုံးချပြီး နိုင်ငံတော်၏ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိသော ရလဒ်များ ပိုမိုပေါ်ထွက်လာအောင် ဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။

ဆက်လက်၍ ဇီဝနည်းပညာသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးအေးခိုင်က ဇီဝနည်းပညာသုတေသနဦးစီးဌာနအနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇီဝနည်းပညာဖြင့် သုတေသနပြုကာ လက်တွေ့အသုံးချသူ End user အထိရောက်အောင် ဦးတည်ဆောင်ရွက်လျက်ရှိပြီး MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် နည်းပညာများပံ့ပိုးပေးခြင်း၊ သင်တန်းပေးခြင်းများလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဇီဝထုတ်ကုန်နည်းပညာများ လွှဲပြောင်းခြင်းအတွက် သုတေသနပြုထုတ်လုပ်ထားသော သဘာဝအရင်းအမြစ်အခြေပြု အရည်အသွေးမြှင့်ထုတ်ကုန်ငါးမျိုးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးထွန်းရွှေ (ထွန်းရွှေဝါတိုင်းရင်းဆေးထုတ်လုပ်ရေး)က ဇီဝနည်းပညာသုတေသနဦးစီးဌာနအတွက် လိုအပ်လျက်ရှိသော (၁၀ ပေ x ၁၁ ပေ) အလူမီနီယံဓာတ်ခွဲခန်းနံရံ ကာရံခြင်းအတွက် ပစ္စည်းများနှင့် သုတေသနဓာတ်ခွဲခန်းသုံး ရေခဲသေတ္တာတစ်လုံးပေးအပ်လှူဒါန်းခဲ့ပြီး ဇီဝနည်းပညာသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဦးထွန်းရွှေအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာ မှတ်တမ်းများ ပေးအပ်ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

ကျိုက်ထိုမြို့နယ်၌ ဟိုတယ်ဆိုင်ရာ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်းနှင့် အစားအစာပြင်ခံကျွေးမွေးရေးသင်တန်းဖွင့်လှစ်



ကျိုက်ထို ဩဂုတ် ၄

မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ်၌ ဟိုတယ်ဆိုင်ရာ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်းနှင့် အစားအစာပြင်ခံကျွေးမွေးရေးသင်တန်းကို ဩဂုတ်လ ၃ ရက်က ကျိုက်ထီးရိုးရင်ပြင်တော်ရှိ ရိုးရိုးလေးဟိုတယ်၌ ဖွင့်လှစ်ကြောင်း သိရသည်။

ရွေးဦးစွာ မွန်ပြည်နယ်ဟိုတယ်နှင့် ခရီးသွားဥာဏ်ကြားမှုဦးစီးဌာန ဥာဏ်ကြားရေးမှူး ဦးဇေယျာထွန်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ပြောကြားပြီး ကျိုက်ထိုခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်က ဟိုတယ်ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဝန်ဆောင်မှုပေးရာတွင် များစွာအဆင်ပြေကြောင်း ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားကို ကျင်းပရာ ရိုးရိုးလေးဟိုတယ်မန်နေဂျာ ဦးရဲရဲဝင်းက သင်တန်းလာရောက်ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းနည်းပြနှစ်ဦးက သင်တန်းသား ၅၇ ဦးကို ဩဂုတ်လ ၃ ရက်မှ ၂၁ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပေးလျက်ရှိသည်။ အဆိုပါအခမ်းအနားသို့ မွန်ပြည်နယ် ဟိုတယ်နှင့်ခရီးသွားဥာဏ်ကြားမှု ဦးစီးဌာန ဥာဏ်ကြားရေးမှူး ဦးဇေယျာထွန်းနှင့်ဝန်ထမ်းများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့်ကော်မတီဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)



ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

မောင်ထွန်းမြတ်မှာ လိမ်လည်၍ မပြောတတ်သောကြောင့် "နှစ်ယောက်စလုံးအလို" ဟု ပြောလိုက်လေရာ မဂျမ်းပုံသည် ရုတ်တရက်ထ၍ ခင်စိန်ကြည်ရှိရာသို့သွားပြီးလျှင် မည်ကဲ့သို့အဖြစ်ကို ပြုမိကြောင်း၊ ယခုနေထိုင်ကြသောအိမ်မှာလည်း ကျယ်ဝန်းလှသည့်အပြင် မိမိမှာလည်း ချောင်ခန်းကလေးတစ်ခန်းနှင့် ငြီးနှိပ်သည်ဖြစ်သောကြောင့် မနေလောက် မထိုင်လောက် ကျဉ်းကျပ်လှသည်ဟူ၍လည်း ပြောရန်မရှိကြောင်း၊ သို့ဖြစ်၍ မိမိအား ဘယ်အတွက်ကြောင့် ပြောင်းရွှေ့နေထိုင်စေလိုကြောင်းများကို မေးမြန်းလျှင် ခင်စိန်ကြည်မှာ လူတစ်ဖက်သား စိတ်နှလုံးမသက်သာမည့်အရာကို အထူးသဖြင့် ရှောင်ကြဉ်တတ်သည်ဖြစ်သောကြောင့် မဂျမ်းပုံကို မိမိမှားယွင်းကြောင်းကို တောင်းပန်၍ မောင်ထွန်းမြတ်ကိုလည်း ဤအကြောင်းနှင့်စပ်လျဉ်း၍ နောက်ထပ်မပြောရန် ပြောရှာလေ၏။

မောင်ထွန်းမြတ်လည်း ခင်စိန်ကြည်သည် အစ်မကြီးအတွက် မည်မျှလောက် စိတ်မချမ်းသာဖြစ်သည့်အကြောင်းကို ကုန်စင်အောင်မသိသဖြင့် မပြောပါနှင့်တော့ဟု တောင်းပန်လျှင် အေးကြပြီအောက်မေ့၍ မပြောဘဲနေလေ၏။ အကြောင်းကို ကုန်စင်အောင်သိခဲ့ပါလျှင် သမီးယောက်မနှစ်ယောက်ကို တစ်နာရီမျှ အတူထားမည်မဟုတ်ချေ။

ဤသို့ တစ်ကြိမ်ဖြစ်ပြီးသည့်နောက် အပြောအဆိုအစောင်းအမြောင်းကိုအနည်းငယ်ဆင်ခြင်ပေတော့မည်ဟု အောက်မေ့ပါလျှင် မှားလေတော့သည်။ ယင်းနေ့မှစ၍ မဂျမ်းပုံသည် ယခင်ကထက်ပင် ပိုမို၍ စောင်းချိတ်လျက် ခင်စိန်ကြည်၏ရှေ့တွင် အစေခံတို့ကို ကြိမ်းမောင်း၍-

"မောင်ထွန်းမြတ်လည်း ခင်စိန်ကြည်သည် အစ်မကြီးအတွက် မည်မျှလောက် စိတ်မချမ်းသာဖြစ်သည့်အကြောင်းကို ကုန်စင်အောင်မသိသဖြင့် မပြောပါနှင့်တော့ဟု တောင်းပန်လျှင် အေးကြပြီအောက်မေ့၍ မပြောဘဲနေလေ၏။ အကြောင်းကို ကုန်စင်အောင်သိခဲ့ပါလျှင် သမီးယောက်မနှစ်ယောက်ကို တစ်နာရီမျှ အတူထားမည်မဟုတ်ချေ . . ."

"ညည်းတို့က အခုတစ်လော ဘယ်သူ့အတုခိုးပြီး မလုပ်ချင်မကိုင်ချင်ဖြစ်နေကြတာလဲ၊ အရင်တုန်းက ညည်းတို့ ဒီလိုမဟုတ်ပါဘူး" စသည်ဖြင့် နေ့စဉ်နှင့်အမျှ စောင်းမြောင်းပြောဆိုပြန်လျှင် ခင်စိန်ကြည်မှာ မဂျမ်းပုံ၏သဘောကဲ့သို့ ကြမ်းကြမ်းတမ်းတမ်းရှိခဲ့ပါမူ သူပြောလျှင်ပြောချင်း၊ သူစောင်းလျှင်စောင်းချင်း ခွန်းတုံ့ပြန်၍ ပြောဆိုတတ်သောသဘောရှိပါက နေနိုင်ရန် ရှိလေသေး၏။ ယခုမှာမူ ခင်စိန်ကြည်မှာ အလွန်တရာနူးညံ့ပျော့ပျောင်းသော စိတ်သဘောရှိသဖြင့် အစ်မကြီးပြောလျှင် လက်နှစ်ဖက်ကိုထောက်ကာ မေးတင်ပြီးလျှင် ဘာမှပြန်မပြောဘဲ မျက်ရည်လည်လျက်သာ နေရှာလေ၏။

တစ်နေ့သ၌ ခင်စိန်ကြည်သည် ဤသို့လက်ပေါ်တွင် မေးတင်၍နေရာမှ "ညနေတိုင်စေချင်လှပါပြီနော်" ဟု ညည်းညူမိလျှင်-

"ဘာဖြစ်လို့လဲ" ဟု မဂျမ်းပုံက မေးရာ "ကိုထွန်းမြတ် ပြန်လာစေချင်လို့ပေါ့" ဟု ပြောလေ၏။

မဂျမ်းပုံလည်း နှာခေါင်းရှုံ့လျက် "မင်းကတော်ကလေးပျင်းတယ်မှတ်တယ်"

"ဟုတ်တယ်"

"ပျင်းမှာပေါ့၊ ဒီကများ ဒီလိုတစ်နေ့လုံး ဘာမှမလုပ်ဘဲ အလကားထိုင်နေရရင် ပျင်းလို့သေတောင်သေရဲ့"

"ဘာမှလုပ်စရာမရှိဘဲကိုး အစ်မကြီးရဲ့"

"ဒါတော့ လူကလုပ်ချင်တဲ့နောက် လုပ်စရာ ဘယ်မှာရှားလိမ့်မလဲ၊ မလုပ်ချင်ရင်သာပေါ့၊ အလကား ဒီလိုထိုင်နေမယ့်အတူတူ တံမြက်စည်းလှည်းမယ်၊ အကျိုးအစုတ်ချုပ်မယ်၊ ချုပ်ပြီးပေးချင်တဲ့သူပေးမယ်"

"ကျွန်မလားရှင် တံမြက်စည်းလှည်းရမှာ၊ အကျိုစုတ်ချုပ်ရမှာ"

"ဘာဖြစ်သလဲ ချုပ်ရင်ကော၊ အလကားနေမယ့်အတူတူတော့..."

"ကျွန်မက ချုပ်မှမချုပ်တတ်ဘဲ"

"မွေးကတည်းက တတ်လာတဲ့လူ ဘယ်သူရှိသလဲ၊ လုပ်တော့ တတ်ကရောပေါ့၊ ဒီလိုလက်ပိုက်ပြီး အလကားထိုင်နေမယ့်အတူတူ ဒီလိုကတော့ ဖိနပ်ဟောင်းဖြစ်ဖြစ် ရှာချုပ်နေမှာပေါ့"

"ကျွန်မက အခုတစ်လော နေလို့လည်း တယ်မကောင်းဘူး"

"ဒါဖြင့် ဒီလိုထိုင်နေမယ့်အစား ချွေးထွက်အောင် လမ်းလည်းလျှောက်ပါလား၊ ဒီလိုနေလို့ ဘယ်တော့နေကောင်းနိုင်မလဲ"

"ကိစ္စမရှိပါဘူးရှင်၊ ကျွန်မမျက်နှာမြင်ပြီးရင်တော့ ဒီလောက်ပျင်းမှာလည်း မဟုတ်ပါဘူး၊ ဒီတော့ လုပ်စရာတွေလည်း ပေါ်လာမှာပဲ"

"ဟုတ်ပါတယ်၊ ဒီတော့ တစ်အိမ်လုံးပဲ လုပ်စရာတွေ ပေါကြမှာပေါ့၊ အလို... ဟိုက ထွန်းမြတ်ပါလား၊ ဘာပြုလို့ ဒီကနေ့ စောစောစီးစီး ပြန်လာပါလိမ့်" ဟုပြော လျှင် ခင်စိန်ကြည်သည် ထိုင်နေရာမှ အားရဝမ်းသာနှင့်ထပြေး၍ ခင်ပွန်း၏ လက်ကိုကိုင်ပြီးလျှင် "ဝမ်းသာလိုက်တာ ကိုထွန်းမြတ်ရယ်၊ ဘာပြုလို့ဒီကနေ့ စောစောပြန်လာသလဲ" ဟုမေးလျှင် "ခင်နဲ့ လျှောက်လည်ရအောင်ပေါ့" ဟု ပြောရာ "မနက်တုန်းကတော့ ဒီလိုမပြောခဲ့ပါလား"

"အို... မနက်တုန်းကတော့ စောစောပြန်နိုင်မယ်၊ မပြန်နိုင်ဘူး အမှန်မပြောနိုင်လို့ မပြောခဲ့ဘူးခင်ရဲ့၊ မောင်မျှား မော်တော်ကားထုတ်လိုက်ပါ။ ကဲ ... ခင် အဝတ်လဲချေပေတော့"

ခင်စိန်ကြည်သည် အဝတ်လဲရန် အိမ်ပေါ်သို့တက်သွားလျှင် မဂျမ်းပုံက "ဒီဟာကြီးနဲ့ မင်းတို့က ဘယ်သွားဦးမလို့လဲ"

"လည်မလို့ပေါ့ အစ်မကြီးရဲ့"

"လည်မလို့"

"ခင် ပျင်းနေမှာစိုးလို့ တစ်ခါတလေလျှောက်လည်မယ်လို့ပေါ့"

"ကောင်းပါပေ့ကွယ်၊ မင်းလုပ်ပုံနဲ့ တော်တော်ကြာ မင့်ဘယ်သူငှားလိမ့်မလဲ ကြည့်ပါ"

"အခုလိုအခါမှာတော့ အမှုသည်တွေ ကျွန်တော် အရေးမလုပ်နိုင်သေးဘူး၊ ခင့်အဖြစ်လည်း အစ်မကြီး အသိသားပဲ"

"သိပါတယ် မောင် သိပါတယ်၊ သိလွန်းအားကြီးလို့ခက်နေသေးတယ်၊ တကယ်ဆိုတော့ သူငယ်ချင်းမောင်မျှားနဲ့ လည်ရောပေါ့တော်၊ မောင်မျှားလည်း လုပ်တတ်သားပဲ"

"မောင်မျှားနဲ့ ကျွန်တော် စိတ်မချနိုင်ဘူး အစ်မကြီးရေ့၊ မတော်တဆတိုက်ခိုက်ရှိမှဖြင့် အထိတ်တလန့်ခံတဲ့အခါမဟုတ်ဘူး"

ဤကဲ့သို့ မောင်နှမနှစ်ယောက် စကားပြောနေကြစဉ် ခင်စိန်ကြည်သည် ရွှင်ပျသောမျက်နှာထားဖြင့် ဝတ်စားဆင်ယင်လျက် အိမ်ပေါ်မှဆင်းလာရာ မောင်ထွန်းမြတ်သည် ၎င်းအား ယုယဖြည်းညင်းစွာ မော်တော်ကားပေါ်သို့တင်ပေးပြီး ထွက်သွားကြလျှင် မဂျမ်းပုံမှာ ၎င်းတို့အား စူအောင့်သောမျက်နှာဖြင့် ငေးလျက်ကြည့်နေရစ်လေ၏။

ဤသို့သောအဖြစ်အပျက်တို့ကို နေ့စဉ်တွေ့ကြုံလျက်ရှိရာ ခင်စိန်ကြည်သည် မဂျမ်းပုံအတွက်ကြောင့် များစွာစိတ်မချမ်းသာရှိလေ၏။ သို့ရာတွင် မဂျမ်းပုံသည် မောင်ထွန်းမြတ်၏ရှေ့၌ကား ခင်စိန်ကြည် စိတ်မချမ်းသာဖြစ်စေရအောင် မပြောမဆိုချေ။ မောင်ထွန်းမြတ်မရှိသောအခါ၌သာလျှင် ဝါသနာအတိုင်း စောင်းချိတ်၍ ပြောဆိုလေ့ရှိလေသည်။ မောင်ထွန်းမြတ်မှာလည်း မဂျမ်းပုံသည် မိမိအား ပြောဆိုရန်ရှိလျှင် မဆင်မခြင်ဘဲ ပြောဆိုတတ်သော်လည်း ခင်စိန်ကြည်ကိုလည်း ဤသို့ပင်ရှိချေလိမ့်မည်ဟု အလျှင်းအယူမရှိချေ။ ခင်စိန်ကြည်၏သဘောမှာလည်း မဂျမ်းပုံ၏သဘောကို ခင်ပွန်းအားအကုန်ပြန်၍ပြောလျှင် မောင်နှမချင်း ရန်တိုက်၍ ပေးသည်နှင့် တူချေတော့မည်ဟု အောက်မေ့၍ မျိုသိပ်လျက်သာလျှင် သည်းခံနိုင်သမျှ သည်းခံရှာ၏။

ဆက်လက်ဖော်ပြပါမည်။

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း သဇင်ခန်းမ၌ အမှတ်(၃၅)ယာဉ်ထိန်းတပ်ဖွဲ့စုမှ ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောခြင်းကို ဩဂုတ်လ ၄ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၃၅) ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်စုမှူး ဒုတိယရဲမှူး လှိုင်ဝင်းအောင်က ကျောင်းသား၊ ကျောင်းသူများ လမ်းဖြတ်ကူးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ခြေကျင်လမ်းလျှောက်သူများ လိုက်နာရမည့်စည်းကမ်းချက်များ၊ လက်အချက်ပြသင်္ကေတများ၊ အုပ်စုလိုက်အစုအဝေးဖြင့်လျှောက်သူများ လိုက်နာရမည့်စည်းကမ်းများ၊ အနေးယာဉ်စီးနင်းသူများ လိုက်နာရမည့်စည်းကမ်းချက်များကို အသိပညာပေးဟောပြောပြီး အမှတ်(၃၅) ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ အမှတ်(၃၅) ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်စုမှူး ဒုတိယရဲမှူး လှိုင်ဝင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

လှိုင်ကော်မြို့၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

လှိုင်ကော် ဩဂုတ် ၄

ကယားပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို ဩဂုတ်လ ၃ ရက်က လှိုင်ကော်မြို့ အဆိုပါရုံးသင်တန်းခန်းမ၌ ကျင်းပရာ ကယားပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရဲဝင်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကယားပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလင်းထွဋ်မိုးက အသက်မွေးဝမ်းကျောင်းကာလတိုသင်တန်း ဖွင့်လှစ်ရခြင်းနှင့်



စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းသုံးပစ္စည်းများပေးအပ်ရာ သင်တန်းနည်းပြတစ်ဦးက လက်ခံရယူသည်။

အဆိုပါသင်တန်းကို ဩဂုတ်လ ၃ ရက်မှ ၇ ရက်အထိ ဆပ်ပြာမျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများပြုလုပ်နည်းတို့ကို သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **ချမ်းမြေ့**

တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လို

စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လိုပါတယ်။ စည်းကမ်းရှိဖို့လည်းလိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုးမတိုးတက်စရာအကြောင်းမရှိပါဘူး။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများဖြေကြားချက်မှ ကောက်နုတ်ချက်)

နိုင်ငံတော်အနေဖြင့် ပြည်သူများလိုလားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် နိုင်ငံတော်သစ်ကိုတည်ဆောက်ရာတွင် ထာဝရငြိမ်းချမ်းရေးရရှိရန်လိုအပ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ဦးတည်လျှောက်လှမ်းကြိုးပမ်းဆောင်ရွက်လျက်ရှိ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းနှင့်အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

★ **ရှေ့ပုံးမှအဆက်**

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ကိုထိုက်တို့တက်ရောက်ကြပြီး "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌနှင့်အတူ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်အိုက်ခမ်းနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ယခုနိုင်ငံတော်အစိုးရသစ်လက်ထက်တွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရန်အတွက်သန္နိဋ္ဌာန်ချမှတ်ပြီး မဖြစ်မနေကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးကို ဖိတ်ခေါ်ဆွေးနွေးဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ထိုသို့ဖိတ်ခေါ်ဆွေးနွေးဆောင်ရွက်ချိန်တွင် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ယခုကဲ့သို့ လာရောက်တွေ့ဆုံခဲ့ခြင်းသည် နိုင်ငံတော်၏အနာဂတ်အတွက် ကောင်းမွန်သည့် လုပ်ဆောင်ချက်ဖြစ်မှုအခြေအနေများ၊ ၁၉၈၉ ခုနှစ်တွင် တပ်မတော်နှင့် "ဝ" အဖွဲ့တို့ ငြိမ်းချမ်းရေးဆွေးနွေးနိုင်ခဲ့မှုအခြေအနေများ၊ နိုင်ငံတော်အနေဖြင့် ပြည်သူများလိုလားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် ထာဝရငြိမ်းချမ်းရေးရရှိရန်လိုအပ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ဦးတည်လျှောက်လှမ်းကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ (UWSA) "ဝ" အဖွဲ့အနေဖြင့် နိုင်ငံတော်ကို မိဘကဲ့သို့သဘောထားမှုနှင့် မိဘဖြစ်သည့် နိုင်ငံတော်၏စောင့်ရှောက်မှုအောက်တွင် မိမိတို့သားသမီးများက မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းလုပ်ဆောင်ရန် ခံယူချက်ထားဆောင်ရွက်နေမှုအခြေအနေများ၊ "ဝ" ဒေသအတွင်း ပညာရေးကဏ္ဍတိုးတက်ရေး ဆရာ၊ ဆရာမများနှင့်အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးခြင်း၊ ကျန်းမာရေးကဏ္ဍတိုးတက်ရေး ဆေးရုံများအဆင့်မြှင့်တင်ခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများဖြည့်ဆည်းဆောင်ရွက်ပေးခြင်းနှင့် လမ်းပန်းဆက်သွယ်မှုကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရေး ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ နိုင်ငံတော်အနေဖြင့် နိုင်ငံတစ်ဝန်း အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများအပြီးတိုင် ချုပ်ငြိမ်းပပျောက်စေရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ (UWSA) "ဝ" အဖွဲ့အနေဖြင့်လည်း ဒေသအတွင်း အွန်လိုင်းလောင်းကစားမှုများ ပပျောက်စေရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဖိဖိစီးစီးကြပ်မတ်နှိမ်နင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအောင်မြင်စေရေးအတွက် ရှေ့ဆက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် "ဝ" ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတက "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ပြီး နိုင်ငံတော်သမ္မတထံ "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌက အမှတ်တရလက်ဆောင်ပစ္စည်းများပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌတို့သည်တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။**မြဝတီ**

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေး

ဇဖ သြဂုတ် ၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ဇဖမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့တွင် ဇဖမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ရွှေခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်လင်းက အဖွင့်အမှာစကားပြောကြားပြီး ဇဖမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးက စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးသင်တန်းကျောင်း တက်ရောက်နိုင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ကျောင်းသားလူငယ်များမူးယစ်ဆေးဝါးသုံးစွဲမှုမဖြစ်ပေါ်စေရေး၊ ခိုက်ရန်ဖြစ်ပွားမှုမရှိစေရေးနှင့် ပညာရည်တိုးတက်မြင့်မားအောင်ကြိုးစားဆောင်ရွက်ကြရေး အမှာစကားပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက ဒေသတွင်းဆန်စပါးဖူလုံရေးနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးသင်တန်းကျောင်းတက်ရောက်နိုင်ရေးတို့ကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးကြကြောင်း သိရသည်။ **မယု(ဇဖ)**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)တို့ ဒုတိယနေ့တွေ့ဆုံဆွေးနွေး



နေပြည်တော် ဩဂုတ် ၄

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း၊ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်အိုက်ခမ်း၊ ၁၇၁ စစ်ဒေသနိုင်ငံရေးမှူး ဦးထင်ဆမ်ရုန်း၊ တပ်မဟာ ၄၈၅ တပ်မဟာမှူး ဦးပေါက်ကျွင်းလုံ၊ တပ်မဟာ ၄၆၈ နိုင်ငံရေးမှူး ဦးကျောက်ရှောက်ဖူ၊ ဒုတိယစစ်ဦးစီးမှူး ဦးလီကော်ဖျင်နှင့် လားရှိုးဆက်ဆံရေးရုံးတာဝန်ခံ ဦးကျောက်ညီရန်းတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆက်လက်၍ ဆွေးနွေးပွဲပထမရက်၌ ဆက်လက်ဆွေးနွေးရန်ကျန်ရှိသည်များအား ဆွေးနွေးပြီးနောက် နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းရရှိမှုများအား မှတ်တမ်းတင်ကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နှစ်ရက်တာ ဆွေးနွေးချက်များမှ ပြည်ထောင်စုမပြိုကွဲရေးနှင့် ခွဲမထွက်ရေး၊ ဒေသတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်နိုင်ရေး၊ နှစ်ဖက်ခေါင်းဆောင်များ သီးသန့်တွေ့ဆုံဆွေးနွေးမှုမှ နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်မှုအခြေအနေများအားရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နှစ်ရက်တာဆွေးနွေးညှိနှိုင်းချက်များအရ ညှိနှိုင်းရရှိချက်များအား မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။ ယင်းနောက် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းက ကျေးဇူးတင်စကားပြောကြားရာတွင် ယနေ့ဆွေးနွေးပွဲသည် ရင်းနှီးပွင့်လင်းစွာဆွေးနွေးပြီး နှစ်ဦးနှစ်ဖက်မှ နိုင်ငံတော်ငြိမ်းချမ်းရေးတည်ဆောက်မှု၊ ဒေသတည်ငြိမ်ရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပြီး ကောင်းမွန်သော ဆွေးနွေးညှိနှိုင်းမှုရလဒ်များရရှိခဲ့ပါကြောင်း၊ နိုင်ငံရေးနည်းလမ်းဖြင့် သဘောထားကွဲလွဲမှုများကို ဖြေရှင်းရန်၊ ငြိမ်းချမ်းသောနည်းလမ်းဖြင့် သဘောတူညီမှုများတည်ဆောက်ရန်နှင့် ငြိမ်းချမ်းရေးလမ်းစဉ်ကို မြဲမြံစွာလျှောက်လှမ်းရန် ထောက်ခံပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားလူမျိုးများနှင့် လူမှုအဖွဲ့အစည်းအားလုံးက အချင်းချင်း သည်းခံမှု၊ အတူယှဉ်တွဲနေထိုင်မှုအယူအဆကို လက်ကိုင်ထားကာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ကူညီဖေးမမှုတို့ဖြင့် နေထိုင်ကြရန် စိတ်ရင်းမှန်ဖြင့် မျှော်လင့်ပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် အတူယှဉ်တွဲနေထိုင်မှုသည် နိုင်ငံတော်၏ ရေရှည်တည်ငြိမ်အေးချမ်းရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ သည်းခံမှု၊ အပြန်အလှန်ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုကို အမြဲတစေလိုက်နာပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ပုံမှန်ဆက်သွယ်မှုထားရှိကာ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းပြီး စည်းလုံးညီညွတ်မှုရှိသော အခင်းအကျင်းကို အတူတကွထိန်းသိမ်းသွားရန် ဆန္ဒရှိပါကြောင်း၊ မြန်မာနိုင်ငံအတွက် ရေရှည်တည်တံ့သောငြိမ်းချမ်းရေး၊ ရေရှည်တည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွ တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ကာ နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နှစ်ရက်တာ ဆွေးနွေးမှုများကို နက်နက်ရှိုင်းရှိုင်းဆွေးနွေးနိုင်ခဲ့ပြီး အောင်မြင်သည့် ဆွေးနွေးပွဲတစ်ရပ်ဖြစ်ကြောင်း၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) သည် မြန်မာ –တရုတ် နယ်နိမိတ်အနီးတွင် တည်ရှိပြီး သံတမန်ဆက်ဆံရေးအတွက်လည်း အရေးကြီးသည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့အဖွဲ့နှစ်ဖွဲ့ အမြဲမပြတ် ထိတွေ့ဆက်ဆံခြင်းသည် မြန်မာ–တရုတ် ဆက်ဆံရေးအတွက် အရေးကြီးသည့် အထောက်အပံ့ဖြစ်ပါကြောင်း၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီနှင့် NSPNC အမြဲထိတွေ့ဆက်ဆံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ “ဝ” တိုင်းရင်းသားများသည်လည်း မြန်မာနိုင်ငံတိုင်းရင်းသားများဖြစ်သည့် အတွက်ဆက်လက်ပြီးကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ NSPNC အနေဖြင့် မည်သည့်တိုင်းရင်းသားမဆို တိုင်းရင်းသားညီအစ်ကိုရင်းချာသဖွယ် သတ်မှတ်ပြီး တန်းတူဆွေးနွေးဆောင်ရွက်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲသည် အလွန်တန်ဖိုးရှိသည့် ခြေလှမ်းတစ်ခုဖြစ်ပြီး အနာဂတ်အတွက် မျှော်လင့်ချက်များစွာရှိသည့် ခြေလှမ်းများကို ရှေ့ဆက်လက်လျှောက်လှမ်းနိုင်ရေး အစပြုခြင်းဖြစ်ပါကြောင်း ပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ ဆွေးနွေးပွဲအား ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။

မြဝတီ

❍ ရှေ့ဖုံးမှအဆက်


အဆိုပါရေငန်ပုစွန်သားဖောက်စခန်း၏ လုပ်ငန်းဆောင်ရွက်မှုကို ဩဂုတ်လ ၁ ရက်တွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့ပြင် ကျောက်ဖြူပညာရေးကောလိပ် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ သိုင်းချောင်းလမ်းဆုံမှ သစ်ပုတ်တောင်ကျေးရွာအထိ လမ်းတံတားများကြံ့ခိုင်ကောင်းမွန်စေရေးဆောင်ရွက်ထားရှိမှု၊ သစ်ပုတ်တောင်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းဆောင်များ တိုးချဲ့တည်ဆောက်နိုင်ရန် ဆောင်ရွက်နေမှု၊ စိုင်ခြုံကျေးရွာရှိ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းနှင့် ငလေပွေ့ရေငန်တားတာများ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း မြို့မအားကစားကွင်း၌ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသော ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အခြေခံပညာအလယ်တန်းအဆင့် ကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ၊ ကျောင်းပေါင်းစုံ အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများကို တက်ရောက်ကြည့်ရှုအားပေးပြီး အားကစားခန်းမပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့အတူ ကျောက်ဖြူခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့် ပြည်သူများကို သွားရောက်တွေ့ ဆုံ အား ပေး စကား ပြော ကြား ပြီး ဆေးရုံ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)



နန့်ယင်းချောင်းရေ မိုးညှင်းမြို့တွင် စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၄

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးညှင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂ ပေခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးညှင်းမြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် ချောင်းရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/၈လ)

ကန့်ဘလူမြို့နယ် လိတ္ထူကျေးရွာမှ အိမ်ခြေ ၉၉ အိမ်အတွက် မြေငှားဂရန်များပေးအပ်

မုံရွာ ဩဂုတ် ၄

စစ်ကိုင်းတိုင်းဒေသကြီးကန့်ဘလူမြို့နယ် လိတ္ထူကျေးရွာမှ အိမ်ခြေ ၉၉ အိမ်အတွက် မြေငှားဂရန်များကို ယမန်နေ့က တိုင်းဒေသကြီးအစိုးရအဖွဲ့ကပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်သူများ၏ မြေယာပိုင်ဆိုင်မှုအခွင့်အရေး ခိုင်မာစွာရရှိစေရေးအတွက် ဦးစားပေး လုပ်ငန်းတစ်ရပ်အဖြစ် မြေငှားဂရန်ထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ပေးခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးက တာဝန်ရှိသူများနှင့်အတူ လိတ္ထူကျေးရွာ ပြည်သူများအတွက် မြေငှားဂရန်များကို သွားရောက်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ကန့်ဘလူမြို့ အမှတ်(၃) ညောင်အိုင်ရပ်ကွက်ရှိတောင်သူဦးနိုင်ဦး၏ စိုက်ခင်းအတွင်းကျင်းပသည့် ပဲစင်းငုံမျိုးစေ့ထုတ်ကွက် သဘာဝပိုးသတ်ဆေးပက်ဖျန်းအသုံးပြုခြင်း ကွင်းသရုပ်ပြသပွဲ၊ ကန့်ဘလူစိုက်ပျိုးခြံရှိရေဆင်း(၁)စပ်မျိုးနေကြာမျိုးစေ့ထုတ်လုပ်ခြင်းစိုက်ခင်း၊ ဖိုးချောကြီးနွားမွေးမြူရေးခြံ၊ အမှတ်(၂)ရပ်ကွက်ရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးခင်မောင်ဝင်း၏ နွားမွေးမြူရေးခြံ၊ လိတ္ထူကျေးရွာမှ ဦးချိုးသိန်း၏ အသားတိုးဝက်မွေးမြူရေးခြံတို့ကိုလည်း ကြည့်ရှုအားပေးခဲ့သည်။

ကြည့်ရှုစဉ် စိုက်ပျိုးရေးရရှိရေး၊ လယ်ယာသုံးစက်မောင်းဆီများရရှိရေး၊ သွင်းအားစုဓာတ်မြေဩဇာများရရှိရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် မျိုးကောင်းမျိုးသန့်များရရှိရေး၊ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေမှချေးငွေများရရှိရေး၊ တိရစ္ဆာန်အစာများရရှိရေးတို့နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ကန့်ဘလူခရိုင်စုပေါင်းရုံးရှိ ရွှေဆည်မြို့ခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကန့်ဘလူမြို့ဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတာဝန်များထမ်းဆောင်နေကြသည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။



တွေ့ဆုံပွဲအပြီးတွင် အမှတ်(၅)ရပ်ကွက်ရှိ စိန်နဒီချည်အမျိုးမျိုးနှင့် ကချင်ထည်စက်ရက်ကန်း၊ လက်ရက်ကန်းစက်ရုံ၌ စက်ရက်ကန်း၊ လက်ရက်ကန်းချည်ထည်အမျိုးမျိုးရက်လုပ်နေမှုနှင့် ရက်လုပ်ပြီးကုန်ချောအထည်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီအနေဖြင့် ဆုံးဖြတ်ချက် ၄၈ ခုကို ချမှတ်နိုင်ခဲ့ပြီး ဆုံးဖြတ်ချက်များအနက် ၄၄ ခုကို ဆောင်ရွက်ပြီးစီးပြီဖြစ်

နေပြည်တော် ဩဂုတ် ၄

မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီအနေဖြင့် ဆုံးဖြတ်ချက် ၄၈ ခုကို ချမှတ်နိုင်ခဲ့ပြီး ဆုံးဖြတ်ချက်များအနက် ၄၄ ခုကို ဆောင်ရွက်ပြီးစီးပြီဖြစ်ကာ မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီအစည်းအဝေး (၁/၂၀၂၆) အစည်းအဝေး ဆုံးဖြတ်ချက်လေးခုကို ဆောင်ရွက်နေဆဲဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနခွဲကျင်းပသည့် မူပိုင်ခွင့်ဆိုင်ရာပညာရှင်ရွေးချယ်ရေးအစည်းအဝေးမှ သိရသည်။

မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီကို မူပိုင်ခွင့်ပညာရှင်လေးဦးအပါအဝင်အဖွဲ့ဝင်စုစုပေါင်း ၁၈ ဦးဖြင့် ဖွဲ့စည်းထားခဲ့ပြီး မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီနည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကာ မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီအတွက် မူပိုင်ခွင့်ဆိုင်ရာပညာရှင်များထပ်မံခန့်အပ်နိုင်ရန် မူပိုင်ခွင့်ဆိုင်ရာပညာရှင်ရွေးချယ်ရေးအစည်းအဝေးကို ကျင်းပခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် မူပိုင်ခွင့်ဆိုင်ရာပညာရှင်လေးဦးကို ခန့်အပ်နိုင်ရန် အသင်းအဖွဲ့များနှင့် ဝန်ကြီးဌာနများမှ ဆောင်ရွက်ရန်စိတ်ဝင်စားသူများကို ဖိတ်ခေါ်ခဲ့ကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီအား လိုအပ်သည်များကို ပြင်ဆင်ဖွဲ့စည်းနိုင်ရန် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီသို့တင်ပြခဲ့ရာ ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်ပါသဖြင့် မူပိုင်ခွင့်ဆိုင်ရာပညာရှင်လေးဦးကို စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပြန်လည်စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ပြီးပါက မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီတွင် ထည့်သွင်းဖွဲ့စည်းနိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းကပြောကြားသည်။

အစည်းအဝေးတွင် အေဂျင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အေဂျင်စီ၏ လုပ်ငန်းတာဝန်များကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် သင့်လျော်သည့် ပညာရှင်များကို ရွေးချယ်နိုင်ရန် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည့်အပြင် မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီပြင်ဆင်ဖွဲ့စည်းပြီးပါက နိုင်ငံဝန်ထမ်းမဟုတ်သော မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေနှင့် စရိတ်သတ်မှတ်နိုင်ရေးကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ



ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ သက်သာသော ဈေးနှုန်းဖြင့်ရောင်းချပေး

မော်လမြိုင် ဩဂုတ် ၄

မော်လမြိုင်တက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်(မော်လမြိုင်)တို့ရှိ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူ ထုတ်လုပ်ဖြန့်ဖြူးသူများနှင့် ဆန်စက်၊ ဆီစက်လုပ်ငန်းရှင်များ၊ ကုန်သည်များက ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ သက်သာသော ဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းတွင် လာရောက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးနေမှုနှင့် မော်လမြိုင်တက္ကသိုလ်၌ Recreation Centre တည်ဆောက်ရေးလုပ်ငန်းခွင်ကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုကြသည်။



ထို့ပြင် မော်လမြိုင်မြို့ သူနာပြုသိပ္ပံကျောင်းခန်းမဆောင်၌ ကျင်းပသည့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုသိပ္ပံ(မော်လမြိုင်)၏ အပတ်စဉ်(၅၁) အမျိုးသားကုတ်အင်္ကျီနှင့် သူနာပြုဦးဆောင်းအပ်နှင်းပွဲသို့ တက်ရောက်ခဲ့ပြီး ပြည်နယ်ဝန်ကြီးများနှင့်အတူ ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့်ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ “လူငယ်နှင့်ဖြောင့်မတ်တည်ကြည်မှု” လူငယ်စကားဝိုင်းကျင်းပ



နေပြည်တော် ဩဂုတ် ၄

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အ-ထ-က (၄)နှင့်တောင်ကြီးမြို့ အ-ထ-က (၂) ကျောင်းတို့၌ ယနေ့တွင် ကျောင်းသားလူငယ်များ ဦးဆောင်သည့် စကားဝိုင်းကိုကျင်းပပြီး ကျင့်ဝတ်နှင့်ညီသည့် ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်လာရန် အတွက် ငယ်စဉ်ကတည်းက ဖြောင့်မတ်တည်ကြည်မှုကိုအခြေပြုရန်လိုအပ်မှုများနှင့်စပ်လျဉ်း၍ ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးကြကာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများ၏ မေးခွန်းများကိုပြန်လည်ဖြေကြားကြသည်။

အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးရုံးကော်မရှင်ရုံးခွဲ(ရန်ကုန်)နှင့် (တောင်ကြီး)မှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့နှင့် တောင်ကြီးမြို့တို့ရှိကျောင်းများမှ ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုကို လက်သင့်မခံသည့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်းကို တည်ဆောက်နိုင်ရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များ၏ အခန်းကဏ္ဍကိုမြှင့်တင်ရန် ရည်ရွယ်၍ “လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု” လူငယ်စကားဝိုင်းများကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

အာဟာရဓာတ်ကြွယ်ဝသည့် ထောပတ်ပဲအကြောင်း သိကောင်းစရာ

ထောပတ်ပဲသည် ပြည်တွင်းခ္ဒသာမက ကမ္ဘာတစ်ဝန်းတွင်ပါ လူကြိုက်များပြီး အာဟာရဓာတ်ကြွယ်ဝသည့် ပဲအမျိုးအစားဖြစ်ပြီး နူးညံ့အိစက်၍ ထောပတ်ကဲ့သို့ ဆိမ့်မွေးသည့် အရသာရှိသောကြောင့် ထောပတ်ပဲဟုခေါ်ဆိုကြခြင်းဖြစ်သည်။

ထောပတ်ပဲကို တချို့ဒေသများ၌ မြေထောက်ပဲ သို့မဟုတ် ပဲထောပတ်ဟု ခေါ်ကြသည်။ ထောပတ်ပဲ၏မျိုးရင်းမှာ Fabaceae ပဲမျိုးရင်းဖြစ်ပြီး သိပ္ပံအမည်မှာ Phaseolus lunatus ဖြစ်သည်။ ထောပတ်ပဲ၏ မူရင်းဒေသသည် တောင်အမေရိကတိုက်ရှိ ပီရူးနိုင်ငံဖြစ်ပြီး Butter Bean သို့မဟုတ် Lima Bean ဟုခေါ်သည်။

ထောပတ်ပဲအမျိုးအစား

ထောပတ်ပဲတွင် ပင်ထောင်ပဲနှင့် ပင်ပြန့်ပဲဟူ၍ နှစ်မျိုးရှိပြီး ပင်ထောင်ပဲအစ္စေကကြီးပြီး ပင်ပြန့်ပဲအစ္စေက သေးသည်။ မြန်မာနိုင်ငံ၌ အများဆုံးစိုက်ပျိုးသောမျိုးမှာ ပင်ပြန့်ပဲမျိုးဖြစ်သည်။

ထောပတ်ပဲစိုက်ပျိုးမှုပုံစံ

ထောပတ်ပဲတွင် အပင်ပုမျိုးနှင့်အနွယ်တက်မျိုးဟူ၍နှစ်မျိုးရှိပြီး အပင်ပုမျိုးကို သီးသန့်ဖြစ်စေ၊ တခြားသီးနှံနှင့်သီးညှပ်ဖြစ်စေစိုက်ပျိုးကြပြီး အနွယ်တက်မျိုးကို စင်ထိုးပေးခြင်း သို့မဟုတ် တိုင်ထောင်ပေးခြင်းစနစ်ဖြင့် စိုက်ပျိုးကြသည်။ ထောပတ်ပဲကို ဆောင်းသီးနှံအဖြစ် အဓိကထားစိုက်ပျိုးကြသည်။

ထောပတ်ပဲစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ

မြန်မာနိုင်ငံ၌ ထောပတ်ပဲကို ရေရရှိမှုကောင်းပြီး မြစ်ရေဝင်၊ မြစ်ခြေကျွန်းဒေသများဖြစ်သည့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး (ကျောက်ဆည်၊ မြစ်သား)၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ အဓိကစိုက်ပျိုးကြသည်။ အထူးသဖြင့် မကွေးတိုင်းဒေသကြီးမှ ထွက်သည့် ထောပတ်ပဲသည် အရည်အသွေးအကောင်းဆုံးအဖြစ် သတ်မှတ်ခြင်းခံရသည်။ ထောပတ်ပဲကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၌ အများဆုံးစိုက်ပျိုးကြသည်။ မန္တလေးတိုင်းဒေသကြီးကျောက်ဆည်ခရိုင်အတွင်း ပဲမျိုးစုံအား ရာသီအလိုက်စိုက်ပျိုးလျက်ရှိရာ မြစ်သားမြို့နယ်၌ ထောပတ်ပဲ ဧက ၁၆၀ စိုက်ပျိုးထားရှိပြီး ကျီတိုင်၊ သရက်ပင်နှင့်ကံဆွယ်ကျေးရွာများ၌ အများဆုံးစိုက်ပျိုးကြသည်။ ထောပတ်ပဲသည် ပြည်တွင်းစားသုံးရုံသာမက ပြည်ပသို့လည်း တင်ပို့နေရသော ပဲမျိုးဖြစ်သည်။

မြန်မာတို့၏ထောပတ်ပဲစားသုံးမှုပုံစံ

ထောပတ်ပဲကို ပုံစံမျိုးစုံဖြင့်ချက်ပြုတ်စားသောက်ကြသည်။ ကြက်သား၊ ဝက်သား သို့မဟုတ် ပုစွန်ခြောက်တို့နှင့် ဆီပြန်ချက်စားလေ့ရှိသကဲ့သို့ သက်သတ်လွတ်ထောပတ်ပဲဟင်းအဖြစ် ချက်စားကြသည်။ နံနက်ခင်းတွင် ထောပတ်ပဲပြုတ်ကို နံပြား၊ ဆီထမင်း သို့မဟုတ် ထမင်းကြော်တို့နှင့် တွဲဖက်စားသုံးကြသည်။ ထောပတ်ပဲကို အချိုချက်ပြီး မုန့်အနှစ်အဖြစ် အသုံးပြု၍ (ဥပမာ - ပဲကိတ်) မုန့်ပဲသရေစာအဖြစ် စားသုံးကြသည်။

ထောပတ်ပဲတွင်ပါဝင်သော အာဟာရတန်ဖိုးများ

ထောပတ်ပဲတွင် ခန္ဓာကိုယ်အတွက်မရှိမဖြစ်လိုအပ်သည့် အမျှင်ဓာတ်၊ အာဟာရဓာတ်များ၊ သံဓာတ်၊ ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်နှင့် ဗီတာမင်- B6 တို့ကြွယ်ဝစွာပါဝင်ပါသည်။ ထောပတ်ပဲတွင် ပရိတင်းဓာတ်ကြွယ်ဝသောကြောင့် သက်သတ်လွတ်စားသူများအတွက် အလွန်ကောင်းမွန်သည်။ ထို့ပြင် အမျှင်ဓာတ်မြင့်မားစွာပါဝင်သောကြောင့် အစာခြေစနစ်ကို ကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်းမှ ကာကွယ်ပေးသည်။

ထောပတ်ပဲ၏ကောင်းကျိုးဆိုးကျိုးများ

ထောပတ်ပဲသည် ခန္ဓာကိုယ်အတွက် အလွန်အကျိုးပြုသည့် အစားအစာတစ်ခုဖြစ်သော်လည်း တန်ဆေးလွန်ဘေးဆိုသကဲ့သို့ အလွန်အကျွံစားသုံးမိလျှင် ဖြစ်လာနိုင်သည့် ဆိုးကျိုးတချို့လည်းရှိသောကြောင့် ကျန်းမာရေးအတွက်ကောင်းကျိုးနှင့်ဆိုးကျိုးများကို ဖော်ပြသွားမည်ဖြစ်သည်။

ကိုယ်ခံအားကောင်းစေသောထောပတ်ပဲ

ထောပတ်ပဲတွင် အပင်မှရရှိသော ပရိတင်းဓာတ် ကြွယ်ဝစွာပါဝင်သောကြောင့် ကြွက်သားတည်ဆောက်မှု၊ တစ်သျှူးများပြုပြင်မှုနှင့် ခုခံအားစနစ်အတွက် မရှိမဖြစ်လိုအပ်သည့် ပရိတင်းဓာတ်ကို ကောင်းစွာဖြည့်ဆည်းပေးသည်။

နှလုံးကျန်းမာရေးကို မြှင့်တင်ပေးသောထောပတ်ပဲ

ထောပတ်ပဲတွင်ပါဝင်သော ဒြပ်စင်တစ်ခုဖြစ်သည့် ပျော်ဝင်လွယ်သောအမျှင်ဓာတ်သည် သွေးတွင်းမှမကောင်းသည့် ကိုလက်စထရောကို လျှော့ချပေးပြီး ပိုတက်ဆီယမ်နှင့် မဂ္ဂနီဆီယမ်တို့က သွေးဖိအားကိုထိန်းညှိပေးသဖြင့် နှလုံးရောဂါဖြစ်နိုင်ခြေကိုလျှော့ချပေးပြီး နှလုံးကျန်းမာရေးကို ကောင်းမွန်စေသည်။

သွေးချိုထိန်းညှိပေးသောထောပတ်ပဲ

ထောပတ်ပဲတွင် Glycemic Index နည်းပါးသည့် အစားအစာဖြစ်သောကြောင့် သွေးတွင်းသကြားဓာတ် ရုတ်တရက်မြင့်တက်မသွားစေရန် ထိန်းချုပ်ပေးနိုင်သည်။

ဆီးချိုရောဂါထိန်းချုပ်နိုင်သော ထောပတ်ပဲ

ထောပတ်ပဲတွင်ပါဝင်သည့် ကာဗိုဟိုက်ဒရိတ်သည် ခန္ဓာကိုယ်ထဲတွင် ဖြည်းဖြည်းချင်း သကြားဓာတ်ပြောင်းလဲသောကြောင့် သွေးတွင်းသကြားဓာတ်ကို ရုတ်တရက်တက်မသွားအောင် ထိန်းညှိပေးပြီး ဆီးချိုသမားများအတွက် အထူးသင့်လျော်သည်။

အစာခြေစနစ်နှင့် ဝမ်းမှန်စေသော ထောပတ်ပဲ

ထောပတ်ပဲတွင် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် အူလမ်းကြောင်းကိုကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးသည်။

သွေးအားကောင်းစေသော ထောပတ်ပဲ

ထောပတ်ပဲတွင် သံဓာတ်ပါဝင်မှုမြင့်မားသောကြောင့် အမျိုးသမီးများနှင့် သွေးအားနည်းရောဂါ ခံစားနေရသူများအတွက် သွေးနီဥဆဲလ်ထုတ်လုပ်မှုကို အထောက်အကူပြုစေသည်။

ကိုယ်အလေးချိန်ထိန်းညှိပေးသော ထောပတ်ပဲ

ထောပတ်ပဲတွင်ပါဝင်သောအမျှင်ဓာတ်နှင့် ပရိတင်းကြောင့် စားပြီးလျှင် ရင်ပြည့်လွယ်စေပြီး မကြာခဏဆာလောင်မှုကို သက်သာစေသည်။



သတိပြုရန်လိုသောထောပတ်ပဲ

ထောပတ်ပဲစိမ်း (အစိမ်းလိုက်)တွင် သဘာဝအလျောက် အဆိပ်အတောက်ဖြစ်စေသည့် ဒြပ်ပေါင်းအနည်းငယ်ပါဝင်သောကြောင့် သေချာချက်ပြုတ်ပြီးမှသာ စားသုံးသင့်သည်။ ချက်ပြုတ်လိုက်ပါက အဆိုပါအဆိပ်အတောက်များအားလုံး ပျက်ပြယ်သွားသောကြောင့် စိတ်ချစွာစားသုံးနိုင်မည်ဖြစ်သည်။

ကျန်းမာရေးဆိုးကျိုးများနှင့် သတိပြုရန်အချက်များ

ထောပတ်ပဲအစိမ်းတွင် Linamarin ဟုခေါ်သည့် ဒြပ်ပေါင်းတစ်မျိုးပါဝင်ပြီး ခန္ဓာကိုယ်ထဲရောက်ရှိပါက ဟိုက်ဒရိုဂျင်ဆိုင်ယာနိုက်ဟုခေါ်သည့် အဆိပ်ငွေ့အဖြစ် ပြောင်းလဲနိုင်သည်။ ထိုသို့မဖြစ်စေရန် ပဲကိုမချက်ပြုတ်ခင် ရေစိမ်ထားခြင်း၊ ပွက်ပွက်ဆူအောင်ပြုတ်ခြင်းနှင့် အဖုံးဖွင့်ချက်ခြင်းတို့ကို ပြုလုပ်ပေးပါက အဆိုပါဓာတ်များအားလုံးပျက်ပြယ်သွားပြီး ဘေးဥပဒ်လုံးဝမရှိနိုင်တော့ပေ။ စည်သွတ်ဘူးထောပတ်ပဲများကို အဆင်သင့်စားသုံးနိုင်သည်။

လေပွ ဗိုက်ကယ်စေသော ထောပတ်ပဲ

ထောပတ်ပဲတွင် အမျှင်ဓာတ်နှင့် ကာဗိုဟိုက်ဒရိတ်တစ်မျိုးဖြစ်သည့် Oligo-saccharides ကြွယ်ဝသောကြောင့် ပဲကိုတစ်ခါတည်းနှင့် အများကြီးစားမိပါက အူလမ်းကြောင်းတွင် ဓာတ်ငွေ့များဖြစ်ပေါ်ပြီး လေပွခြင်း၊ ဗိုက်ကယ်ခြင်းတို့ခံစားရနိုင်သည်။

ယူရစ်အက်စစ် တက်စေသောထောပတ်ပဲ

ထောပတ်ပဲတွင် ပျူရင်ဓာတ်ပါဝင်မှုမြင့်မားသောကြောင့် ဂေါက်ရောဂါရှိသူများနှင့် ကျောက်ကပ်ရောဂါအခံရှိသူများအနေဖြင့် အလွန်အကျွံစားသုံးပါက ရောဂါအခြေအနေကို ပို၍ဆိုးရွားစေနိုင်သည်။

အာဟာရစုပ်ယူမှုကို နှောင့်နှေးစေသော ထောပတ်ပဲ

ထောပတ်ပဲတွင် ပဲမျိုးစုံတွင်ပါလေ့ရှိသည့် Phytic acid ပါဝင်မှုကြောင့် ခန္ဓာကိုယ်မှ သွပ်ဓာတ်၊ သံဓာတ်နှင့် ကယ်လ်စီယမ်ဓာတ်စုပ်ယူမှုကို အနည်းငယ်နှောင့်နှေးစေနိုင်သည်။ ထို့ကြောင့် ပဲကိုမချက်မီ ရေစိမ်ပြီးဖြစ်စေ၊ သေချာဆေးကြောပြီးမှဖြစ်စေချက်လျှင် အဆိုပါဓာတ်များလျော့နည်းသွားမည်ဖြစ်သည်။

ထောပတ်ပဲသည် ပြည်ပဝင်ငွေရရှိစေသော အရေးပါသည့် ပဲတစ်မျိုးဖြစ်ပြီး စနစ်တကျသေချာကျက်အောင် ချက်ပြုတ်ပြီး အသင့်အတင့်စားသုံးမည်ဆိုပါက ဆိုးကျိုးမရှိဘဲ ခန္ဓာကိုယ်အတွက် အလွန်အကျိုးပြုသည့် ကျန်းမာရေးအကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဒေါက်တာလပြည့်ခင်

ခရမ်းမြို့နယ်ရှိ ဒေသန္တရဆေးပေးခန်းများ၌ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေး



ရန်ကုန် ဩဂုတ် ၄

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာဒေသန္တရဆေးပေးခန်းများ၌ မွေးကင်းစမှအသက်တစ်နှစ်ခွဲအရွယ်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ဩဂုတ်လ ၄ ရက်တွင် ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးရာတွင် မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၃ ရွာမှ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအရွယ် ကလေးငယ်များအား ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး) ထိုးနှံပေးခြင်း၊ ပိုလီယိုအစက်ချဆေး တိုက်ကျွေးခြင်းတို့အပြင် ပေါင်ချိန်ပေးခြင်းနှင့် တခြားကျန်းမာရေးစစ်ဆေးကုသပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ယခုကဲ့သို့ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်းအပြင် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သက်ကြီးရွယ်အိုများအား ဆီးချို၊ သွေးတိုးရောဂါနှင့် တခြားကျန်းမာရေးစစ်ဆေးကုသပေးခြင်း စသည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သတ်မှတ်ရက်များအလိုက် မြို့နယ်ပြည်သူ့ဆေးရုံ၊ ဒေသန္တရဆေးပေးခန်းနှင့် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာကျန်းမာရေးဆေးပေးခန်းတို့၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခင်နှင်းဝေ(ပြန်/ဆက်)

စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ



ကြံခင်း ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့(ခွဲ)နှင့် မြောင်ကြီးအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့ပူးပေါင်း၍ စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၄ ရက်နံနက်ပိုင်းတွင် မြောင်ကြီးအခြေခံပညာအထက်တန်းကျောင်း(ခွဲ) စုဝေးခန်းမ၌ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိဒေါ်ခင်မိုးမြင့်က ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံ၍ အသိပညာဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်ချက်ဖြင့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲများကို ကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ကြံခင်းမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့(ခွဲ)မှ မြို့နယ်တပ်ဖွဲ့မှူး ဒေါ်မိုးမင်းစန်းက ရှေးဦးသူနာပြုစုနည်း၊ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များ၊ မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဧရာဝတီတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ လူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို အသိပညာပေးဟောပြောကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသောသုတ၊ ရသ စာအုပ်စာစောင်ပြပွဲနှင့် မူးယစ်ဆေးဝါးအန္တရာယ် လူရန်စွယ်၊ စွန့်ပစ်အမှိုက်အမျိုးအစားများ၊ မီးခိုးမြူငွေ့အန္တရာယ်အကြောင်း အသိပညာပေးနံရံကပ်စာစောင်များကို ပြသပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

စလင်းမြို့နယ်၌ မိုးစပါး ၇၃၁၆ ဧက စိုက်ပျိုးပြီးစီး



စလင်း ဩဂုတ် ၄

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း၌ ၂၀၂၆ခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် စပါးမျိုးကောင်း၊ မျိုးသန့်များထွက်ရှိစေရန်နှင့် စားရေရိက္ခာ၊ ဆန်စပါးဖူလုံစေရန် ရည်ရွယ်၍ မိုးစပါး ၄၇၈၄၃ ဧကစိုက်ပျိုးရန်လျာထားရာ ဩဂုတ်လ ၄ ရက်အထိ မိုးစပါး ၇၃၁၆ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

စလင်းမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် အထွက်နှုန်းပိုမိုတိုးတက်ရရှိရေး၊ အထွက်နှုန်းကောင်းစပါးမျိုးများကို ပျိုးထောင်စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာ(Drum Seeder)ဖြင့် စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးလျာထား၀ကပြည့်မီအောင် စိုက်ပျိုးလျက်ရှိသည်။

စလင်းမြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ မျိုးကောင်းမျိုးသန့်နှင့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိနိုင်ရေးအတွက် စိုက်ပျိုးရေးနည်းစနစ်များပေး၍ သင်တန်းများဖွင့်လှစ်ခြင်း၊ ကွင်းသရုပ်ပြသခြင်း၊ သဘာဝဓာတ်မြေဩဇာနှင့် ဓာတ်မြေဩဇာရောစပ်၍ ကြဲပက်ခြင်း၊ သွင်းအားစုများ ပံ့ပိုးပေးခြင်းဖြင့် စပါးအထွက်နှုန်းတိုးတက်စေရန်၊ ဒေသခံတောင်သူများအား နည်းပညာများဖြန့်ဝေပေးခြင်း ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးသီးနှံများကိုတစ်ကေပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါတိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းသိရသည်။

မောင်လွင်(စလင်း)

ကျောက်ဆည်မြို့နယ်၌ မိုးချည်မျှင်ရှည်ဝါ ၁၀၂၇ ဧက စိုက်ပျိုး

ကျောက်ဆည် ဩဂုတ် ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ်တွင် မိုးချည်မျှင်ရှည်ဝါ ၁၀၂၇ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်၌ တိုက်နယ် ၁၂ ခုရှိပြီး မိုးချည်မျှင်ရှည်ဝါများကို တိုက်နယ် ၆ အတွင်းရှိ ကျေးရွာအုပ်စုများ၌ ၃၂ ဧက၊ တိုက်နယ် ၇ အတွင်းရှိ ကျေးရွာအုပ်စုများ၌ ၂၂ ဧက၊ တိုက်နယ် ၁၂ အတွင်းရှိ ကျေးရွာအုပ်စုများ၌ ၉၇၃ ဧက စိုက်ပျိုးထားကြောင်းသိရသည်။

ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝါစိုက်တောင်သူများ ဝါအထွက်နှုန်းကောင်းမွန်ရေး သွင်းအားစုနှင့် ကုန်ကျစရိတ်လျော့နည်းပြီး အရည်အသွေးမြင့်မား၍ အထွက်နှုန်းတိုးတက်ကောင်းမွန်သည့် ရေမြေဒေသနှင့် ကိုက်ညီသောမျိုးကောင်းမျိုးသန့် ချည်မျှင်ရှည်ဝါမျိုးများဖြစ်သည့် ရွှေတောင်(၁၀)၊ ရွှေတောင်(၈)နှင့် ငွေချည်(၆) ချည်မျှင်ရှည်ဝါများကို ရွေးချယ်စိုက်ပျိုးရေး ကူညီပေးလျက်ရှိကြောင်း သိရသည်။

အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်နိုင်သည့် ဝါမျိုးကောင်းမျိုးသန့်များကို စိုက်နည်းစနစ်မှန်ကန်စွာဆောင်ရွက်ပြီး ဝါအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်ရန်လိုသည်။ တစ်ဖက်တွင် ဝါကြိတ်စက်ရုံများ၊ ချည်မျှင်နှင့် အထည်စက်ရုံများကို အဆင့်မြှင့်တင်ပြီး ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။

သက်မောင်(ကျောက်ဆည်)

မြဝတီရုပ်မြင်သံကြားအစီအစဉ် ၅-၈-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၆:၄၅ ဓမ္မပူဇောတေး
၃။ ၀၇:၀၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၄။ ၈:၄၅ မှတ်သားလိုက်နာပုံပမာ
၅။ ၀၉:၂၅ မြန်မာသံစဉ်ချိုနားဝင်
၆။ ၁၀:၅၀ သာယာသီကြွေး ခေတ်ဆန်းတေး
၇။ ၁၃:၁၅ တစ်ပတ်အတွင်း ထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်
၈။ ၁၇:၄၅ သီချင်းလက်ဆောင်
၉။ ၁၈:၄၀ ဝေမျှဆွေးနွေး လူငယ့်အရေး
၁၀။ ၁၈:၅၀ Beauty and Healthy Tips
၁၁။ ၁၉:၀၀ **နိုင်ငံခြားဓာတ်လမ်းတွဲ နတ်စုံထောက်-ဒီရင်ကျယ် အပိုင်း(၁၅)**

ကမ္ဘာကျော်နှလုံးသား

- **နိုင်ငံအတွက်ဆို စဉ်မနှေး အသက်ပေးလို့ တာဝန်ကျေ။ မျိုးချစ်တဲ့ စစ်သည်အပေါင်း အောင်ကြောင်းဖြာဝေ။ ကိုယ်ချစ်တဲ့ အမိမြေ ရှင်သန်စေ အားမာန်ဝင့်။ ကြည်းရေလေ တပ်မတော်သား လေးစားဂုဏ်တင့်။**
- **ပြည်ထောင်စုဖွား သွေးရင်းများ ပေါင်းစုထား တပ်မတော်။ ပြည်သူ့တွက်ဆို မြွေရှင်ပြုံး စည်းလုံးလို့ကျော်။ ဘယ်သူခွဲခွဲ မကွဲနော် တပ်နေပျော် နိုင်ငံအား။ ပြည်သူပေါ် ရေလိုလ အေးမြစေသား။**
- **ကိုယ်ကျိုးကို မငဲ့ကွက် စဉ်ထမ်းရွက် ပြည်ဂုဏ်အင်။ ဒို့တာဝန် အရေးသုံးပါး ဦးထားလျက်ပင်။ နေမနွမ်းတဲ့ ပန်းတော်ဝင် ဖြူဖြူစင် ရနံ့မွှေး။ မြေခလည်း ဂုဏ်မပျောက် ထွန်းတောက်လို့လေး။**
- **ပြည်သူတွေ ရှေ့ခရီး ရှုမငြိုးတဲ့ ပန်းတိုင်ဆီ။ ကိုယ်ကျိုးစွန့်ထမ်းသယ်ပိုး ဖွံ့ဖြိုးဖို့ရည်။ များအကျိုးတွက် အားမာန်ချီ ဘာမထီ ပြည်ချစ်သား။ ကမ္ဘာမှာ မြန်မာများရဲ့ ထင်ရှားအင်အား။**
- **ရန်သူဆို တွေးမကြောက် ရဲရဲတောက် စစ်သည်တော်။ ကျင့် (၆၀) ခါးဝတ်မြဲ တပ်ထဲမှာပျော်။ ပြည်သူချစ်တဲ့ ဓာနည်မော် ကမ္ဘာကျော် နှလုံးသား။ ပြည်ရန်စွယ် ဖယ်ကာရှင်းတဲ့ နှိုင်းမဲ့ယောကျ်ားး။ ။**

မနောဖြူ

မိုးစပါးလျာထားဧကပြည့်မီကျော်လွန်ရေးနှင့် အထွက်နှုန်းတိုးတက်ရရှိရေး ကွင်းသရုပ်ပြခြင်းနှင့်အသိပညာပေး

ဘားအံ ဩဂုတ် ၄

ကရင်ပြည်နယ်အတွင်း ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် လျာထားဧကပြည့်မီကျော်လွန်ရေးနှင့် တစ်ဧကပန်းတိုင် အထွက်နှုန်းတိုးတက်ရရှိရေး ကြိုးပမ်းဆောင်ရွက်မှုအနေဖြင့် ယမန်နေ့က ဘားအံမြို့ အမှတ်(၈)ရပ်ကွက် ကွင်းအမှတ် (၁၁၈၄) ရှိ မိုးစပါးအထွက်နှုန်းတိုးတက်ရေး နည်းပညာပေး စံပြကွက် ၁၀ ဧကၭ ကွင်းသရုပ်ပြပွဲနှင့် တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။

ရှေးဦးစွာ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) စိုက်ခင်းကို ထွန်စက်ကြီးများဖြင့် မြေမြှုပ်ထည့်သွင်းထွန်ယက်ခြင်း ကွင်းသရုပ်ပြပွဲကိုဆောင်ရွက်ရာ ကရင်ပြည်နယ်ခေတ္တဝန်ကြီးချုပ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးဝင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးအောင်လွင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာန(ခွဲ)မှ တာဝန်ရှိသူများက သီးနှံအထွက်နှုန်းမထိခိုက်စေရန် ဓာတ်မြေဩဇာ လျှော့ချသုံးစွဲနိုင်သော နည်းလမ်းများ၊ ဘိုင်အိုချာ(စပါးခွံဖွဲပြာ) ပြုလုပ်သုံးစွဲနည်း၊ စူပါဘိုကာရီမြေဆွေး ပြုလုပ်သုံးစွဲနည်းများကို တောင်သူအသိပညာပေး လက်တွေ့ပြုလုပ်ပြသသည်။ ယင်းနောက် ပြည်နယ်ခေတ္တဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စံပြကွက် ၁၀ ဧကၭ ကောက်စိုက်သမများဖြင့် မိုးစပါးစိုက်ပျိုးမှု၊ စိုက်ပျိုးပြီး မိုးစပါးစိုက်ခင်းများတွင် သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာများ အချိုးကျရောစပ်ကြဲပက်မှုများကို တရုတ်လှ၊ ကော့ကျိုက်၊ ရဲသာ၊ တော်ပုံ၊ ထောင်ဝိ၊ ဝင်းကျန်၊ လှိုင်ကမ္ဘာနှင့် ကော့ထမလိန်းကျေးရွာတို့မှ တောင်သူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။

ကရင်ပြည်နယ်အတွင်း မိုးစပါးကို မေလမှအောက်တိုဘာလကုန်အထိ စိုက်ပျိုးကြပြီး ယခုနှစ် ဇူလိုင်လကုန်ပိုင်းအထိ မိုးစပါး ၁၈၁၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။ ဆက်လက်၍ လျာထားဧကပြည့်မီကျော်လွန်ရေးနှင့် တစ်ဧကအထွက်နှုန်းတိုးတက်ရရှိရေးအတွက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိုးစပါးမစိုက်ပျိုးမီ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ခြင်းများ၊ တောင်သူပညာပေး ဆွေးနွေးဟောပြောပွဲများ၊ သဘာဝမြေဩဇာ၊ ထုံး၊ သစ်စိမ်းမြေဩဇာ



(ပိုက်ဆံလျှော်) ကြဲပက်မြေမြှုပ်ထည့်သွင်းခြင်းများ၊ ကွင်းသရုပ်ပြပွဲများ၊ မိုးစပါးအထွက်နှုန်းတိုးတက်ရေးအတွက် မိုးစပါးအထူးဇုန်များ၊ စံပြကွက်များနှင့် မျိုးစေ့ထုတ်စိုက်ခင်းများ၌ စိုက်နည်းစနစ်မှန်ကန်အောင် ကွင်းဆင်းအသိပညာပေးခြင်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

ပန်ဆန်းမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးမှုများ ကွင်းဆင်းဆောင်ရွက်

ပန်ဆန်း ဩဂုတ် ၄

ကျန်းမာရေးဝန်ကြီးဌာန၏လမ်းညွှန်မှုအရ ရှမ်းပြည်နယ်(မြောက်ပိုင်း) "ဝ" အထူးဒေသ-၂ ပန်ဆန်းမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနကြီးကြပ်မှုအောက်ရှိ ဝိန်းကောင်မြို့၌ ပန်ဆန်းမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ "ဝ" ကျန်းမာရေးဌာနနှင့်မိတ်ဖက်အဖွဲ့အစည်းများပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးစစ်ဆေးမှုများ ကွင်းဆင်းဆောင်ရွက်သည်။

ပန်ဆန်းမြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသခံပြည်သူ ၃၆၇ ဦးအား ကွင်းဆင်းဆေးကုသပေးခဲ့ပြီး ၅၂ ဦးအား HIV နှင့် ကာလသားရောဂါ၊ အသည်းရောင်အသားဝါဘီ/ စီရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါရှိ/မရှိသွေးစစ်ဆေးပေးခြင်း၊ ၁၀၀ ဦးအား တီဘီရောဂါ ရှိ/မရှိ ဓာတ်မှန်ရိုက်စစ်ဆေးပေးခြင်းနှင့် သလိပ်စစ်ဆေး၍ လိုအပ်သောကုသမှုများပေးခြင်း၊ ကလေး ၁၂၈ ဦးအား ဗီတာမင်အေ၊ သန်ချဆေးတိုက်ကျွေးပေးခြင်းနှင့်ကာကွယ်ဆေးများထိုးနှံပေးခြင်းများဆောင်ရွက်ကြသည်။

ယင်းနောက် ဒေသခံပြည်သူများအား ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ဆေးစိမ်ခြင်ထောင်များဖြန့်ဝေပေးခြင်းလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

မုံရွာမြို့၌ စက်သုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး



မုံရွာ ဩဂုတ် ၄

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စက်သုံးဆီဝယ်ယူသူများကို စံချိန်စံညွှန်း၊ အရည်အသွေးနှင့် အခြေအတွယ်ပြည့်မီမှန်ကန်စွာသတ်မှတ်ရည်ညွှန်းစွေးနှုန်းများအတိုင်း ဝယ်ယူရရှိစေရေး အခါအားလျော်စွာကြီးကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် မုံရွာမြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်ငါးဆိုင်ကို ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့က ရောင်တခင် ကွင်းဆင်းစစ်ဆေးကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီအဖွဲ့ဝင်နှင့် ဌာနဆိုင်ရာများပါဝင်သောအဖွဲ့က မုံရွာမြို့ပေါ်ရှိ QR Code၊ Bar Code စနစ်ဖြင့်ရောင်းချနေသော Power 9၊ ပြည်မြန်မာစိုး၊ စိုး(၄)၊ စွမ်းရည်ထက်နှင့် သန်းကုဋေအောင်(၅) စက်သုံးဆီဆိုင်များကို အခြေအတွယ်မှန်ကန်မှု ရှိ/မရှိ ၂၀ လီတာ စံခြင်ခွက်ဖြင့်လည်းကောင်း၊ အရည်အသွေးစစ်ဆေးနိုင်ရေးအတွက် ဆီနမူနာကောက်ယူ၍လည်းကောင်း၊ သတ်မှတ်ရည်ညွှန်းစွေးနှုန်းဖြင့်ရောင်းချမှုရှိ/မရှိနှင့် မီးဘေးအန္တရာယ်လုံခြုံစိတ်ချစေရန် မီးသတ်ဆေးဘူးများ ထားရှိခြင်းရှိ/မရှိတို့ကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ညောင်ဦးမြို့နယ်၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်

ညောင်ဦး ဩဂုတ် ၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက အမှာစကားပြောကြားပြီး ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမင်းသိမ်းထွန်းက ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းတွင် သင်ကြားပို့ချမည့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါသင်တန်းကို ဩဂုတ်လ ၃ ရက်မှ ၁၄ ရက်အထိ ခရိုင်မီးသတ်ဦးစီးဌာနရုံး၌ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးလျက်ရှိကြောင်းသိရသည်။

ဒီပါလင်း

မလှိုင်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) စီမံကိန်းရေးဆွဲနည်း သင်တန်းဖွင့်လှစ်

မလှိုင် ဩဂုတ် ၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကြိုးကြာဥကျေးရွာနှင့် ရွာသစ်ကလေးကျေးရွာတို့အတွက် စီမံကိန်းရေးဆွဲနည်းသင်တန်းကို ယနေ့တွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်ဇင်မျိုးဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် သင်တန်းတွင်ပို့ချပေးမည့် သင်ခန်းစာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် မလှိုင်မြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများမှ သင်တန်းသားများအား ကျေးရွာစီမံချက်ရေးဆွဲနည်းကို ငါးရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

မျောက်ပြဆန်တောင်းသူတို့၏ဘဝနေဝင်ချိန်နှင့် တံလျှပ်ကိုရေထင်၍ အလိုက်မှားခဲ့ကြသူများသို့

မောင်မောင်လွင်(ရွှေဘိုသား)

“သမိုင်းဆိုတာ အနာဂတ်အတွက် ဆရာတစ်ဆူ (The history is a teacher for a future)တဲ့”။ သိပ်မှန်သည့်စကားပါပဲ။ လူတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်းဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံဖြစ်စေ ဖြတ်သန်းလာခဲ့တဲ့ သမိုင်းကြောင်းဆိုတာရှိကြပါတယ်။ အဲဒီသမိုင်းကြောင်းတွေထဲက အမှားတွေကို ပစ္စုပ္ပန်ကာလမှာ သင်ခန်းစာအဖြစ်ယူပြီး အနာဂတ်ခရီးလျှောက်လှမ်းကြဖို့လိုပါတယ်။

မွန်းကျပ်လွန်းသည့် မှိုင်း

မှိုင်းကြောင့် အတွေးအမြင်တွေ မှုန်ဝါးလာပြီး အချိန်ကြာလာတဲ့အခါ မွန်းကျပ်ကာ အသက်ဆုံးရှုံးရပါတယ်။ နိုင်ငံရေးမှိုင်းသည်လည်း ထို့အတူပါပဲ။ ယနေ့ PDF ဆိုတာ နိုင်ငံရေးမှိုင်းတိုက်ခံလိုက်ရတဲ့ သူတွေသာဖြစ်ပါတယ်။ PDF အမည်ခံအကြမ်းဖက်ဆိုတဲ့စကားကို ဘယ်သူတွေအမည်ပေးခဲ့ကြတာလဲ။ မှတ်မိကြပါလိမ့်ဦးမည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကြီးမှာ မဲမသမာမှုတွေလုပ်လို့ သူခိုးလူမိဖြစ်သွားကြတဲ့ CRPH လို့ခေါ်တဲ့ ပြည်ပြေးနိုင်ငံရေးစားဖားကြီးတွေက စိတ်ခံစားမှုလွယ်တဲ့ လူငယ်တွေရဲ့အားနည်းချက်ကို အခွင့်ကောင်းယူခဲ့ကြတယ်။ နိုင်ငံရေးမှိုင်းတိုက်ပြီး PDF အမည်တပ်ကာ အကြမ်းဖက်သောင်းကျန်းသူများအဖြစ် မွေးထုတ်ပေးခဲ့ကြတာပါ။ ဆင်ခြင်တုံတရားကင်းမဲ့ကြတဲ့ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူလူငယ်တွေဟာ “အဇာတသတ်”ကဲ့သို့ ယုတ်မာကောက်ကျစ်တဲ့ "CRPH"ရဲ့ ကျေးကျွန်လေးတွေဖြစ်သွားကြပြီး အကြမ်းဖက်မှုတွေကို ပိုမိုလုပ်လာကြတယ်။

မျောက်ပြဆန်တောင်းကြသူများ

နိုင်ငံတော်အာဏာကို အဓမ္မနည်းနဲ့ယူဖို့ကြံဆောင်ခဲ့ကြတဲ့ CRPH ဟာ မစားရတဲ့အမဲ သဲနဲ့ပက်ခဲ့တာကြောင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေပေါ်ပေါက်လာချိန်မှာ အဖျက်အမှောင့်တွေ ပိုမိုလုပ်နိုင်ဖို့အတွက် ပြည်ဖျက်မီဒီယာတွေ၊ ပြည်ပြေးအနုပညာရှင်တွေက သွေးထိုးပေးခဲ့ကြတယ်။ ဒီလို အချိန်မှာ ပြည်ပမှာရှိနေတဲ့နိုင်ငံရေးရေချိန်မရှိဘဲ မျောက်ပြဆန်တောင်းကြတဲ့ အချောင်စားလိုကြသူတွေကလည်း လူမှုကွန်ရက်ပေါ်မှာ ကိုယ်ထင်ပြလာကြတယ်။ သူတို့အချင်းချင်းမှာလည်း သင့်မြတ်ကြသည်တော့မဟုတ်။ တစ်ယောက်နဲ့တစ်ယောက် အနာဟောင်းကို တုတ်နဲ့ဆွနေကြတာပါပဲ။ CRPH, NUG၊ ပြည်ဖျက်မီဒီယာတွေနဲ့ တော်လှန်ရေးခေါင်းစဉ်ပြပြီး ခွက်ခေါက်နေကြတဲ့သူတွေအားလုံးဟာ နိုင်ငံရေးအပေါ်ခုတုံးလုပ်ပြီး မျောက်ပြဆန်တောင်းနေကြသူတွေချည်းပါပဲ။ PDF တွေကတော့ နိုင်ငံရေးထိုးကျွေးခံရသူတွေပါပဲ။

မှော်ရုံထဲက မိစ္ဆာတို့ရဲ့လူသတ်ပွဲများ

တစ်ခါက ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့ဖူးတဲ့စကားကို ဖတ်ခဲ့ရဖူးပါတယ်။ **“နိုင်ငံရေးလုပ်မယ်ဆိုရင် နိုင်ငံရဲ့သမိုင်းကြောင်းကိုသိရမယ်”**တဲ့။ ဒီတော့ လွတ်လပ်ရေးရပြီးစ ပြည်တွင်းသောင်းကျန်းမှုကာလမှာ ရုပ်ဝါဒီကျင့်သုံးကြတဲ့ ကွန်မြူနစ်တွေရဲ့ နိုင်ငံရေးဝါဒမှိုင်းတွေကြောင့် ကွန်မြူနစ်သောင်းကျန်းသူတွေဆီရောက်သွားကြတဲ့ လူငယ်တွေရှိခဲ့တယ်။ **“သေရဲရမည်၊ သတ်ရဲရမည်”**၊ **“မိဘဆိုတာမရှိ”**ဆိုတဲ့ မိစ္ဆာအယူတွေကြောင့် အဲဒီတုန်းကလည်း ရဟန်းသံဃာတွေနဲ့အပြစ်မဲ့ပြည်သူတွေကို အစိုးရလက်ကိုင်တုတ်တွေဆိုပြီး ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ကြတယ်။ အဲဒီလိုသတ်ဖြတ်မှုတွေထဲမှာ **“ဆင်စွယ်ရွာလူသတ်မှု”**ဟာ ထိတ်လန့်ဖွယ်ဖြစ်ခဲ့ပြီး ဗကပအဖွဲ့အတွင်းထဲမှာလည်း သားကအဖေကိုသတ်၊ ပြုပြင်ပြောင်းလဲရေးသမားဆိုပြီး တုတ်၊ ဓားတွေနဲ့ရိုက်ခုတ်ကာ လည်ချောင်းသွေးနဲ့ ခြေဆေးခဲ့ကြတယ်။ ဒါတွေက သမိုင်းမှာအင်မတန်ရက်စက်ကြမ်းကြုတ်တဲ့ နိုင်ငံရေးအစွန်းရောက်မိစ္ဆာတို့ရဲ့ လူသတ်ပွဲတွေပါပဲ။

ယနေ့ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေမှာတော့ နိုင်ငံရေးခံယူချက်ဆိုတာမရှိပါဘူး။ CRPH နဲ့ NUG တို့ရဲ့အသုံးချခံ၊ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့တွေရဲ့ လက်ကိုင်တုတ်တွေသာဖြစ်ပါတယ်။ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေထဲမှာ အချို့ကခြိမ်းခြောက်ခံရလို့ အသက်ဘေးကြောင့် နိုးရာဓားကြောက်ရခြင်းကြောင့်လည်းကောင်း၊ အချို့ကလိမ်လည်လှည့်ဖြားခံရခြင်းကြောင့်လည်းကောင်း PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူအဖွဲ့ထဲ ရောက်သွားတဲ့သူတွေအများအပြားရှိပါတယ်။ သူတို့တွေထဲက အများစုကတော့ ရဲရဲဝံ့ဝံ့ အမှောင်ကိုခွင်းပြီး အလင်းထဲကိုပြန်ရောက်လာကြပါပြီ။ အလင်းဝင်ရောက်လာကြတဲ့ ညီ၊ ညီမငယ်လေးတွေရဲ့ ရင်ဖွင့်စကားသံတွေထဲမှာ သူတို့ဘယ်လို နှိပ်စက်ခံရကြောင်း၊ အနေအထိုင်အစားအသောက် မည်သို့ဆင်းရဲကြောင်း၊ လူမျိုးရေးခွဲခြားဆက်ဆံခံရကြောင်း၊ အချို့ဆိုရင် လိင်ကျွန်အဖြစ်ရောင်းစားခံရကြောင်းစတဲ့ စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရပ်မှန်စကားတွေကြောင့် စိတ်မကောင်းဖြစ်ရပါတယ်။ အမှောင်ထဲမှာ ကျန်ရှိနေသေးတဲ့ ကလေးတွေရဲ့မိဘတွေအဖို့ မည်မျှစိတ်သောကရောက်နေကြမလဲဆိုတာ မှန်းဆနိုင်ပါတယ်။ လူမှုကွန်ရက်တွေမှာလည်း အမည်အမျိုးမျိုးကွဲလွဲနေကြတဲ့အကြမ်းဖက် PDF အချင်းချင်း သတ်ဖြတ်မှုတွေ၊ တိုင်းရင်းသားအမည်ခံလက်နက်ကိုင်အကြမ်းဖက်အဖွဲ့တွေက ဗမာ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူလူငယ်တွေကို သစ်ပင်မှာ ကြိုးတုပ်ပြီး လူမဆန်စွာသတ်ဖြတ်ကြတာကို တွေ့မြင်ရတာ စိတ်မချမ်းမြေ့စရာတွေပါပဲ။ လူမှုကွန်ရက်တစ်ခုမှာ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ မိန်းမဗျိုလေးတစ်ဦးက **“မိဘတွေကို လွမ်းလို့အိမ်ပြန်ချင်ကြောင်း”** ပြောခဲ့လို့ တိုင်းရင်းသားလက်နက်ကိုင်အကြမ်းဖက်ရဲ့သတ်ဖြတ်ခြင်းကို ခံလိုက်ရတာကို တွေ့မြင်ခဲ့ရပါတယ်။

အဲဒီလို စက်ဆုပ်ရွံရှာဖွယ်အကြမ်းဖက်လုပ်ရပ်တွေမှာ မိဘပြည်သူတွေမသိခဲ့သည့် ဤသို့သော **မှော်ရုံထဲက မိစ္ဆာတို့ရဲ့လူသတ်ပွဲတွေ**များစွာရှိခဲ့ပါလိမ့်မည်။ ဒါ့အပြင် မကြာသေးမီက အချင်းချင်းလုပ်ကြံသတ်ဖြတ်ခံခဲ့ရတဲ့ အမရာမောင်နဲ့ NUG ထောက်လှမ်းရေးတာဝန်ခံ လင်းယုန်တို့လိုသူတွေကလည်း အများကြီးပါပဲ၊ အဲဒီလို သန္ဓေမမှန်ပေါက်ဖွားလာတဲ့ အဖွဲ့အစည်းမှာ အချင်းချင်း သတ်ဖြတ်ကြတာဟာ အဆန်းမဟုတ်ပါဘူး။ ဒါ့အပြင် ပုဂံဘုရားဖူးဇည့်သည်တွေနဲ့ ခရီးသွားပြည်သူတွေကို ဓားပြတိုက်ပြန်ပေးဆွဲတာတွေ၊ ဇူလိုင်လ ၂၀ ရက်က မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်မှာ ရှိတဲ့ “မီလျံနာ”ရွှေဆိုင်နဲ့ ဇူလိုင်လ ၂၅ ရက်မှာ သာစည်မြို့နယ် မိတ္ထီလာ-တောင်ကြီးလမ်းပိုင်းမှာ တပ်မတော်ယာဉ်တန်းကို ပစ်ခတ်ရာမှာ အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးမှုဖြစ်တာတွေ၊ ဇူလိုင်လ ၂၂ ရက်မှာ ပုပ္ပားနယ်မြေအတွင်း လည်ပတ်နေတဲ့ မန္တလေးက မိသားစုတစ်စုကိုပြန်ပေးဆွဲပြီး ငွေနဲ့ အဖိုးတန်ပစ္စည်းတွေကို ဓားပြတိုက်ခဲ့မှုတွေ၊ ပုပ္ပားနယ်မြေရဲ့ဟိုတယ်တစ်ခုမှာတည်းခိုပြီး ပုပ္ပားဒေသကို လည်ပတ်နေတဲ့ အပြစ်မဲ့ပြည်သူတွေကို အဓမ္မဖမ်းဆီးတာတွေ၊ မဟာအောင်မြေမြို့နယ်မှာရှိတဲ့ “ပေါ်ဦး”ရွှေဆိုင်တို့လို ရွှေဆိုင်တွေကို ဓားပြတိုက်လုယက်မှုတွေ၊ ဘုရားဖူးယာဉ်တွေကို ပစ်ခတ်နှောင့်ယှက်တာတွေ၊ ကုန်စည်ပို့ဆောင်နေတဲ့ ယာဉ်တွေကို မီးရှို့ဖျက်ဆီးတာတွေနဲ့ လက်နက်နဲ့ ခြိမ်းခြောက်ပြီး ပြည်သူရဲ့ဥစ္စာပစ္စည်းတွေကို အဓမ္မသိမ်းယူခဲ့မှုတွေ၊ မကြာသေးခင်က ရပ်ရွာလုံခြုံရေးအတွက် တတ်စွမ်းသမျှ ပါဝင်ကူညီဆောင်ရွက်နေသော အသက်အရွယ်ကြီးရင့်နေသည့်ပြည်သူတစ်ဦး အားကွမ်းစားမလားဟု သူ့ရဲဘောကြောင်စွာမလိမ့်တပတ်ပြုလုပ်၍ အကြောင်းမဲ့သတ်ဖြတ်ပြီး Online ပေါ်မှာ ဂုဏ်ယူဝင့်ကြွားနေတဲ့ ပိုင်ချဲဆိုတဲ့ PDF ရဲ့လုပ်ရပ်တွေအရ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေဟာ ပြန်ပေးဆွဲ၊ သူခိုး၊ ဓားပြတွေသာဖြစ်တယ်ဆိုတာထင်ရှားတဲ့သက်သေတွေပါပဲ။

ပြည်သူ့အတွက်တဲ့လား

ယနေ့ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူတို့၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ အကြမ်းဖက်လုပ်ရပ်များမှာ အောက်ပါအတိုင်းတွေ့ရှိရပါတယ်-

စဉ်	မီးရှို့/ဖောက်ခွဲ ဖျက်ဆီးခဲ့သည့် အဆောက်အဦများနှင့်အဆောက်အအုံများ	အရေအတွက်
၁	ပညာရေး(စာသင်ကျောင်း၊ တက္ကသိုလ်/ကောလိပ်)	၅၆၀
၂	ကျန်းမာရေး(ဆေးရုံ၊ ဆေးပေးခန်း၊ ပရဟိတ)	၄၄
၃	ဘာသာရေးအဆောက်အဦ(ဘုန်းကြီးကျောင်း၊ ဓမ္မာရုံ၊ ဆွမ်းလောင်းရုံ)	၇၉
၄	လူနေအဆောက်အအုံ	၇၁၅
၅	စက်ရုံ၊ အလုပ်ရုံ	၆၇
၆	ဈေး(စတိုးဆိုင်၊ အိမ်ဆိုင်၊ Super Market ၊ မြို့မဈေး၊ ညဈေး)	၃၂၉
၇	ဘဏ်အဆောက်အဦ(ဘဏ်၊ ATM စက်)	၁၂၇
၈	လမ်း(တံတား၊ ကား၊ ရထား၊ တိုးဂိတ်)	၁၆၆၈
၉	တာဝါတိုင်(ဆက်သွယ်ရေး၊ လျှပ်စစ်)	၄၂၇
၁၀	အခြားနေရာများ၌ ပေါက်ကွဲမှု	၃၅၅၈

အထက်ပါ အဆောက်အဦများနှင့်အဆောက်အအုံတို့ဟာ စစ်ရေးပစ်မှတ်များမဟုတ်သလို နိုင်ငံရေးနှင့်လည်း လုံးလုံးလျားလျားမသက်ဆိုင်ပါ။ ဘာသာရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူမှုစီးပွားရေးတို့သာဖြစ်ပါတယ်။ ဒီလိုအကြမ်းဖက်လုပ်ရပ်တွေက ပြည်သူ့အတွက်တဲ့လားလို့မေးလိုက်ပါရစေ။ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့လမ်းပေါ်မှာ လက်နက်ကိုင်ခြိမ်းခြောက်ပြီး ရလာတဲ့ ဆက်ကြေးငွေ၊ အခြားနည်းလမ်းနဲ့အကြမ်းဖက်ရလာတဲ့ငွေတွေကို **စာမျက်နှာ ၁၂ သို့➤**

၂၀၂၁ ခုနှစ်ကနေ ယနေ့ ၂၀၂၆ ခုနှစ်အထိ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူတွေရဲ့အန္တရာယ်ကြောင့် နေရပ်စွန့်ခွာခဲ့ကြတဲ့ မိသားစုတွေ၊ စီးပွားပျက်ခဲ့သူတွေ၊ ပညာရေးနဲ့ဝေးကွာနေတဲ့ ကလေးသူငယ်တွေများစွာရှိခဲ့ပါတယ်။ အဆိုးရွားဆုံးကတော့ ပညာရေးနဲ့ဝေးကွာနေကြတဲ့ကလေးတွေရဲ့အနာဂတ်ပါပဲ။ သူတို့လေးတွေမှာ ရည်မှန်းချက်တွေရှိကြတယ်။ သူတို့လေးတွေဟာ နိုင်ငံတော်ရဲ့အနာဂတ်လူသားအရင်းအမြစ်တွေပါ။ တစ်နည်းပြောရရင် တိုင်းပြည်ကိုဆင်းရဲတွင်းထဲတွန်းပို့နေတာထက် တိုင်းပြည်ပြုကွဲအောင် ချောက်ထဲတွန်းပို့နေခြင်းသာဖြစ် . . .

မျောက်ပြဆန်တောင်းခဲ့ကြတဲ့ CRPH, NUG နဲ့ ပြည်ပခွက်ခေါက် မီဒီယာတွေအဖို့ နေဝင်သွားပြီဖြစ်သလို တံလျှပ်ကိုရေထင် အလိုက်မှားခဲ့ကြတဲ့ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့လည်း ရေတံခါပြီး ဆက်လျှောက်မနေတော့ဘဲ အေးမြသည့်မိဘရင်ခွင်ဆီသို့ ပြန်လာကြရန် မေတ္တာဖြင့်တိုက်တွန်း . . .

➤ စာမျက်နှာ ၁၁ မှအဆက်

ပြည်သူ့အတွက် ဘယ်နေရာမှာ အသုံးပြုခဲ့ပါသလဲ။ လက်နက်/ခဲယမ်းဝယ်တယ်လို့ ပြောဦးမည်လား။ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူတွေကိုင်ဆောင်နေတဲ့ လက်နက်ဆိုတာ ပြည်သူ့အတွက်တော့ သေမင်းတမန်ပါပဲ။

တိုင်းပြည်ကို ချောက်ထဲတွန်းပို့နေခြင်း

ကမ္ဘာ့လူသားအားလုံးဟာ အကြမ်းဖက်လုပ်ရပ်တွေကို စက်ဆုပ်ရွံရှာကြပါတယ်။ ဆန့်ကျင်ကြပါတယ်။ နိုင်ငံရေးအရ မည်သည့်စနစ်ကိုကျင့်သုံးသည်ဖြစ်စေ နိုင်ငံရေးအရအမြင်မတူတာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ အေးချမ်းစွာ ဖြေရှင်းကြပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ သယံဇာတမည်မျှပေါကြွယ်ဝသည်ဖြစ်စေ လက်နက်ကိုင်အကြမ်းဖက်မှုတွေ ရှည်ကြာလာတာနဲ့အမျှ သယံဇာတနဲ့လူသားအရင်းအမြစ်တွေ ဆုံးရှုံးမှုပိုမိုများပြားလာစမြဲပါပဲ။ ကျွန်တော်တို့နိုင်ငံမှာလည်း လွတ်လပ်ရေးနဲ့အတူ ကပ်ငြိပါလာတဲ့ လက်နက်ကိုင်ပဋိပက္ခရှည်ကြာလာတာကြောင့် ယနေ့နိုင်ငံတော်မှာ တိုးတက်မှုနှောင့်နှေးနေတယ်ဆိုတာ ပကတိအရှိတရားပါပဲ။ ဒါ့အပြင် နိုင်ငံရေးအပြောင်းအလဲတွေဖြစ်တိုင်း ပြည်ပစွက်ဖက်မှုတွေ၊ ပြည်တွင်းပုဆိန်ရိုးတွေကြောင့် ပြည်တွင်းမငြိမ်သက်မှုဖြစ်လာပြီး လူငယ်အချို့ လမ်းမှားရောက်သွားကြသလို လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းတွေကလည်း နိုင်ငံရေးနဲ့စစ်ရေးအမြတ်ထုတ်ဖို့လုပ်ဆောင်ခဲ့ကြတာ တွေ့မြင်ရပါတယ်။

၂၀၂၁ ခုနှစ်ကနေ ယနေ့ ၂၀၂၆ ခုနှစ်အထိ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူတွေရဲ့အန္တရာယ်ကြောင့် နေရပ်စွန့်ခွာခဲ့ကြတဲ့ မိသားစုတွေ၊ စီးပွားပျက်ခဲ့သူတွေ၊ ပညာရေးနဲ့ဝေးကွာနေတဲ့ ကလေးသူငယ်တွေ များစွာရှိခဲ့ပါတယ်။ အဆိုးရွားဆုံးကတော့ ပညာရေးနဲ့ဝေးကွာနေကြတဲ့ကလေးတွေရဲ့အနာဂတ်ပါပဲ။ သူတို့လေးတွေမှာ ရည်မှန်းချက်တွေရှိကြတယ်။ သူတို့လေးတွေဟာ နိုင်ငံတော်ရဲ့အနာဂတ် လူသားအရင်းအမြစ်တွေပါ။ တစ်နည်းပြောရရင် တိုင်းပြည်ကို ဆင်းရဲတွင်းထဲတွန်းပို့နေတာထက် တိုင်းပြည်ပြိုကွဲအောင် ချောက်ထဲတွန်းပို့နေခြင်းသာဖြစ်ပါတယ်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ ဒီမိုကရေစီအရေခြုံပြီး အမျိုးသားရေး၊ နိုင်ငံရေးဆိုပြီး အသံကောင်းဟစ်ရင်း စတင်ကြွေးကြော် ပေါ်ပေါက်လာခဲ့ကြတယ်။ လက်ထဲတရားမဝင် ရောက်ရှိလာတဲ့ လက်နက်နဲ့ လက်တစ်ဆုပ်စာအာဏာကို အလွဲသုံးစားလုပ်ပြီး ပြည်သူကိုသတ်၊ ပြည်သူပိုင်ပစ္စည်းတွေကိုဖျက်ဆီး၊ ရဟန်းသံဃာတွေကိုသတ်၊ ပြည်သူတွေကို ပြန်ပေးဆွဲဆိုတဲ့ အကြမ်းဖက်လုပ်ရပ်တွေလုပ်ကာ ကိုယ်တိုင်အကြမ်းဖက်သမားဘဝသို့ရောက်ရှိကြကုန်ပြီး နိုင်ငံကိုအကျည်းတန်စေခဲ့တယ်။ နောက်ဆုံးမှာတော့ နယ်မြေလု၊ လုပ်ပိုင်ခွင့်လုဆိုတဲ့စားခွက်လု ဇောတ်လမ်းများနဲ့ပဲ ဟင်္သာကိုးသောင်းဇာတ်ပျက်သလို ပျက်စီးသွားရပြီဖြစ်တာကို ယနေ့မျက်မှောက်အဖြစ်အပျက်များက သက်သေခံလျက်ရှိပါတယ်။

မျောက်ပြဆန်တောင်းသူများ၏ နေဝင်ချိန်နှင့် တံလျှပ်ကို ရေထင်ခဲ့ကြသူများသို့

နိဂုံးချုပ်အနေနဲ့တင်ပြရလျှင် ယနေ့နိုင်ငံတော်မှာ ပြည်သူ့ရွေးကောက်ခံအစိုးရသစ် ပေါ်ပေါက်လာပြီမို့ ပြည်သူ့ဆန္ဒနဲ့အညီ ဒီမိုကရေစီလမ်းပေါ်တွင် ဆက်လက်လျှောက်လှမ်းလျက်ရှိပါတယ်။ ဒီမိုကရေစီစံညွှန်းနဲ့အညီပြည်သူ့ရွေးကောက်ခံအစိုးရဖြစ်သည်မို့ နိုင်ငံတကာရဲ့အသိအမှတ်ပြု အစိုးရတစ်ရပ်ဖြစ်ပါတယ်။ မိတ်ဖက်နိုင်ငံများရဲ့အားပေးထောက်ခံမှုနဲ့ ပြည်တွင်းအားကိုရယူပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တွေ့မြင်ရပါတယ်။ ဒါ့အပြင် ယနေ့အစိုးရသည် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနဲ့ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းနိုင်ဖို့ အထူးလိုအပ်ကြောင်း ယုံကြည်ထားပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်နိုင်ဖို့ ကြိုတင်ကန့်သတ်ချက်မထားဘဲ နိုင်ငံရေးကြေညာချက်ကို ၂၀၂၆ ခုနှစ် ဧပြီလ ၂၁ ရက်မှာ ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါတယ်။ ယခုဆိုလျှင် အဖွဲ့အသီးသီးများဖြင့်တွေ့ဆုံပွဲများ စတင်လျက်ရှိပါတယ်။

ဒီတော့ မျောက်ပြဆန်တောင်းခဲ့ကြတဲ့ CRPH, NUG နဲ့ ပြည်ပခွက်ခေါက် မီဒီယာတွေအဖို့ နေဝင်သွားပြီဖြစ်သလို တံလျှပ်ကိုရေထင် အလိုက်မှားခဲ့ကြတဲ့ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့လည်း ရေတံခါပြီး ဆက်လျှောက်မနေတော့ဘဲ အေးမြသည့် မိဘရင်ခွင်ဆီသို့ ပြန်လာကြရန် မေတ္တာဖြင့် တိုက်တွန်းလိုက်ရပါတယ်။ ။

လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဝဝန်မြစ် ရေကာတာကျိုးပေါက်ကာ လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ ရေဝင်ရောက်မှုဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်တွင် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ဝဝန်မြစ်ရေကာတာကျိုးပေါက်မှုဖြစ်ပွားခဲ့သဖြင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် (၅)ခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၅၇ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ရေကာတာကျိုးပေါက်မှုဖြစ်ပွားခဲ့မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် (၅)ခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၅၇ ရွာရှိလူနေအိမ်များအတွင်းသို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့ခြင်းကြောင့် ရေဘေးကူညီကယ်ဆယ်ရေးစခန်း ၁၃ ခု





အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက မြစ်ရေတိုက်စားပြိုကျမှုမှကာကွယ်ရန် တာခြေထောက်ခြင်းအဖြစ် ကမ်းထိန်းအိတ်များချခြင်း၊ ရေရှိန်တားပြုလုပ်ခြင်း၊ ရေကာတာ တာပေါင်မြေဖို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအတွက် သောက်ရေများနှင့် စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးစဉ်။

ဖွင့်လှစ်ထားရှိပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများစုပေါင်း၍ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများအားဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းခြင်းများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြစ်ရေတိုက်စားပြိုကျမှုမှကာကွယ်ရန် တာခြေထောက်ခြင်းအဖြစ် ကမ်းထိန်းအိတ်များချခြင်း၊ ရေရှိန်တားပြုလုပ်ခြင်း၊ ရေကာတာ တာပေါင်မြေဖို့ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



ယင်းသို့ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY

2026
DIFFERENT CONTEXTS, COMMON ASPIRATIONS

" Different Contexts, Common Aspirations "

" နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား "

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

ပထမပတ် – မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ်
ဒုတိယပတ် – အသက်(၅)နှစ်အောက် ကလေးများနှင့်ကျောင်းသားလူငယ်များအာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်
တတိယပတ် – ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်
စတုတ္ထပတ် – အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

❐ **ရွှေဖုံးမှအဆက်**

ဆုကြေးချီးမြှင့်ငွေကျပ် ၁၀၄၉ သိန်းကျော်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

နေပြည်တော်ဟျဉ်းမနားမြို့နယ်ပန်းခင်း(၃)လမ်းနေ ဦးဝင်းကိုကို၊ နေပြည်တော်ပျဉ်းမနားမြို့နယ် သဲကျွန်းကျေးရွာမှ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျောက်တိုင်ကျေးရွာမှ ဦးရဲရင့်ဇော်၊ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ပုတီးကုန်းကျေးရွာမှ ဦးဝင်းမင်းထွန်း၊ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပုတီးကုန်းကျေးရွာမှ ဦးစိုးမင်း၊ မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာမြို့ ရာဇာဓိရာဇ်လမ်းနေ ဦးဉာဏ်လင်းထက်တို့က ရေးဟောင်းဝတ္ထုပစ္စည်းများ လာရောက်အပ်နှံခဲ့သည့် အတွက်ဆုကြေးငွေနှင့်ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။

ရေးဟောင်းဝတ္ထုပစ္စည်းများကို အကြောင်းအမျိုးမျိုးဖြင့် တွေ့ရှိခြင်းဖြင့် သော်လည်းကောင်း၊ ဝါသနာအလျောက် စုဆောင်းထားခြင်းဖြင့်သော်လည်းကောင်း ရရှိသိမ်းဆည်းထားပြီး နိုင်ငံတော်သို့ အပ်နှံပါက ရွှေထည်ပစ္စည်းများဖြစ်ပါက ပညာရှင်အဖွဲ့၏ စိစစ်သုံးသပ်ချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ အရည်အသွေးစစ်ဆေး၍ အရည်အသွေးနှင့်အလေးချိန်ကို ယင်းနေ့ပြင်ပပေါက်စေးဖြင့် မူလတန်ဖိုးတွက်ချက်၍ ပျူခေတ်လက်ရာပစ္စည်းများဆိုပါက မူလတန်ဖိုးများအပြင် ခေတ်ကာလတန်ဖိုး ရာခိုင်နှုန်း ၈၀၊ ခေတ်လက်ရာတန်ဖိုး ရာခိုင်နှုန်း ၄၀ မှ ၈၀ အထိအပြင် ထပ်ဆောင်းတန်ဖိုးပါချီးမြှင့်မည်ဖြစ်ကြောင်း၊ ပုဂံခေတ်လက်ရာပစ္စည်းများဖြစ်ပါက ခေတ်ကာလတန်ဖိုး ရာခိုင်နှုန်း ၇၀၊ ခေတ်လက်ရာတန်ဖိုး ရာခိုင်နှုန်း ၄၀ မှ ၇၀ အထိအပြင် ထူးခြားရှားပါးသည့် ရေးဟောင်းဝတ္ထုပစ္စည်းများကိုထပ်ဆောင်းတန်ဖိုးအဖြစ် ကာလတန်ဖိုး၏ ရာခိုင်နှုန်း ၄၀ မှ ၈၀ အထိ ထပ်မံချီးမြှင့်ပေးသည့်အတွက် ရေးဟောင်းဝတ္ထုပစ္စည်းများကို အနည်းဆုံးခေတ်ကာလ ပေါက်စေး၏ နှစ်ဆခွဲမှ သုံးဆခွဲကျော်အထိ ဆုကြေးငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ရေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များသည် တိုင်းပြည်၏ဂုဏ်သိက္ခာနှင့် ခိုင်မာသည့် သမိုင်းသက်သေများဖြစ်သဖြင့် ရေရှည်တည်တံ့အောင်ထိန်းသိမ်းရန်အရေးကြီးကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရာတွင် ပြည်သူလူထု၏ တာဝန်သိစိတ်နှင့် ပူးပေါင်းပါဝင်မှုသည် ပဓာနကျပြီး ယခုကဲ့သို့ စီးပွားရေးအကျိုးအမြတ်ထက် နိုင်ငံတော်အတွက် ရေးဟောင်းပစ္စည်းများကို စေတနာအပြည့်ဖြင့် လာရောက်အပ်နှံခဲ့ကြသည့် ပြည်သူများ၏ အမျိုးသားရေးအသိကို လေးစားဂုဏ်ယူပါကြောင်း၊ အပ်နှံခဲ့သည့်ပစ္စည်းများကို အမျိုးသားပြတိုက်များတွင် စနစ်တကျထိန်းသိမ်းပြသသွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ရှေးဟောင်းပစ္စည်းများတွေ့ရှိပါက သက်ဆိုင်ရာဌာနသို့ ဆက်သွယ်အပ်နှံကြရန်နှင့် သတင်းပေးပို့ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့သည်။

မြဝတီ

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲအုပ်စုပတ်လည်ပွဲစဉ်များဆက်လက်ကျင်းပ



နေပြည်တော် ဩဂုတ် ၄

အားကစားရေးရာဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ၅ ဂိုး ၄ ဂိုးဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို ၆ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအသင်းကို ၁၁ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို ၉ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအသင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အားကစားဝါသနာရှင်များ မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

➥ **ကျောဖုံးမှအဆက်**

အကြိမ်ကြိမ်ဝင်ရောက်ထိုးဖောက်ခဲ့သည်။ ရန်ကုန်စီးတီးအသင်း နောက်တန်းနှင့် ဂိုးသမားတို့ အကောင်းဆုံးဟန့်တားကာကွယ်နိုင်၍ စောစီးစွာဂိုးမပေးရခြင်း ဖြစ်သည်။ ရီတူပေါ်နာ၊ နော်ထက်ထက်ဝေ၊ ဖြူဖြူဝင်း၊ စန်းသော်သော်၊ နန်းခိုင်ဇင်မြင့်၊ မေထက်လူတို့ဘယ်ညာတောင်ပံမှတစ်ဆင့် အချိတ်အဆက်တွဲလုံးများဖြင့် ဂိုးရရှိရန် ကြိုးစားခဲ့ကြသော်လည်း ရန်ကုန်စီးတီး၏ ခံစစ်ကြောင့် ဂိုးရရှိရေးအတော်လေး ရုန်းကန်ခဲ့ရသည်။

ဧရာဝတီအသင်းတိုက်စစ်အားမချဘဲ ပြိုင်ဘက်အသင်းကို ဘောလုံးပိုင်ဆိုင်မှုရယူ၍ တရစပ်ဖိအားပေးကစားခဲ့ရာ ပွဲကစားချိန် ၂၃ မိနစ်တွင် ဖြူဖြူဝင်း၏ ပေးပို့မှုမှ မေထက်လူက ဧရာဝတီအသင်းအတွက် ဦးဆောင်ဂိုးကိုသွင်းယူနိုင်ခဲ့သည်။ ဧရာဝတီအသင်းဂိုးသွင်းခွင့်အခွင့်အရေးများရှိခဲ့သော်လည်း နောက်ထပ်ဂိုးသွင်းယူနိုင်ခြင်းမရှိ၍ ပထမပိုင်းတွင် ၁ ဂိုး ဂိုးမရှိဖြင့် ဧရာဝတီအသင်းက ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် ဧရာဝတီအသင်းတို့က စစ်ကြောင့် ပွဲကစားချိန် ၆၂ မိနစ်၊ ၈၅ မိနစ်နှင့် ၇၉ မိနစ်တို့တွင် ရီတူပေါ်နာနှင့် စန်းသော်သော်တို့က တစ်ဂိုးစီထပ်မံသွင်းယူနိုင်ခဲ့၍ ပွဲအပြီးတွင် ချန်ပီယံဧရာဝတီအသင်းက ၃ ဂိုး ဂိုးမရှိဖြင့် ရန်ကုန်စီးတီးအသင်းကိုအနိုင်ရရှိသွားသည်။ ပွဲစဉ်(၈)တတိယနေ့ပြိုင်ပွဲများကို ဩဂုတ်လ ၅ ရက်**(ယနေ့)**တွင် ISPE အသင်းနှင့်မြဝတီအသင်းတို့က YUSC ကွင်း၌ လည်းကောင်း၊ ရတနာပုံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့က ပဒုမ္မာကွင်း၌ လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဝန်းရံခ

(၄-၈-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၈ ~ ၃၆၆၉	၅၁၅.၃ ~ ၅၁၈.၇	၁၂၄.၉ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၅,၇၈၉,၈၂၈.၅၆	၁,၃၆၅,၆၇၈.၂၉	၇၉,၂၆၅,၁၉၃.၀၅	-
ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ				

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေဩဇာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ တိရစ္ဆာန်အစာ၊ ထုပ်ပိုးမှုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ စားသုံးကုန်စည်၊ စက္ကူတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍာဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၃၀၀၈.၀၀ အား CMP ကဏ္ဍာသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၅.၀၀ သန်းအား LNG ကဏ္ဍာသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

" ပြည်သူ့ကြားက ပြည်သူ့စကား " အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"အကြမ်းဖက် PDF တွေရဲ့ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုတွေကြောင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများစွာ ထိခိုက်ဆုံးရှုံးနေရ"** ခေါင်းစဉ်ဖြင့် ၅-၈-၂၀၂၆ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့် အပတ် ၁၂-၈-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"တော်လှန်ရေးလုပ်ရင်းနဲ့ ဓားပြဖြစ်လာကြသော စကားဝါမြေမှအညာ PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက် ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့်ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဝန်ကျတိမ်းရှောင်စခန်း၌ ယာယီနေထိုင်လျက်ရှိသော ဖားကန့်မြို့နယ် ကျေးရွာများမှ ပြည်သူများအတွက် ဆန် ၂၄ ပြည်ပါ ၉၁ အိတ်နှင့် ငွေကျပ်သိန်း ၅၀ ထောက်ပံ့ပေးအပ်



မြစ်ကြီးနား သြဂုတ် ၄

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးဒေသ ဝန်ကျတိမ်းရှောင်စခန်းတွင် နယ်မြေအခြေအနေအရ ယာယီနေထိုင်လျက်ရှိသော ဖားကန့်မြို့နယ် ကျေးရွာများမှ ပြည်သူများအတွက် ဆန် ၂၄ ပြည်ပါ ၉၁ အိတ်နှင့် ငွေကျပ်သိန်း ၅၀ ကို ကချင်ပြည်နယ်အစိုးရအဖွဲ့က ယမန်နေ့က သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ အိမ်ထောင်စုများကို ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ် ဝန်ကြီးများနှင့်အတူ သွားရောက်တွေ့ဆုံထောက်ပံ့ခဲ့ခြင်းဖြစ်ပြီး ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးကစခန်းရှိကျောင်းသား၊ကျောင်းသူများအတွက် ညပိုင်းစာသင်စရိတ်ကို ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ဖားကန့်မြို့နယ် ရှဒူးဖွပ်ကျေးရွာ ကျေးရွာနှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်း၌ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ဂျိုနဲဖော့၊ ရှမ်း၊ လီဆူ၊ ရဝမ်၊ ရခိုင် စာပေယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေကျပ် သိန်း ၅၀၊ ဘုရားကျောင်းအတွက် အလှူငွေကျပ် ၁၀ သိန်းနှင့်ရှဒူးဖွပ်ကျေးရွာအတွက် ခေါက်ဆွဲခြောက် ၁၀ ဖာနှင့် ငါးသေတ္တာဘူး ၁၀၀ ကို ပေးအပ်ခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း တနိုင်းမြို့နယ် နန်ဖျက်ယန်ကျေးရွာရှိဒေသခံတိုင်းရင်းသား ပြည်သူများအား သွားရောက်တွေ့ဆုံပြီး ကျေးရွာအတွက် ချီးမြှင့်ငွေကျပ်သိန်း ၅၀၊ ခေါက်ဆွဲခြောက်ဖာများနှင့် ငါးသေတ္တာဘူးများကို ပေးအပ်ကြသည်။

ယင်းအပြင် တနိုင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဘင်ခရာအဖွဲ့ ဖွဲ့စည်း၍ သင်တန်းဖွင့်လှစ်နေမှု၊ ကျောင်းဝင်းဌက်ပျောပင်များ စိုက်ပျိုးထားရှိမှု၊ ကျောင်းစာသင်ဆောင်သစ်တည်ဆောက်နေမှု၊ တနိုင်းမြို့ရှိ ကင်ဆားရာရပ်ကွက်အပါအဝင် ဟူးကောင်း၊ မုန်ဒိန်၊ ဆာမ်ဆာ့၊ ဒူးကောင်း စသည့် ရပ်ကွက်များအတွင်း ဖြတ်သန်းစီးဆင်းသည့် ကိုင်တောင်ချောင်းအား ရေစီးရေလာကောင်းမွန်စေရန် ချောင်းတစ်လျှောက် ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ဆွတ်ဝိုင်ရပ်ကွက်ရှိ နန်ဗျူလမ်းသွယ်(၁)ကို သဲကျောက်အမာခံလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

တွန်းဇံမြို့ ပြည်သူ့ဆေးရုံ၊ အခြေခံပညာအထက်တန်းကျောင်းနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းများ ကြည့်ရှုအားပေး



နေပြည်တော် သြဂုတ် ၄

တွန်းဇံမြို့နယ် ပြည်သူ့ဆေးရုံတွင် မြို့နယ်ဆရာဝန်အပါအဝင် ကျန်းမာရေးဝန်ထမ်း ၉၄ ဦးဖြင့် ယနေ့အထိ အတွင်းလူနာ ၆၀၊ ပြင်ပလူနာ ၄၄၆ ဦး၊ အသေးစားခွဲစိတ်ကုသလူနာ ၂၈ ဦး၊ အကြီးစားခွဲစိတ်လူနာ ၄ ဦးနှင့် မီးဖွားလူနာ ၂ ဦးတို့အား ကုသပေးနိုင်ခဲ့ကြောင်းသိရသည်။

အဆိုပါ ဆေးရုံအဆောက်အအုံအသစ် ဆောက်လုပ်ပြီးစီးမှု၊ ချင်းပြည်နယ်ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ထောက်ပံ့ပေးပို့ထားရှိသည့် ဆေးနှင့်ဆေးပစ္စည်းများ သိုလှောင်ထားရှိမှု၊ ဆိုလာတပ်ဆင်အသုံးပြု၍ ကာကွယ်ဆေးများ သိုလှောင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ပြည်နယ်ဝန်ကြီးများ၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေး၍ ပြည်သူ့ဆေးရုံကြီးရှိဝန်ထမ်းများအတွက်ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့ပြင် တွန်းဇံမြို့အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး အခြေခံပညာအထက်တန်းကျောင်း ယာယီခန်းမ၌ လမင်းစီမံချက်ဖြင့်ဆောင်ရွက်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ကျောင်းသား၊ကျောင်းသူများအား ပေးအပ်ကာ ဆရာ၊ ဆရာမများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။ တွန်းဇံမြို့နယ် ဦးစီးမှူးရုံးအနေဖြင့် ရက်၁၀၀ စီမံချက်ကာလအတွင်း မှတ်ပုံတင်ကတ်ပြား ၅၈၀ ဆောင်ရွက်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တွန်းဇံမြို့နယ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်း ၆၃ ကျောင်း ဖွင့်လှစ်ထားရှိပြီး ကျောင်းအပ်နှံ တက်ရောက်သူ ၄၇၃၂ ဦးရှိကာ ကျောင်းဆရာ၊ ဆရာမ ၂၇၁ ဦးတို့က ပညာသင်ကြားပေးလျက်ရှိသည်။

ဆက်လက်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးသို့ရောက်ရှိပြီး တွန်းဇံမြို့ဌာနဆိုင်ရာရုံးများနှင့် ဒေသခံပြည်သူများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

မြဝတီ

၂၀၂၆ ခုနှစ် ဒီဇင်ဘာလတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူမည်

ပဲခူး သြဂုတ် ၄

၂၀၂၆ ခုနှစ် ဒီဇင်ဘာလတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ ၏ညှိနှိုင်းအစည်းအဝေးမှသိရသည်။



တိရစ္ဆာန်ကောင်ရေစာရင်းသည် လယ်ယာစိုက်ပျိုးရေးနှင့် ဒေသတွင်းစားရေရိကွာဖူလုံမှုကို များစွာအထောက်အကူပြုသည့်အတွက် စာရင်းဇယားမှန်ကန်ပြီး သတ်မှတ်ကာလအတွင်း အချိန်မီစာရင်းဇယားကောက်ယူပြီးစီးနိုင်ရေး အားလုံးကြိုးစားဆောင်ရွက်ရန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အဆိုပါအစည်းအဝေးတွင် တိုက်တွန်းမှာကြားခဲ့သည်။

အစည်းအဝေးတွင် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ ကော်မတီအလိုက် လုပ်ငန်းတာဝန်များနှင့် ကောက်ယူရမည့်စာရင်းပုံစံများကို ရှင်းလင်းဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအတွင်း တိရစ္ဆာန်အကောင်ရေစာရင်း ကောက်ယူသွားမည့် အစီအမံများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

၄-၈-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၆,၉၅၀,၀၀၀)ကျပ်ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

လူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့်လောင်းကစားကင်းရှင်းရေး ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကျင်းပ



လွိုင်ကော် သြဂုတ် ၄

မူးယစ်ဆေးဝါးနှင့် လောင်းကစားအန္တရာယ်ကို လူငယ်တိုင်း သိရှိနားလည်စေရန်နှင့် ကျန်းမာသန်စွမ်းပြီး အသိပညာပြည့်ဝသည့် နိုင်ငံ့သားကောင်းများအဖြစ် ပြုစုပျိုးထောင်နိုင်စေရန်၊ မူးယစ်ဆေးဝါးနှင့် လောင်းကစားကင်းစင်သော လူ့အသိုက်အဝန်းတည်ဆောက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် လောင်းကစား ကင်းရှင်းရေးခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကျင်းပရာ လွိုင်ကော်မြို့ရှိ တက္ကသိုလ်ကောလိပ်များမှ ကျောင်းသား၊ကျောင်းသူများတက်ရောက်ဆွေးနွေးကြသည်။

သြဂုတ်လ ၁၂ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို ဂုဏ်ပြုသောအားဖြင့် ကယားပြည်နယ် လူငယ်ရေးရာကော်မတီက ကြီးမှူး၍ အဆိုပါစကားဝိုင်းကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်တက္ကသိုလ် ကိန္နရာခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအုံမော်က အဖွင့်အမှာစကားပြောကြားသည်။

လူငယ်စကားဝိုင်းတွင် မူးယစ်သမိုင်းနှင့် ကမ္ဘာ့အခြေအနေ၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ဒေသတွင်းနိုင်ငံများတွင် ကြုံတွေ့နေရသောအခြေအနေများ၊ မူးယစ်အန္တရာယ်ကာကွယ်မှု နည်းလမ်းများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများ စသည့် ခေါင်းစဉ်များကို လူငယ်ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးကြပြီး မူးယစ်တပ်ဖွဲ့စု အမှတ်(၂၀)မှရဲမှူးနှင့် ပြည်နယ်ဥပဒေရုံးမှ ဥပဒေအရာရှိတို့က ဖြည့်စွက်ဆွေးနွေး၍ တက်ရောက်လာသူများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



မကွေးဆေးတက္ကသိုလ်၌ Recreation Center ဆောက်လုပ်လျက်ရှိ

မကွေး သြဂုတ် ၄

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ဆေးတက္ကသိုလ်(မကွေး)၌ Recreation Center ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ Recreation Center ဆောက်လုပ်နေမှုကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့ပြင် နည်းပညာတက္ကသိုလ်(မကွေး)ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စွာသွားလာနိုင်ရေးအတွက် တက္ကသိုလ်အဝင်လမ်း ဖောက်လုပ်နိုင်ရေး လျာထားဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း (ပြန်/ဆက်)**

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄·c	/	၃၁·c
ရန်ကုန်	၂၄·c	/	၃၃·c
မန္တလေး	၂၆·c	/	၃၃·c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

(၆၄) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့်ဆုပေးပွဲကျင်းပ

နေပြည်တော် သြဂုတ် ၄

(၆၄) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တပ်မတော်စက်ပစ်ကွင်း(ပြင်ဦးလွင်)၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဆုပေးပွဲကိုကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆု ရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ တပ်မတော်ပစ်ခတ်စဉ်(အမျိုးသား)တွင် ဒိုင်းဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ ဒုတိယရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ တတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်း၊ တပ်မတော်ပစ်ခတ်စဉ်(အမျိုးသမီး)တွင် ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်း၊ ဒုတိယရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ တတိယဆုရရှိသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ အပြည်ပြည်ဆိုင်ရာပစ်ခတ်စဉ်တွင် ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်း၊ ဒုတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြုအသင်း၊ တတိယရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ စက်သေနတ်ပွဲစဉ်(၁)တွင် စံချိန်သစ်တင်ဆုရရှိခဲ့သည့် မိုင်းဆတ်မြို့ရှိနယ်မြေခံတပ်ဌာနချုပ်ကိုယ်စားပြုအသင်း၊ တံခွန်စိုက်ဒိုင်းဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးက တံခွန်စိုက်ဒိုင်းဆု၊ ပစ်ခတ်စဉ်ဒိုင်းဆု၊ အမှတ်တရဒိုင်းငယ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး တံခွန်စိုက်ဒိုင်းဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီး၊ ပစ်ခတ်စဉ်ဒိုင်းဆု၊ အမှတ်တရဒိုင်းငယ်နှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်စဉ်။

အဆိုပါ (၆၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲကို တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ ပြိုင်ပွဲဝင်အသင်း (၁၈) သင်းဖြင့် ဇူလိုင်လ ၂၀ ရက်နေ့မှ ယနေ့အထိ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)


ɔ ကျောဖုံးမှအဆက်

ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့် လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သဘော်ဘများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားသည်။ မိုးကြီးမည့်သတိပေးချက်နှင့် ပတ်သက်သည့်အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့တင်ပြသွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

(မိုး/ဇလ)



ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

ရွှေတောင် သြဂုတ် ၄

မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာ ဗဟုသုတရရှိစေရန်နှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အခြေခံပညာမူလတန်းကျောင်း(နွားမယ်)၌ သြဂုတ် လ ၄ ရက်တွင် လူငယ်ရေးရာ အသိပညာပေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးအောင်ကိုသန့်က ကျောင်းသား၊ ကျောင်းသူများအား စာပေဖတ်ရှုရခြင်း၏အကျိုးကျေးဇူးများ၊ ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးတစ်ဦး၏အလုပ်လုပ်နိုင်သည့် အသက်အရွယ်နှင့် ဥပဒေပါအကြောင်းအရာများ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးအသိပညာပေး စသည့်အကြောင်းအရာများကို ရှင်းလင်းဟောပြောသည်။ ဆက်လက်၍ မြို့နယ်တိုင်းရင်းဆေးမှူးဒေါ်နီလာမြင့်က စားသုံးဆေးပင်ကြာပန်းပင်အကြောင်း၊ သုံးစွဲရန်မသင့်သည့် တိုင်းရင်းဆေးဝါးများနှင့် တိုင်းရင်းဆေးပညာ၏အသုံးဝင်ပုံအကြောင်းတို့ကို ဆွေးနွေးဟောပြောသည်။

ယင်းနောက် အားကစားနှင့်ကာယပညာဦးစီးဌာန နည်းစနစ်မှူး ဒေါ်သပြေက အကြောလျှော့နည်း၊ အားကစားနည်းလေးမျိုးနှင့်အားကစားပြုလုပ်ခြင်း၏အကျိုးကျေးဇူးများအကြောင်း ဟောပြောပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နွေးဒါလီနိုင်က ပုံပြင်စာအုပ်ဖြင့်ပုံပြောခြင်းဆောင်ရွက်သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)

နိုင်ငံတစ်ဝန်းစိမ်းလန်းဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ အစောပိုင်းပြန်လည်ထူထောင်ရေး သင်တန်းအဆင့်- ၂ ဖွင့်လှစ်



နေပြည်တော် ဩဂုတ် ၄

အာဆီယံဒေသတွင်းသဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက လျင်မြန်ပြီး ပိုမိုအားကောင်းသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ အစောပိုင်းပြန်လည်ထူထောင်ရေးသင်တန်းအဆင့် - ၂ (ASEAN-ERAT Level-2 Course on Early Recovery) ဖွင့်လှစ်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှသင်တန်းသားများအနေဖြင့် စာတွေ့သာမက ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ပြီးစီးမှုအနေအထားများကိုမြေပြင်အထိကွင်းဆင်းလေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ဩဂုတ်လ ၃ ရက်မှ ၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ASEAN-ERAT အဖွဲ့ဝင် ၁၄ ဦးတက်ရောက်လျက်ရှိကာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အာဆီယံ-ဂျပန်ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေ (JAIF) နှင့် AHA Centre တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး နေပြည်တော်ကောင်စီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ AHA Centre၊ UNDP၊ IOM၊ IFRC၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ သင်တန်းနည်းပြများက သင်ခန်းစာများ ပို့ချမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးမှ ASEAN-ERAT အဖွဲ့ဝင်များအနေဖြင့် ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းစဉ်မှပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်သို့ ကူးပြောင်းလုပ်ဆောင်ရာတွင် စနစ်တကျဆောင်ရွက်နိုင်ရန်၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကျွမ်းကျင်မှုရှိစေရန်၊ နိုင်ငံတကာက ဆောင်ရွက်လျက်ရှိသောပြန်လည်ထူထောင်ရေးဆိုင်ရာအတွေ့အကြုံများ၊ ခေတ်မီနည်းပညာများဖလှယ်မျှဝေရန်နှင့် ASEAN-ERAT အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် အတွေ့အကြုံဖလှယ်ခြင်းဖြင့် အကျိုးရှိသော သင်တန်းတစ်ခုဖြစ်စေလိုကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးနှင့် ဒေါက်တာသန့်ဇော်လွင်၊ နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်း၊ တာဝန်ရှိသူများ၊ AHA Centre ၏ Operation Director နှင့် သင်တန်းနည်းပြများတက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေးကျင်းပ



နေပြည်တော် ဩဂုတ် ၄

နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေတိုးတက်စေရေး၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံသားလုပ်ငန်းရှင်များငွေကြေးလည်ပတ်မှုကောင်းမွန်စေရေး၊ နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရရှိစေရေးအတွက် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ကျင်းပရန် ဆောင်ရွက်လျက်ရှိကြောင်း ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် မဏ္ဍိရတနာကျောက်စိမ်းခန်းမ၌ကျင်းပသည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ (ပထမအကြိမ်)အစည်းအဝေးတွင်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးကပြောကြားသည်။

ထို့ပြင် မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော မဏ္ဍိရတနာကျောက်စိမ်းခန်းမပြုပြင်တည်ဆောက်မှုနှင့်ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) အကြီးစားပြုပြင်တည်ဆောက်မှုတို့ကို အချိန်မီပြီးစီးနိုင်ရေး အဓိကထားဆွေးနွေးသွားမည်ဖြစ်ပါကြောင်း ဆက်လက်ပြောကြားသည်။

အစည်းအဝေးတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီဝင်များကလုပ်ငန်းကော်မတီများအလိုက်ရှင်းလင်းတင်ပြကြပြီး မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော မဏ္ဍိရတနာကျောက်စိမ်းခန်းမပြုပြင်တည်ဆောက်မှုနှင့်ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)အကြီးစားပြုပြင်တည်ဆောက်မှုအခြေအနေတို့ကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြကာ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

နေရာကွက်၍ မိုးကြိုးနှိုင်

နေပြည်တော် ဩဂုတ် ၄

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်တွင်ဒေသအလိုက်နှင့်နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနှိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/၈လ)

(၅)နှစ်ပြည့် နိုင်ငံတကာပို့ဆောင်ရေး ထိပ်သီးအစည်းအဝေး - ၂၀၂၆ ဖွင့်ပွဲကျင်းပ

မြန်မာနိုင်ငံနေပြည်တော်နှင့် ရန်ကုန်မြို့အပါအဝင် နိုင်ငံတကာမှ မြို့ပေါင်း(၁၉)မြို့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တို့အကြား သယ်ယူပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လျှောက်ထားလွှာကို လက်မှတ်ရေးထိုး



ရန်ကုန် ဩဂုတ် ၄

(၅)နှစ်ပြည့်နိုင်ငံတကာပို့ဆောင်ရေးထိပ်သီးအစည်းအဝေး-၂၀၂၆ (5th Anniversary International Transport Summit-2026) ဖွင့်ပွဲကို ယမန်နေ့နံနက်ဝေနာရီက ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ The Carlton Hotel Ballroom ၌ ကျင်းပခဲ့ပြီး သယ်ယူပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလျှောက်ထားလွှာ (Application of Transport Cooperation) လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မြန်မာနိုင်ငံနေပြည်တော်နှင့် ရန်ကုန်မြို့အပါအဝင် နိုင်ငံတကာမှ မြို့ပေါင်း(၁၉)မြို့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တို့အကြား သယ်ယူပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လျှောက်ထားလွှာကို လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံ နေပြည်တော်ကိုယ်စားပြု၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးမျိုးမြင့်အောင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့အစိုးရ ဒုတိယမြို့တော်ဝန်၊ မော်စကိုအစိုးရ၏သယ်ယူပို့ဆောင်ရေးနှင့်လမ်းအခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးဌာနအကြီးအကဲ မစ္စတာ မက်စင်မ်လစ်ကဆူတော့တို့က လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

အလားတူ အိန္ဒိယနိုင်ငံ Visakhapatnam မြို့၊ ဂါနာနိုင်ငံ Accra မြို့၊ Turkiye နိုင်ငံ Ankara မြို့၊ Brazil နိုင်ငံ Belo Horizonte မြို့၊ Curitiba မြို့၊ Fortaleza မြို့၊ Goiania မြို့၊ Montes Claros မြို့၊ Porto Alegre မြို့၊ Lebanese နိုင်ငံ Beirut မြို့၊ Serbia နိုင်ငံ Belgrade မြို့၊ Sri Lanka နိုင်ငံ Colombo မြို့၊ Tanzania နိုင်ငံ Dar es Salaam မြို့၊ Nicaragua နိုင်ငံ Managua မြို့၊ Uruguay နိုင်ငံ Montevideo မြို့၊ Ecuador နိုင်ငံ Quito မြို့၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Vladivostok မြို့စသည့်မြို့များနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တို့အကြား သယ်ယူပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လျှောက်ထားလွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ (၅)နှစ်ပြည့်နိုင်ငံတကာပို့ဆောင်ရေး ထိပ်သီးအစည်းအဝေး-၂၀၂၆ (5th Anniversary International Transport Summit-2026) ကို ဩဂုတ်လ ၂ ရက်မှ ၆ ရက်အထိကျင်းပမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားတွင် Mr. Maksim Liksutov မော်စကိုမြို့ ဒုတိယမြို့တော်ဝန် (သယ်ယူပို့ဆောင်ရေးနှင့်စက်မှုလုပ်ငန်း)၊ Mr. Dmitry Zverev ရုရှားဖက်ဒရေးရှင်းနိုင်ငံ သယ်ယူပို့ဆောင်ရေးဒုတိယဝန်ကြီးနှင့် State Secretary၊ Mr. Vladimir Efimov မော်စကိုမြို့ ဒုတိယမြို့တော်ဒန်(မြို့ပြစီမံကိန်းမူဝါဒနှင့်ဆောက်လုပ်ရေး)တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းထိပ်သီးအစည်းအဝေးသည်မိတ်ဖက်မြို့ပြများအကြား သယ်ယူပို့ဆောင်ရေးစနစ်ခေတ်မီဆန်းသစ်ရေးနှင့် ဒီဂျစ်တယ်နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုများတွင် အဆင့်မြင့်ကျွမ်းကျင်မှုများကို အပြန်အလှန်မျှဝေရန်၊ မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍတိုးတက်ကောင်းမွန်စေရန်နှင့်လူနေမှုဘဝအရည်အသွေးကို မြှင့်တင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မည့် မဟာဗျူဟာများကို ဖော်ဆောင်ပေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်နှင့်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မြဝတီ

တောင်သူများ ဓာတ်မြေဩဇာသုံးစွဲရာတွင် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဩဂုတ် ၄

ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအနေဖြင့် တောင်သူများ ဓာတ်မြေဩဇာသုံးစွဲရာတွင် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်းစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါကော်မတီအစည်းအဝေးမှ သိရသည်။

အဆိုပါအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင်သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပခြင်းဖြစ်ပြီး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။


အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် တောင်သူများ ဓာတ်မြေဩဇာသုံးစွဲရာတွင် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးအတွက် နိုင်ငံခြားငွေလဲလှယ်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ရာ ဦးဆောင်ကော်မတီအနေဖြင့် ယူရီးယားဓာတ်မြေဩဇာတစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀ နှုန်းဖြင့် ရန်ကုန်အထိုင် ရည်ညွှန်းဈေးနှုန်းသတ်မှတ်ပေးထားကြောင်း၊ ရည်ညွှန်းဈေးနှုန်းကိုအခြေခံ၍ သယ်ယူစရိတ်နှင့် တင်ချခတို့ကို ထည့်ပေါင်းပြီး အမြတ်မယူဘဲ တောင်သူလက်ဝယ်အရောက် တိုက်ရိုက်ရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယူရီးယားဓာတ်မြေဩဇာတင်သွင်းသောကုမ္ပဏီများကို တင်ဒါ၊ ယှဉ်ပြိုင်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီသည်ပြည်ပတွင် ယူရီးယားဓာတ်မြေဩဇာဈေးနှုန်းများမတည်ငြိမ်မှုကြောင့် ပြည်တွင်းကုမ္ပဏီတစ်ခုချင်းအလိုက် တင်သွင်းရန်အခက်အခဲရှိနေကြသဖြင့် စိုက်ပျိုးချိန်ရာသီအမီ အချိန်မီတင်သွင်းနိုင်ရေးအတွက် ကုမ္ပဏီများကိုစုပေါင်းပြီး သမဝါယမစနစ် Consortium ဖွဲ့စည်းကာ အမြတ်မယူဘဲ စုပေါင်းဝယ်ယူ စုပေါင်းဖြန့်ဖြူးနိုင်ရန်စီစဉ်ဆောင်ရွက်ခဲ့သည့်အပြင် တင်သွင်းရာတွင် ပစ္စည်းမပြတ်လပ်အောင် အသုတ်လိုက်စီစဉ်ပေးကာ တင်သွင်းမှုအတွက် ဈေးနှုန်းပျမ်းမျှတွက်ချက်ပြီး ဈေးနှုန်းတည်ငြိမ်အောင်ဆောင်ရွက်ပေးထားကြောင်း အစည်းအဝေးမှ သိရသည်။

ထို့ပြင် ဓာတ်မြေဩဇာအရည်အသွေးနှင့် အလေးချိန် မှန်ကန်ရေး၊ သတ်မှတ်ရောင်းဈေးထက် ပိုမိုရောင်းချမှုမရှိစေရေး၊ သိုလှောင်ဈေးကစားခြင်းများမရှိစေရေး၊ တောင်သူများသုံးစွဲမှုရှိ/မရှိ၊ မြေပြင်လက်ကျန်စာရင်းမှန်ကန်မှုရှိ/မရှိတို့ကိုလည်း ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီက စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

(၄၇) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ





နေပြည်တော် ဩဂုတ် ၄

(၄၇) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံမှ အလှည့်ကျအိမ်ရှင်အဖြစ်ကျင်းပသည်။

အစည်းအဝေးတွင် တက်ရောက်လာသည့်ကိုယ်စားလှယ်များက နိုင်ငံတကာ၊ ဒေသတွင်းနှင့်အမျိုးသားရေးဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကြိုးပမ်းချက်များနှင့် ပတ်သက်၍ သဘောထားဖလှယ်ခြင်း၊ (၁၀) ကြိမ်မြောက် အာဆီယံပင်လယ်ဆိပ်ကမ်းကြားဖြတ်နှိမ်နင်းရေး အထူးအဖွဲ့အစည်းအဝေး၏အကျိုးရလဒ်များ ဆွေးနွေးခြင်း၊ အာဆီယံလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅) နှင့် ပတ်သက်၍ အပြီးသတ်သုံးသပ်မှုပြုလုပ်ခြင်း၊ အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် ၎င်း၏လုပ်ငန်းခွဲများအတွက် လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်အခြေအနေအား ဆွေးနွေးခြင်း၊ ACCORD ရန်ပုံငွေနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ခြင်းတို့ကိုဆောင်ရွက်ကြသည်။

ထို့ပြင် မူးယစ်ဆေးဝါး ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးလုပ်ငန်းများအတွက် ဥဏ္ဍာရည်တု (AI) နှင့် ဒီဂျစ်တယ်ကိရိယာများကို အသုံးပြုခြင်းဆိုင်ရာအာဆီယံအွန်လိုင်းသင်တန်းအခြေအနေများ၊ (၆၉) ကြိမ်မြောက် CND ၏အကျိုးရလဒ်များနှင့် CND ၏ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကဏ္ဍတွင် အာဆီယံပူးတွဲကြေညာချက် ထုတ်ပြန်မှုနှင့်ပတ်သက်သည့် အစီရင်ခံစာကိစ္စရပ်များ၊ အာဆီယံအဖွဲ့ဝင်အဖြစ် တီမောလက်စ်တေနိုင်ငံ ဝင်ရောက်ခြင်းအတွက် ဦးစားပေးစဉ်းစားရမည့် အချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများအား ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ Video Conference စနစ်ဖြင့်တက်ရောက်သည့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်သန့်လွင်မောင်က မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုနှင့်သုံးစွဲမှုပြဿနာကို နိုင်ငံအားလုံးကနည်းလမ်းပေါင်းစုံ၊ ဘက်ပေါင်းစုံနှင့်တိုက်ဖျက်နေသော်လည်း အဆိုပါပြဿနာသည်ရုပ်တန့်မသွားဘဲ နိုင်ငံတော်အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို အမြဲနှောင့်ယှက်နေပြီး နိုင်ငံတိုင်းအတွက် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်သူများသည် ၎င်းတို့၏ပြစ်မှုကျူးလွန်မှုပုံစံများကို ပြောင်းလဲလုပ်ဆောင်နေသည့်အတွက် အသစ်ထွက်ပေါ်လာသည့် လူလုပ်မူးယစ်ဆေးဝါးများ၊ ပြောင်းလဲလာသည့် ဓာတုပစ္စည်းများနှင့် ပတ်သက်၍ သတင်းဖလှယ်ပေးပို့ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ASOD ခေါင်းဆောင်များ ဦးဆောင်သည့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးရုံး၊ CND၊ CPDAP၊ INTERPOL၊ UNODC တို့မှကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပြီး (၄၇) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများအား ဩဂုတ်လ ၅ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဩဂုတ် ၄

ယနေ့မြန်မာစံတော်ချိန် ဝ၉ နာရီ ၂၆ မိနစ် ၃၅ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှတောင်ဘက်၃၄မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏ အနောက်မြောက်ဘက် ၁၄ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၇၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၂၃ ဒီဂရီ၊ အနက် ၅၀ ကီလိုမီတာကိုဗဟိုပြု၍ပမာဏ ၃ ဒသမ ၇ (M) အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/၈လ)

လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာနှင့် အခြေခံစားသောက်ကုန်များထောက်ပံ့



ပုသိမ် ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာနေ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာ၊ စားသုံးဆီ၊ ခေါက်ဆွဲခြောက်၊ ကော်ဖီမစ်၊ ရေသန့်၊ ဆေးဝါးနှင့် အခြားစားသောက်ဖွယ်ရာများကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဧရာဝတီဖောင်ဒေးရှင်းတို့က ယနေ့သွားရောက် ထောက်ပံ့ပေးအပ်သည်။

ရေဘေးသင့်ပြည်သူများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်နှင့်တာဝန်ရှိသူများက တွေ့ဆုံထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ဧရာဝတီဖောင်ဒေးရှင်းမှတာဝန်ရှိသူတို့က အားပေးစကားပြောကြား၍ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာန ဦးစီးမှူးက ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာ-အိုင်သပြု-ငါးသိုင်းချောင်းလမ်းပေါ်တွင် ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် တံတားအမှတ်(၁/၆)ပျက်စီးမှုအခြေအနေနှင့် ယာယီဘေလီတံတားတည်ဆောက်နိုင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

လေးမျက်နှာမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း ရေဝင်ရောက်မှုဖြစ်ပွားချိန်မှစ၍ ဌာနဆိုင်ရာများ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့်လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်းကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပရဟိတအဖွဲ့များ၊ တစ်ဦးချင်းအလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အနုပညာရှင်များကလည်း ကွပ်ကဲရေးရုံးများနှင့်ချိတ်ဆက်၍ ထောက်ပံ့စွမ်းများကို နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

A delegation led by Vice Chairman U Xiao Guoan of UWSP calls on President of the Republic of the Union of Myanmar U Min Aung Hlaing

NAY PYI TAW August 4

A delegation led by Vice Chairman U Xiao Guoan from the United Wa State Party (UWSP) paid a courtesy call on President of the Republic of the Union of Myanmar U Min Aung Hlaing at the Presidential Palace Reception Hall in Nay Pyi Taw this morning.

Also present at the call together with the President were Vice President U Nyo Saw, Chairman of the National Solidarity and Peacemaking Negotiation Committee Lt-Gen Yar Pyae, Secretary Lt-Gen Min Naing and Lt-Gen Kyaw Ko Htaik from the Office of the Commander-in-Chief. The UWSP Vice Chairman was accompanied by Deputy General Secretary U Bao Aik Kham and officials.



President of the Republic of the Union of Myanmar U Min Aung Hlaing receives the delegation led by Vice Chairman U Xiao Guoan from the United Wa State Party (UWSP).

The meeting focused on the new government's efforts in its term to implement the peace and stability of the State and restoration of lasting peace nationwide by adopting a firm pledge, and extending the invitation to all ethnic armed groups to the peace talks so as to forge the durable peace, the activities of the United Wa State Party (UWSP) meeting with the government as a great efforts for the future of the State, conducting the peace talks between Tatmadaw and Wa group in 1989, the efforts of the State in accordance with the 2008 Constitution to achieve lasting peace, which is essential for building a new nation based on the democratic and a federal system desired by the people, the concept of UWSA that the State is its parent in carrying out development of their region under care of the State, and the State fulfilments for the Wa region through the deployment of teachers and infrastructure development, the upgrade of hospitals to improve the healthcare sector in addition to appointment of health staff, and providing necessary materials for construction projects in order to develop the transport sector better, the State's endeavours in accelerating measures to completely eliminate online scams and online gambling activities across the country, as well as intensifying efforts to prevent and suppress narcotics-related crimes, the efforts of UWSA in strictly supervising and taking effective action to eradicate online gambling activities and combat narcotics in its region.

After the meeting, the President presented commemorative gifts to the UWSP Vice Chairman and party. The UWSP Vice Chairman also returned the commemorative gifts to the President.

Afterwards, the President and the UWSP Vice Chairman posed for documentary photos together with the attendees. **Myawady**

Kanbalu Township to grow more than 90,000 acres of green gram this year

KANBALU August 4

Statistics of Department of Agriculture in Kanbalu Township of Sagaing Region stated that local authorites earmark cultivation of 90,000 acres of green gram as monsoon crops in Kanbalu Township this year.

During the 2026-2027 monsoon crop planting season, Kanbalu Township plans to cultivate 90,594 acres of green gram, with planting scheduled to begin in June and continue through September this year, according to reports.

"This year, during the monsoon crop planting season, more than 90,000 acres of green gram cultivation have been targeted in Kanbalu Township. Efforts will be made to ensure the full target acreage is achieved. Regarding green gram cultivation, awareness campaigns are being conducted to encourage expanded cultivation, and farmers are also being educated on the use of high-quality and pure seed varieties to achieve better yields," said U Myo Zaw, head of the Kanbalu Township Agriculture Department.

This year, the Township Agriculture Department will provide assistance and awareness programs for green gram growers in Kanbalu Township, including access to high-quality seed varieties suitable for the local region, proper cultivation methods, pest prevention measures, systematic use of fertilizers, and practices to improve crop yields.

During this year's monsoon crop cultivation season, the necessary high-quality seed varieties, agricultural inputs, and post-harvest technology training needed to improve the yield and quality of pulse crops will be provided in cooperation with farmers.

SMK

Tomato in high demand at domestic market in Pathein Township

PATHEIN August 4

"Trading of tomato is booming at the domestic market in Pathein Township of Ayeyawady Region," said Daw Win Myint, the owner of green grocery trading depot in Pathein Township.

At the vegetable market in Pathein, demand for tomatoes has been strong and trading has remained good from the first week of April this year up to the present, according to reports. Tomatoes produced in the region are reportedly being traded at volumes of between 5,000 and 6,500 viss per day.

"Tomatoes are selling very well in the Pathein market. Buyers are purchasing large quantities even at the local produce market. The tomatoes being traded are free from pests and are of good quality. This year's tomatoes are reported to have both high quality and good yields," said Daw Win Myint.

Tomatoes are cultivated in Pathein Township, while additional supplies are also purchased and distributed from other regions. Tomatoes with strong market demand fetch Ks-4,000 to Ks-6,500 per viss, according to market sources. **SK**

Pwintbyu Township plans to grow more than 1,300 acres of sunflower

PWINTBYU August 4

According to the township Agriculture Department, local farmers will cultivate 1,337 acres of sunflower as monsoon crops in Pwintbyu Township of Magway Region this year.

In Pwintbyu Township, a total of 1,337 acres of sunflower are planned to be cultivated during this year's monsoon cropping season, and planting activities will begin in June to ensure that the targeted acreage is fully achieved.

"This year, during the monsoon cropping season, Pwintbyu Township has set a target to cultivate 1,337 acres of sunflower. Efforts will be made to ensure the full achievement of the target acreage and to increase crop yields," said Daw Moe Moe Wai, head of the Pwintbyu Township Agriculture Department.

During this year's monsoon cropping season, the Agriculture Department will systematically provide field supervision and farmer education to sunflower growers in Pwintbyu Township so that cultivation acreage can be expanded and yields improved. The department will assist farmers in using high-quality, regionally suitable seed varieties, adopting GAP cultivation practices, and preventing pest and disease infestations.

Township head Daw Moe Moe Wai also said that if sunflower can be cultivated with good yield and quality, it will help meet local edible oil consumption demands and surplus production can be exported abroad. As a result, farmers will earn crop income and socio-economic conditions will improve. Therefore, efforts must be made to expand sunflower cultivation in all suitable regions. **SK**



ChaungU Township decides to grow more than 20,000 acres of pigeon pea this year

CHAUNGU August 4

ChaungU Township Agriculture Department of Sagaing Region stated that local farmers will plant more than 20,000 acres of pigeon pea as monsoon crops in the township this year.

During the 2026-2027 monsoon cropping season, ChaungU Township has targeted the cultivation of 20,300 acres of pigeon pea, and planting will be carried out from June through September this year, according to reports.

"This year, during the monsoon cropping season, ChaungU Township has targeted the cultivation of more than 20,000 acres of pigeon pea. Efforts will be made to ensure that the targeted acreage is fully achieved. Measures are also being undertaken to achieve good yields in pigeon pea cultivation. Farmers cultivate pigeon pea both as a sole crop and as an intercropped crop," said U Tint Swe, head of the ChaungU Township Agriculture Department.

This year, the Township Agriculture Department in ChaungU Township will provide field-based education and technical assistance to pigeon pea farmers on the selection and cultivation of quality seed varieties, correct cultivation methods, pest prevention, and improving crop yields.

The Township Agriculture Department in ChaungU Township is also distributing technologies that combine the use of urea and borax in order to reduce the cost of purchasing foliar fertilizers for pigeon pea farmers. It is reported that the combined use of urea and borax helps reduce cultivation costs, keeps plants free from pests, and promotes better crop growth.

SMK

Plan underway to cultivate more than 18,000 acres of rainfed paddy in Kalewa Township



KALEWA August 4

According to the agricultural data of the township Agriculture Department, local authorities earmarked cultivation of more than 18,000 acres of rainfed paddy in Kalewa Township, Sagaing Region, this year.

During the 2026-2027 monsoon cropping season, Kalewa Township has targeted the cultivation of 18,635 acres of rainfed paddy, and the cultivation will be carried out from June through September this year.

"This year, during the monsoon cropping season, Kalewa Township has targeted the cultivation of more than 18,000 acres of monsoon paddy. Efforts will be made to ensure that the targeted acreage is fully achieved. Necessary technologies and seed varieties for monsoon paddy cultivation will be provided. Field assistance will also be carried out so that farmers can plant monsoon paddy in a timely manner," said U Myo Naing, head of the Kalewa Township Agriculture Department.

During this year's monsoon cropping season, the relevant Township Agriculture Department and local farmers will cooperate to ensure that monsoon paddy can be cultivated systematically and without difficulties.

In Kalewa Township, agricultural education and technical assistance will be provided to monsoon paddy farmers, including pest prevention awareness, measures to prevent crop losses and damage, and guidance to ensure harvested paddy is transported under shelter in a timely manner.

To ensure the successful growth and good yield of the monsoon paddy fields cultivated in Kalewa Township this year, staff from the Township Agriculture Department will conduct field visits to provide agricultural technical support, including the selection and cultivation of quality seed varieties, pest monitoring, harrowing and weeding, rogueing of off-type plants, and the systematic application of fertilizers.

SMK

Authorities earmark cultivation of more than 38,000 acres of green gram

YINMABIN August 4

Statistics of Yinmabin District Department of Agriculture stated that local authorities have earmarked cultivation of more than 38,000 acres of green gram in Yinmabin District of Sagaing Region this year.

During the 2026-2027 monsoon cropping season, Yinmabin District has set township-wise targets for mung bean cultivation, with 5,462 acres in Yinmabin Township, 12,661 acres in Kani Township, 17,043 acres in Salingyi Township, and 3,502 acres in Pale Township, totaling 38,668 acres. Cultivation will be carried out from June through September this year, according to reports.

"This year, during the monsoon cropping season, Yinmabin District has targeted the cultivation of more than 38,000 acres of mung bean. Efforts will be made to ensure that the targeted acreage is fully achieved. Regarding mung bean cultivation, educational activities are being conducted to encourage expanded cultivation and to promote the use of quality seed varieties in order to achieve good yields," said Daw Sanda Moe, head of the Yinmabin District Agriculture Department.

This year, the Township Agriculture Departments in Yinmabin District will provide awareness and technical assistance to mung bean farmers on obtaining regionally suitable quality seed varieties, applying correct cultivation methods, preventing pest infestations, systematically using fertilizers, and improving crop yields.

During this year's monsoon cropping season, the relevant departments will cooperate with farmers in cultivating various bean crops by providing the necessary quality seed varieties, agricultural inputs, and post-harvest technologies to ensure good yield and quality of bean crops.

SK

Putin holds phone talks with President of Brazil - Kremlin



MOSCOW August 4

Russian President Vladimir Putin held a telephone conversation with Brazilian President Luiz Inacio Lula da Silva, the Kremlin said on Tuesday.

"At the initiative of the Brazilian side, Russian President Vladimir Putin had a telephone conversation with Brazilian President Luiz Inacio Lula da Silva," the statement said.

The presidents discussed current international issues, including the situation around Ukraine, as well as discussed strengthening relations between the countries in various areas, with a particular focus on expanding trade, the statement read.

Putin expressed gratitude to Lula da Silva for his efforts to help achieve a political and diplomatic settlement in Ukraine, the Kremlin added.

"It was agreed to continue coordination at the United Nations and in other multilateral cooperation formats," the statement said.

The presidents confirmed that both countries adhere to same or similar approaches on many issues of the global agenda, the statement said. **Sputnik**

Russian Pacific Fleet launches large-scale military exercises

MOSCOW August 4

The Russian Pacific Fleet on Tuesday kicked off large-scale military drills in the waters of the Sea of Japan, the Sea of Okhotsk and the Northwest Pacific Ocean, the Russian Defence Ministry said in a statement.

The drills are aimed at defending Russia's Far Eastern borders. Ship groups and missile systems have been deployed to designated maneuver zones, said the statement.

According to the ministry, the exercises are designed to test the capability of command staff across various units and to practice the integrated employment of high-precision weapons and new-generation military hardware.

More than 13,000 service personnel, around 60 warships, submarines and support vessels, together with some 30 fixed-wing aircraft, helicopters and Pacific Fleet naval aviation drone systems are taking part in the maneuvers, the ministry added. **Xinhua**

12 injured as Air India Phuket-Delhi flight hit by turbulence

NEW DELHI August 4

At least 12 people, including two crew members, on board an Air India flight from Phuket to Delhi on Tuesday sustained injuries after experiencing turbulence, multiple local media reports said.

The aircraft lost approximately 300 feet in altitude, triggering a mid-air scare among the passengers, the reports added.

Flight AI2379 landed safely at the airport in Delhi, and the injured passengers were immediately taken to different hospitals for medical examination, according to officials.

Air India, while confirming the incident to local media in a statement, said that the flight experienced a brief turbulence-related event during cruise, resulting in a momentary change in altitude.

There were reportedly 134 passengers on board the aircraft. **Xinhua**

14 injured in New York subway fire



NEW YORK August 4

At least 14 people were injured after a fire broke out on a subway work train Tuesday morning in Manhattan, New York City.

Firefighters received a call just after 2:15 am. Eastern Time (0615 GMT) about the blaze, which sent black smoke billowing from the Astor Place station, according to authorities.

New York City Fire Department Assistant Chief Tom Currao said at a press conference that seven Metropolitan Transportation Authority workers were taken to local hospitals for smoke inhalation. Six firefighters were also injured, while another subway worker was evaluated at the scene.

As the train caught fire, a northbound train arrived at the station and discharged its passengers, Currao said. Firefighters helped them evacuate and none were injured. The fire has caused severe delays to nearby subway service.

Firefighters brought the blaze under control by 5:30 am. Eastern Time (0930 GMT). The cause of the fire is under investigation. **Xinhua**

Four EU countries refuse to sign letter criticizing Spain over Ceuta crisis – Reports

MOSCOW August 4

Ireland, France, Portugal and Luxembourg did not sign a letter criticizing Spain over the influx of tens of thousands of illegal migrants into the Spanish enclave of Ceuta on the northern coast of Africa, the Politico news outlet reported on Tuesday.

Leaders of 22 EU countries sent a letter to European Commission President Ursula von der Leyen, calling on Madrid to step up controls at the European Union's external border and demanding a pan-European mechanism to counter regularization schemes for illegal migrants, similar to the one implemented by Spanish Prime Minister Pedro Sanchez.

An unnamed diplomat told the outlet that one of the countries had objected to the letter because it did not demonstrate solidarity with Spain.

In late July, the Spanish autonomous city of Ceuta experienced a massive influx of migrants from neighbouring Morocco. Spain deployed additional police, the Civil Guard and troops to the area in an effort to deter illegal crossings. Ceuta's mayor-president, Juan Jesus Vivas, said about 60,000 people had entered Ceuta in a single day. **Sputnik**

France records hottest July on record

PARIS August 4

July was recorded as France's hottest month on record, surpassing previous temperature benchmarks since records began in 1900, the country's weather service Meteo-France said on Tuesday.

With a monthly average national temperature of 24.9 degrees Celsius, July 2026 surpassed the previous records of 24.8 degrees Celsius in August 2003 and 24.4 degrees Celsius recorded in July 2006, Meteo-France said.

The record-breaking heat was accompanied by severe dry conditions. Meteo-France noted that rainfall across the country was nearly 70 percent below the seasonal average, making July 2026 the third-driest July on record. The weather service also said July 2026 was the country's second-sunniest July on record. **Xinhua**

Adverse weather in central Sri Lanka kills at least 6

COLOMBO August 4



At least six people have died due to adverse weather conditions currently affecting Sabaragamuwa Province and Kandy and Nuwara Eliya districts in central Sri Lanka, local police said Tuesday.

In one landslide incident triggered by heavy rainfall in Hatton, Central Province, four individuals died after a mound of earth collapsed onto a house.

Earlier, Nuwara Eliya District Secretary Thushari Tennakoon said that a total of 2,331 individuals from 581 families in the district have been affected by the prevailing adverse weather conditions.

Meanwhile, 1,734 people have been relocated to seven safety centers established in the district.Several areas in central Sri Lanka are currently experiencing heavy rainfall, causing risks of floods and landslides. **Xinhua**

Online scam operators arrested with weapons, ammunition, and equipment near Narai New Village in Namhsan Township



Related operational equipment used in committing online gambling and scam operations near Narai New Village, Namhsan Township, Southern Shan State.



The building used for committing online gambling and scam operations near Narai New Village, Namhsan Township, Southern Shan State.



Record photo of the arrest of those who committed online gambling and scam operations near Narai New Village, Namhsan Township, Southern Shan State.



Weapons, ammunition, and related operational equipment seized at the site where online gambling and scam operations were being conducted near Narai New Village, Namhsan Township, Southern Shan State.



Record photo of the arrest of those who committed online gambling and scam operations near Narai New Village, Namhsan Township, Southern Shan State.

NAY PYI TAW August 4

The State is actively cooperating with neighbouring countries, regional nations, and international organizations to eradicate online gambling and scam operations and prevent them from taking root in Myanmar, with special emphasis on anti-scam efforts.

As part of these ongoing operations, Tatmadaw columns conducting security operations in Namhsan Township, Southern Shan State, carried out necessary searches and inspections following intelligence reports of online gambling and scam activities in the area. Today at approximately 2:30 pm, about 250 meters south of Narai New Village in Namhsan Township, authorities raided a single-storey structure measuring 80 feet long by 60 feet wide, which was brick-walled with corrugated zinc roofing and used for online scam operations. During the raid, they arrested a total of 43 males and six females, comprising 36 Chinese male nationals, two Chinese female nationals, seven Myanmar male nationals, and four Myanmar female nationals. Seized items included one P-365 type pistol with two magazines and five rounds of 9mm ammunition, one UZI type pistol with one magazine and nine rounds of .38 ammunition, two AK-47 assault rifles with two magazines and fifty rounds of 7.62mm ammunition, 67 mobile phones of various types, four All-in-One computers, one CPU unit, and six Star-Link satellite internet systems.

The detained individuals are currently undergoing necessary interrogations, and upon completion of investigations, authorities will take effective and stringent legal action in accordance with existing laws. The confiscated equipment will be processed following proper procedures. Investigations will continue to identify and take action against those behind the operations.

The State reaffirms its commitment to continuing active cooperation with neighbouring countries, regional nations, and international organizations to eliminate online gambling and scam activities and prevent them from establishing a foothold in Myanmar.

100

Taze Township to grow over 35,000 acres of groundnuts

TAZE August 4

More than 35,000 acres of groundnuts will be planted in Taze Township, Ye-U District, Sagaing Region during this year's rain crops planting season,according to the statistics of the Department of Agriculture for Ye-U District.

During the 2026-2027 rain crops planting season, 35,710 acres of groundnuts will be planted in Taze Township, and farmlands are currently being plowed to grow groundnuts.

"This year, Taze Township has planned to grow more than 35,000 acres of groundnuts. We are working to plant groundnuts this month. We will also work to reach the target acres. Oilseed crops are also in a successful position. Groundnut cultivation is increasing year by year," said U Zaw Myint Htun, head of the Department of Agriculture for Ye-U District.

In Taze Township, farmers plant one and a half baskets of groundnuts per acre. Groundnut cultivation costs more than Ks-200,000 per acre, including expenses for seeds, labour, fertilizer, and pesticides, and produces a yield of more than 50 baskets per acre. **SK**

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

▼ ကျောဖုံးမှအဆက်

ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းများသည် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေကြောင်း သတင်းအရ လိုအပ်သည့် ရှာဖွေစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယနေ့မွန်းလွဲ ၂ နာရီ ၃၀ မိနစ်ခန့်တွင် နမ့်စန်မြို့နယ်၊ နားရိုင်းရွာသစ်ကျေးရွာ၏ တောင်ဘက် မီတာ ၂၅၀ ခန့်အကွာရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်အလျားစပေးအနံ ၆၀ပေ (အုတ်ကာ၊ သွပ်မိုး)အဆောက်အအုံ ၁ လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသား ၃၆ ဦးနှင့် အမျိုးသမီး ၂ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၇ ဦး၊ အမျိုးသမီး ၄ ဦး၊ စုစုပေါင်း အမျိုးသား ၄၃ ဦးနှင့်အမျိုးသမီး ၆ ဦး တို့အား P-365 အမျိုးအစား ပစ္စတို ၁ လက်၊ မောင်းပြန်ရိုင်ဖယ် ၂ လက်၊ ကျည်အိမ် ၂ ခု၊ ၇ ဒသမ ၆၂ မမ ကျည် ၅၀ တောင့်၊ လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဖုန်းမျိုးစုံ ၆၇ လုံး၊ All in One ကွန်ပျူတာ ၄ လုံး၊ CPU ၁ လုံး၊ Star Link ၆ စုံတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးမှုပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ကွယ်မှ ပါဝင်ပတ်သက်နေသူများကိုလည်း စုံစမ်းဖော်ထုတ်ကာ အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နမ့်စန်မြို့နယ်၊ နားရိုင်းရွာသစ်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လက်နက်၊ ခဲယမ်းများ၊ လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နမ့်စန်မြို့နယ်၊ နားရိုင်းရွာသစ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများကို တွေ့ရစဉ်။



ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နမ့်စန်မြို့နယ်၊ နားရိုင်းရွာသစ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသမီး ၂ ဦးအား ဖမ်းဆီးရမိစဉ်။




ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်၊ နားရိုင်းရွာသစ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ မြန်မာနိုင်ငံသား အမျိုးသား ၄ ဦးအား ဖမ်းဆီးရမိစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်၊ နားရိုင်းရွာသစ်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့်နေရာ၌ ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများကိုတွေ့ရစဉ်။




ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်၊ နားရိုင်းရွာသစ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်း Star link ၆ လုံးကို တွေ့ရစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်၊ နားရိုင်းရွာသစ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ဖုန်းမျိုးစုံ ၆၇ လုံးကို တွေ့ရစဉ်။

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ဒုံးကျည်ပစ်ပေါက် ၆၄ ခုနဲ့ ဒုံးကျည်မျိုးစုံပစ်နိုင်မယ့် GMF 140



ဂျာမနီနိုင်ငံ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီဖြစ်တဲ့ Rheinmetall က GMF 140 ဆိုတဲ့ ပဲ့ထိန်းဒုံးကျည်တင် ဖရီးဂိတ်စစ်ရေယာဉ်တစ်စင်းကို မိတ်ဆက်ပြသလိုက်ပါတယ်။ ရေယာဉ်ရဲ့အလျားက ပေ ၄၆၀ နဲ့ တန်ချိန်က ၆၀၀၀ ကျော်ရှိပါတယ်။ အထူးသဖြင့် သူ့ကိုထုတ်လုပ်ရခြင်းရဲ့ရည်ရွယ်ချက်က ဝေဟင်၊ ရေပြင်၊ ရေအောက်ခြိမ်းခြောက်မှုတွေကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့နဲ့ တာဝေးတိုက်ခိုက်ရေး စွမ်းရည်များကိုပေးစွမ်းနိုင်စေဖို့ဖြစ်တယ်လို့ဆိုပါတယ်။

တစ်ဖက်နဲ့တစ်ဖက်အကြိတ်အနယ်ရှိလှတဲ့ရေပြင်မှာ ဘက်ပေါင်းစုံမှခြိမ်းခြောက်မှုများကို မလွဲမသွေရင်ဆိုင်ရမှာပါ။ ဒီအခြေအနေကိုကိုင်တွယ်နိုင်ဖို့အတွက် ဒေါင်လိုက်ဒုံးကျည်ပစ်ပေါက် ၆၄ ခုပါတဲ့ GMF 140 က လေကြောင်းရန်ကာကွယ်ရေး၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး၊ တာဝေးပစ်ခတ်တိုက်ခိုက်ရေးလုပ်ငန်းတွေကို စစ်သည်အင်အားအနည်းအကျဉ်းနဲ့ လုပ်ဆောင်နိုင်စေမှာပါ။

NATO တပ်ဖွဲ့ရဲ့လိုအပ်ချက်နဲ့ကိုက်ညီစေဖို့အတွက်လည်း အဲဒီဖရီးဂိတ်မှာ အမေရိကန်ထုတ်ရေဒါစနစ်များကိုတပ်ဆင်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် အမေရိကန်ရေတပ်နဲ့ မဟာမိတ်တပ်ဖွဲ့တွေကြားတွင်ကျယ်ပြန့်အသုံးပြုနေတဲ့ AEGIS တိုက်ခိုက်ရေးစနစ်လည်းပါဝင်လာမှာဖြစ်တယ်လို့ ကုမ္ပဏီကပြောထားပါတယ်။ **Ref: IE**

ကိုထက်

စွမ်းဆောင်ရည်ပိုကောင်းလာမယ့် Audi ရဲ့ A2 e-tron



Audi ကုမ္ပဏီက သူတို့ရဲ့မူလ A2 ကားတွေကို အရောင်းပြခန်းတွေကနေ ခပ်မြန်မြန်ပဲပြန်သိမ်းသွားပါတယ်။ အကြောင်းရင်းကတော့ စွမ်းဆောင်ရည်ပိုင်းမှာပိုမိုကောင်းမွန်တဲ့ A2 ကားနောက်တစ်မျိုးကို ထုတ်လုပ်မှာဖြစ်တဲ့အတွက်ပါ။ အဲဒီကားကတော့ A2 e-tron ဖြစ်ပါတယ်။ သူက လျှပ်စစ်စွမ်းအင်ကိုသာအပြည့်အဝအသုံးပြုထားတဲ့အမျိုးအစားပါ။ ဒီကားကိုတော့ လာမယ့်ဆောင်းရာသီမှာ ထုတ်ဖော်ပြသရောင်းချသွားဖို့ရှိနေပါတယ်။ လက်ရှိမှာတော့ သူတို့ရဲ့ကားကိုလူတွေပိုပြီးစိတ်ဝင်စားလာစေဖို့ A2 e-tron ရဲ့စွမ်းဆောင်ရည်ပိုင်းတချို့ကို Audi ကုမ္ပဏီက ထုတ်ပြန်ပေးလိုက်တာတွေ့ရပါတယ်။

လျှပ်စစ်စွမ်းအင်သုံးကားဖြစ်တဲ့အတွက် ဘက်ထရီစားသက်သာစေဖို့အရေးကြီးပါတယ်။ ဒီလိုအရေးကြီးတဲ့စွမ်းဆောင်ရည်တစ်ရပ်ကို A2 e-tron မှာပါဝင်လာတာတွေ့ရပါတယ်။ WLTP ရဲ့စမ်းသပ်ချက်များအရဆိုရင် A2 e-tron ရဲ့စွမ်းအင်သုံးစွဲမှုပမာဏက ကီလိုမီတာ ၁၀၀ ကို ၁၂ ဒသမ ၈ ကီလိုဝပ်နာရီသာရှိတယ်လို့သိရပါတယ်။ အဓိကကတော့ ကားကိုဒီဇိုင်းဆွဲတဲ့နေရာမှာ လေရဲ့တုံ့ပြန်တွန်းကန်မှုကို နည်းပါးစေဖို့အထူးပြုထားတာကြောင့်ဖြစ်ပါတယ်။ တစ်နည်းပြောရမယ်ဆိုရင် A2 e-tron က လေခွင်းအားပိုင်းမှာအဆင့်မြှင့်တင်မှုတွေလုပ်ထားတာကြောင့်ဖြစ်ပါတယ်။ ဒီကားက အကွာအဝေးဘယ်လောက်သွားနိုင်မလဲဆိုတာတော့ မသိရသေးပါဘူး။ **Ref: EA**

ကိုထက်

တရုတ်ရဲ့ ကမ္ဘာ့ပထမဆုံး လိုဏ်ခေါင်းဟောက်ခွဲတူးဖော်ရေးစက်



ဥမင်လိုဏ်ခေါင်းတူးဖော်ရေးလုပ်ငန်းဆိုတာ အင်မတန်မှစိန်ခေါ်မှုများတဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ဒီလိုစိန်ခေါ်မှုများတဲ့လုပ်ငန်းကိုအကောင်းဆုံးလုပ်ဆောင်နိုင်ဖို့အတွက် တရုတ်နိုင်ငံက လိုဏ်ခေါင်းတူးဖော်ရေးစက်အသစ်ကို ထုတ်ဖော်ပြသလိုက်ပါတယ်။ အဲဒီစက်က လိုဏ်ခေါင်းတူးစက်နဲ့ သမားရိုးကျဖောက်ခွဲတူးဖော်ရေးစက်နည်းပညာတို့ကို ပေါင်းစပ်ထားတာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီစက်ကို လိုဏ်ခေါင်းဖောက်ခွဲတူးဖော်ရေးစက်လို့ အမည်ပေးထားပါတယ်။ ဒီစက်ဟာ ကမ္ဘာ့ပထမဆုံးသော လိုဏ်ခေါင်းဖောက်ခွဲတူးဖော်ရေးစက်လည်းဖြစ်ပါတယ်။

ဒီစက်ကိုဘယ်နေရာတွေမှာ အသုံးပြုနိုင်လည်းဆိုရင် လိုဏ်ခေါင်းတူးဖော်ရတာခက်ခဲတဲ့အပြင် ရှုပ်ထွေးမှုတွေရှိနေတဲ့ ပထဝီဝင်အခြေအနေမျိုးတွေမှာ အသုံးပြုနိုင်မှာပါ။ ဒီလိုအသုံးပြုလိုက်ခြင်းအားဖြင့် ယခင်ကြုံတွေ့နေရတဲ့ လိုဏ်ခေါင်းတူးဖော်ရေးအခက်အခဲများကို ဖြေရှင်းပြီးသားဖြစ်သွားမှာပါ။ ဒီစက်ကို ဖန်တီးထားသူများကတော့ ဆင်းဟွာတက္ကသိုလ်နဲ့ တရုတ်မီးရထားသိပ္ပံနှင့်စက်မှုလုပ်ငန်းစုတို့ဖြစ်ပါတယ်။ အခုလိုမျိုး အဆင့်မြင့်မားတဲ့ဥမင်လိုဏ်ခေါင်းတူးဖော်ရေးစက်ကို တီထွင်ထုတ်လုပ်နိုင်ခြင်းက တရုတ်နိုင်ငံရဲ့အဆင့်မြင့်မြေအောက်တူးဖော်ရေးစက်ကိရိယာဖန်တီးမှုသမိုင်းကို တစ်ခေတ်ဆန်းသစ်စေပြီး ဒီလိုဖန်တီးနိုင်ခြင်းဟာ တက္ကသိုလ်များနဲ့ စက်မှုလုပ်ငန်းများကြားပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်ပါတယ်။ **Ref: IE**

ကိုထက်

လူတစ်ဦးက တစ်ရက်ကိုမလိုင်အပြည့်နှားနို့ သုံးခွက်အထိသောက်နိုင်

အရင်တုန်းက လူတော်တော်များများဟာ ကုန်တိုက်ထဲမှာနွားနို့ဝယ်ပြီဆိုရင် အဆီလျှော့နွားနို့ ဒါမှမဟုတ် အဆီထုတ်နွားနို့တွေကိုသာ ရွာဖွေရွေးချယ်လေ့ရှိပါတယ်။ အကြောင်းရင်းကတော့ နွားနို့မှာပါတဲ့မလိုင်ကြောင့် ကိုယ်အလေးချိန်တက်လာမှာစိုးလို့ဖြစ်ပါတယ်။ နွားနို့သောက်ခြင်းကြောင့်ရတဲ့ ကျန်းမာရေးကောင်းကျိုးတွေကပိုများနေပေမယ့်လည်း လူတွေကတော့ အဆီကိုရှောင်လာကြတာပါ။

ဒါကြောင့်ပဲ တိုရွန်တိုတက္ကသိုလ်မှ သုတေသနပညာရှင်များက လေ့လာမှုတစ်ခုကိုလုပ်ခဲ့ပါတယ်။ သူတို့ရဲ့လေ့လာတွေ့ရှိချက်ကိုလည်း အာဟာရဂျာနယ်မှာဖော်ပြခဲ့ပါတယ်။ သူတို့က အရွယ်ရောက်ပြီး ကိုယ်အလေးချိန်မြင့်တက်နေသူနဲ့ အဝလွန်နေသူ ၇၄ ဦးကိုရွေးချယ်ကာ အုပ်စုသုံးခုခွဲပြီး လေ့လာခဲ့တာဖြစ်ပါတယ်။

သူတို့ရဲ့လေ့လာချက်အရ တစ်ရက်ကို မလိုင်အပြည့်ပါတဲ့နွားနို့သုံးခွက်သောက်သည့်တိုင် ကိုယ်အလေးချိန်တက်လာမှုသိသာထင်ရှားခြင်းမရှိဘဲ သွေးဖိအားကိုကျစေတဲ့အပြင် သံဓာတ်၊ အသားဓာတ်နဲ့ ဗီတာမင်ဒီ တို့ကိုပါရရှိတဲ့အတွက် အရိုး၊ ကြွက်သားနဲ့ ကိုယ်ခံအားစနစ်တွေပါ ပိုမိုကောင်းမွန်လာစေတာကိုတွေ့ရပါတယ်။ ဒါ့အပြင် အမျိုးအစား ၂ ဆီးချိုရောဂါဖြစ်ပွားစေတဲ့ အင်ဆူလင်ခုခံမှုကိုလည်း မဖြစ်စေဘူးလို့ဆိုပါတယ်။ **Ref: STD**

ကိုထက်



ကြိုတင်မှာယူမှုစံချိန်ချိုးသွားတဲ့ Galaxy Z8 ခေါက်ဖုန်းများ



လွန်ခဲ့တဲ့နှစ်များတုန်းက Samsung ရဲ့ Galaxy Note10 နဲ့ Note10+ တို့က တောင်ကိုရီးယားနိုင်ငံမှာ ကြိုတင်မှာယူမှုအများဆုံးအဖြစ်စံချိန်တင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ Samsung က Galaxy Z8 ခေါက်ဖုန်းများကို မိတ်ဆက်ပြီးတဲ့နောက်မှာတော့ ကြိုတင်မှာယူမှုစံချိန်ကိုချိုးသွားနိုင်သူက Galaxy Z8 ခေါက်ဖုန်းများသာဖြစ်လာပါတယ်။ ၂၀၁၉ ခုနှစ်တုန်းက Galaxy Note10 နဲ့ Note10+ တို့ဟာ ၁၁ ရက်အတွင်း ကြိုတင်အမှာစာစုစုပေါင်း ၁ ဒသမ ၃၈ သန်းအထိရရှိခဲ့တာပါ။ အခုတော့ Galaxy Z8 ခေါက်ဖုန်းများက ခြောက်ရက်အတွင်းမှာတင် ကြိုတင်မှာယူမှုစုစုပေါင်း ၁ ဒသမ ၄၄ သန်းအထိရရှိခဲ့တာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာလည်း သူတို့ကိုမှာယူမှုက သုံးရက်အတွင်းမှာတင် အလုံးပေါင်း ၂၇၁၀၀၀ ရှိပါတယ်။ အရင်တုန်းက ဒီလိုပမာဏရဖို့ကို ၁၅ ရက်လောက်ကြာခဲ့တာပါ။

ဆမ်ဆောင်းက Galaxy Z8 ခေါက်ဖုန်းများကို အမျိုးအစားသုံးမျိုးထုတ်လုပ်ပေးထားပါတယ်။ Galaxy Z Fold8၊ Z Fold8 Ultra နဲ့ Z Flip8 ဆိုပြီးတော့ပါ။ စျေးနှုန်းများကတော့ အနိမ့်ဆုံးအနေနဲ့ GalaxyZ Flip8 မှာ12GB/256GB ကို ၁၁၉၉ ဒသမ ၉၉ ဒေါ်လာနဲ့စတင်ပြီး အမြင့်ဆုံးကတော့ Galaxy Z Fold8 Ultra ဖြစ်ကာ 12GB/512GB ကို ၂၂၉၉ ဒသမ ၉၉ ဒေါ်လာဖြစ်ပါတယ်။ **Ref: GA**


ကိုထက်

အမေရိကန်က အီရန်နဲ့စစ်ပွဲမှာ တာဝေးပစ် တိကျဒုံးကျည်များအားလုံးနီးပါးသုံးစွဲလိုက်ရ

ဝါရှင်တန်၊ စစ်ရေး

အမေရိကန်အနေနဲ့ အီရန်နဲ့ဖြစ်ပွားတဲ့ ငါးလကြာစစ်ပွဲအတွင်း တိကျမှုအလွန်မြင့်မားတဲ့တာဝေးပစ်ဒုံးကျည်အားလုံးနီးပါးကိုသုံးစွဲလိုက်ရတယ်လို့ ဒီအခြေအနေနဲ့ ပတ်သက်ပြီး သိရှိထားသူသုံးဦးကပြောပါတယ်။ အခုလိုအခြေအနေပေါ်ပေါက်လာခြင်းကြောင့်လည်း နောင်တစ်ချိန်မှာ ရင်ဆိုင်ရနိုင်တဲ့ ပဋိပက္ခများအတွက် တပ်မတော်က အသင့်ဖြစ်မနေမှာကိုလည်း သူတို့ကစိုးရိမ်နေရတယ်လို့ ဆိုပါတယ်။

အမေရိကန်က အီရန်နဲ့ဖြစ်တဲ့စစ်ပွဲမှာ အသုံးပြုလိုက်ရတဲ့ဒုံးကျည်များကတော့ ကြည်းတပ်နည်းဗျူဟာမြောက်ဒုံးကျည်စနစ်များ (ATACMS)နဲ့ ပစ်မှတ်တိကျမှုရှိတဲ့တိုက်ခိုက်ရေးဒုံးကျည်များ (PrSM) တို့ဖြစ်ပြီး အဲဒီဒုံးကျည်တွေအားလုံးက မြေပြင်မှမြေပြင်ပစ်ဒုံးကျည်များဖြစ်ပါတယ်။ ဒီလက်နက်တွေက တာဝေးပစ်ဒုံးကျည်တွေဖြစ်တဲ့အလျောက်အမေရိကန်တပ်မတော်ရဲ့ အရေးကြီးစစ်လက်နက်ပစ္စည်းများထဲမှာ တစ်စိတ်တစ်ပိုင်းအနေနဲ့ ပါဝင်နေတာပါ။



ဒီဒုံးကျည်တွေရဲ့တန်ဖိုးက တစ်စင်းကို ဒေါ်လာ ၁ သန်းကျော်ရှိပါတယ်။ လက်ရှိအချိန်မှာ အမေရိကန်အနေနဲ့ အဲဒီဒုံးကျည်ဘယ်နှစင်းကျန်ရှိနေသလဲဆိုတာကိုတော့ သတင်းအရင်းအမြစ်တွေက ထုတ်ဖော်ပြောသွားခြင်းမရှိပါဘူး။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အနေနဲ့ အီရန်နိုင်ငံအတွင်းရှိပစ်မှတ်တွေကိုတိုက်ခိုက်ရာမှာ လူပါတဲ့ဗုံးကြဲလေယာဉ်တွေနဲ့ ဗုံးကြဲတိုက်ခိုက်မှုအစား အခုလိုမျိုးပစ်မှတ်ကိုတိကျစွာထိမှန်နိုင်တဲ့ဒုံးကျည်များကိုသာ ဖောဖော သီသီသုံးစွဲဖို့ လမ်းညွှန်ခြင်းကြောင့်ဖြစ်တယ်လို့ သတင်းအရင်းအမြစ်များကပြောပါတယ်။

Ref: ST

သီရိလင်္ကာမှာ ရာသီဥတုဆိုးဝါးမှုကြောင့် လူခြောက်ဦးသေဆုံး


ကိုလံဘို၊ သဘာဝဘေး

သီရိလင်္ကာနိုင်ငံ အလယ်ပိုင်းမှာ လတ်တလောကြုံတွေ့နေရတဲ့ ရာသီဥတုဆိုးဝါးမှုကြောင့် လူခြောက်ဦးသေဆုံးထားတယ်လို့ ဒေသခံရဲတပ်ဖွဲ့က ဩဂုတ်လ ၄ ရက်မှာထုတ်ပြန်ထားပါတယ်။

အထူးသဖြင့် မိုးသည်းထန်စွာရွာသွန်းမှုနဲ့အတူ နောက်ဆက်တွဲဖြစ်ပေါ်လာတဲ့ သဘာဝဘေးများကြောင့်အခုလိုလူသေဆုံးမှုတွေဖြစ်ပွားနေတာပါ။ ဟက်တန်မြို့မှာ မိုးသည်းထန်စွာရွာခြင်းကြောင့် မြေပြိုမှုဖြစ်ပွားတဲ့အတွက် တောင်ပူစာတစ်ခုက နေအိမ်တစ်လုံးအပေါ် ပြိုကျလာပါတယ်။

အဲဒီဖြစ်စဉ်မှာ လူလေးဦးသေဆုံးတာဖြစ်တယ်လို့ ရဲတပ်ဖွဲ့ရဲ့ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ ဒုံအပြင် နူဝါရာအယ်လီယာခရိုင်အတွင်းရှိ လူဦးရေ ၂၃၃၁ ဦးဟာ သဘာဝဘေးဒဏ်ခံစားနေရတယ်လို့ ဆိုပါတယ်။

Ref: Xinhua



တောင်ကိုရီးယားမှာ အပူလှိုင်းကြောင့် သေဆုံးသူ ၁၉ ဦးအထိရှိလာ

ဆိုး၊ ရာသီဥတု

တောင်ကိုရီးယားနိုင်ငံမှာ ပြင်းထန်တဲ့အပူလှိုင်းတစ်ခုဖြစ်ပေါ်နေပါတယ်။ အဲဒီအပူလှိုင်းကြောင့် မေလ ၁၅ ရက်မှစပြီး အခုအချိန်အထိ သေဆုံးသူစုစုပေါင်း ၁၉ ဦးအထိရှိလာပြီလို့သိရပါတယ်။ တစ်ချိန်တည်းမှာပဲ တောင်ကိုရီးယားနိုင်ငံမြို့တော်ဖြစ်တဲ့ဆိုးမြို့မှာ အမြင့်ဆုံးအပူလှိုင်းသတိပေးချက်ကို ဩဂုတ်လ ၄ ရက်မှာထုတ်ပြန်ထားရပါတယ်။

ပြီးခဲ့တဲ့ရက်တုန်းက ဆိုးမြို့ရဲ့အရှေ့တောင်ပိုင်းနဲ့ အနောက်တောင်ပိုင်းခရိုင်များကိုသာ အပူချိန်မြင့်တက်မှုသတိပေးချက်ထုတ်ပြန်ခဲ့ရတာပါ။ ဩဂုတ်လ ၄ ရက်မှာတော့ ဆိုးမြို့ကိုပါအလားတူသတိပေးချက်ထုတ်ပြန်လိုက်တာဖြစ်ပါတယ်။ ဒီလိုထုတ်ပြန်ရတဲ့အကြောင်းရင်းက အဲဒီဒေသတွေမှာ နေ့အပူချိန်များက ၃၈ ဒီဂရီစင်တီဂရိတ်မှ ၃၉ ဒီဂရီစင်တီဂရိတ်အထိရှိလာတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။

အခုလိုမျိုး အပူလှိုင်းဖြစ်ပေါ်မှုကြောင့် ဩဂုတ်လ ၂ ရက်တစ်ရက်တည်းမှာပင် အပူကြောင့်ဖြစ်တဲ့ရောဂါခံစားရလို့ဆေးရုံတက်ရသူ ၁၀၈ ဦးအထိရှိတာကိုတွေ့ရပါတယ်။ ဒါကြောင့် မေလ ၁၅ ရက်ကစလို့ အပူကြောင့်ဖြစ်တဲ့ရောဂါခံစားရပြီး ဆေးရုံတက်ရောက်ကုသမှုခံရသူ ၂၀၂၅ ဦးအထိရှိလာနေပြီဖြစ်တယ်လို့ တောင်ကိုရီးယားရောဂါကာကွယ်ထိန်းချုပ်ရေးဌာနကထုတ်ပြန်ထားပါတယ်။

မွေးမြူရေးတိရစ္ဆာန်များသေဆုံးမှုမှာဆိုရင်လည်း ဝက်အကောင်ရေ ၂၈၀၀၀ ကျော်၊ ကြက်နှင့်ဘဲအကောင်ရေ ၄ သိန်းကျော်အပါအဝင် စုစုပေါင်းအကောင်ရေ ၄၃၂၄၅၅ အထိရှိတယ်လို့ဆိုပါတယ်။ အခုလိုမျိုးအပူချိန်မြင့်တက်မှုနဲ့အတူ ရေအပူချိန်လည်းမြင့်တက်လာတဲ့အတွက် နိုင်ငံအနောက်ပိုင်းနဲ့တောင်ပိုင်းကမ်းရိုးတန်းတွေမှာ သေဆုံးတဲ့ငါးအကောင်ရေပေါင်း ၁၆၅၁၉၆ ကောင်အထိရှိတယ်လို့သိရပါတယ်။

Ref: Xinhua

နယူးဇီလန်မှာ ဝင်ရိုးစွန်းလေပြင်းတိုက်ခတ်မှုကြောင့် ဆီးနှင်းများထူထပ်စွာကျဆင်း

ဝယ်လင်တန်၊ ရာသီဥတု

မြောက်ကမ္ဘာခြမ်းမှာ အပူဒဏ်သင့်နေချိန် တောင်ကမ္ဘာခြမ်းမှာတော့ အအေးလှိုင်းတွေဝင်ရောက်နေပါတယ်။ နယူးဇီလန်နိုင်ငံမှာဆိုရင် ဝင်ရိုးစွန်းဒေသမှလေပြင်းများ ဝင်ရောက်လာမှုကြောင့် ဆီးနှင်းများထူထပ်စွာကျဆင်းမှုနဲ့အတူ အပူချိန်သည်လည်း အလွန်အမင်းကျဆင်းသွားပါတယ်။

ဒီလိုမျိုးရာသီဥတုပြင်းထန်ဆိုးဝါးတဲ့အခြေအနေကြောင့် ဩဂုတ်လ ၄ ရက်မှာ လမ်းများပိတ်ခြင်း၊ စာသင်ကျောင်းများကိုပိတ်ခြင်းနဲ့ ဖယ်ရီပြေးဆွဲမှုကို ရပ်ဆိုင်းခြင်းတို့လုပ်ဆောင်လိုက်ရပါတယ်။

နိုင်ငံတောင်ပိုင်းမှာရှိတဲ့ အန္တာတိကဒေသမှလေအေးများက နိုင်ငံမြောက်ပိုင်းတစ်လျှောက် တိုးဝင်တိုက်ခတ်လာတာကြောင့် တောင်ကျွန်းဒေသတစ်ဝန်းမှာ နှင်းများထူထပ်စွာ ကျဆင်းပါတယ်။ ဒါ့အပြင် နိုင်ငံရဲ့မြို့တော်ဖြစ်တဲ့ဝယ်လင်တန်မြို့မှာ မိုးသီးတွေကြွေပါတယ်။ နှင်းများထူထပ်စွာကျတဲ့အတွက် ယာဉ်တိုက်မှုများစွာဖြစ်ပေါ်တာကြောင့် ပြည်သူများအနေနဲ့ အိမ်အပြင်မထွက်ဖို့၊ ခရီးသွားလာခြင်းမပြုဖို့ ရဲတပ်ဖွဲ့ကတိုက်တွန်းထားပါတယ်။

အလားတူ ပညာရေးဝန်ကြီးဌာနကလည်း အွန်တာဂိုဒေသမှာရှိတဲ့ မူလတန်း၊ အလယ်တန်းနဲ့အထက်တန်းကျောင်းများသာမက မူကြိုကျောင်းများကိုပါပိတ်ထားဖို့ ညွှန်ကြားထားပါတယ်။

Ref: Xinhua



ယူကရိန်းတောင်းပန်မှုကြောင့် အီရန်က လက်စားမချေတော့

တီဟီရန်၊ စစ်ရေး

ကက်စပီယံပင်လယ်ထဲမှာပြီးခဲ့တဲ့လက အီရန်ရဲ့ ကုန်တင်သင်္ဘောတစ်စင်းကို ယူကရိန်းတို့က တိုက်ခိုက်မှုလုပ်လိုက်ပါတယ်။ အဲဒီတိုက်ခိုက်မှုဟာ ယူကရိန်းက တမင်ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်တာဖြစ်တယ်ဆိုတာကို သက်သေတွေရရှိထားပြီလို့ အီရန်က ဩဂုတ်လ ၃ ရက်မှာပြောပါတယ်။ ဒါကြောင့် သင့်တော်သလိုလက်တုံ့ပြန်တိုက်ခိုက်မှုတွေလုပ်သွားမယ်လို့လည်းပြောထားပါတယ်။

အခုတော့ ယူကရိန်းနိုင်ငံက အဲဒီကိစ္စနဲ့ပတ်သက်လို့ တောင်းပန်စကားဆိုလာတဲ့အတွက် ယူကရိန်းအပေါ်လက်တုံ့ပြန်တိုက်ခိုက်မယ့်အစီအစဉ်ကို ရုပ်သိမ်းလိုက်ပြီလို့ အီရန်နိုင်ငံဥဿျောင် မော့ဂျတာဘာခါမေနီကပြောလိုက်ပါတယ်။

အီရန်ရဲ့ကုန်တင်သင်္ဘောဟာ စစ်သုံးပစ္စည်းတွေကို ရုရှားဆီပို့ဆောင်ဖို့လာတာဖြစ်တယ်လို့ ယူကရိန်းကစွပ်စွဲပြီး ဇူလိုင်လ ၂၅ ရက်မှာ အဲဒီသင်္ဘောကို ဒရုန်းတွေနဲ့ တိုက်ခိုက်ခဲ့တာပါ။ အဲဒီလိုတိုက်ခိုက်မှုကြောင့် သင်္ဘောသားတစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ပါတယ်။

တိုက်ခိုက်မှုဖြစ်ပွားပြီးနောက်ပိုင်းမှာ အဲဒီသင်္ဘောက အရပ်ဘက်သုံးကုန်တင်သင်္ဘောသာဖြစ်ပြီး ဒီလိုတိုက်ခိုက်မှုကို လက်တုံ့ပြန်ဖို့အတွက် အီရန်အနေနဲ့ ယူကရိန်းရှိပစ်မှတ်များကို ရွေးချယ်ထားပြီးဖြစ်တယ်လို့ အီရန်အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့မှ ဗိုလ်ချုပ်တစ်ဦးကပြောခဲ့ပါတယ်။ ဒါပေမဲ့ယူကရိန်းက တောင်းပန်လို့ တိုက်ခိုက်မယ့်အစီအစဉ်ကို ဖျက်သိမ်းလိုက်ရတာဖြစ်ပါတယ်လို့ သူက ပြောထားပါတယ်။

Ref: RT

အငြိမ်းစားတို့စိတ်ချမ်းသာစေမည့် မြန်မာ့စီးပွားရေးဘဏ်၏ နည်းပညာခြေလှမ်းသစ်

မြန်မာနိုင်ငံရှိ အငြိမ်းစားဓိဘာပြည်သူများသည် နိုင်ငံ့ဝန်ထမ်းဘဝတစ်လျှောက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို နှစ်ပြည့်/သက်ပြည့်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးနောက် ရရှိလာသည့်ပင်စင်လစာများကို မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင်ထုတ်ယူလေ့ရှိရာ မြန်မာ့စီးပွားရေးဘဏ်သည် အငြိမ်းစားများ၏ပင်စင်လစာထုတ်ပေးခြင်းလုပ်ငန်းကို ၁၉၇၂ ခုနှစ် အောက်တိုဘာလ ၁ ရက်မှစ၍ တာဝန်ယူဆောင်ရွက်ခဲ့ရပြီး ကာကွယ်ရေးပင်စင်၊ မြို့ပြပင်စင်၊ နိုင်ငံရေးပင်စင်၊ မြန်မာ့စီးပွားရေးဘဏ်ပင်စင်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ပင်စင် အစရှိသဖြင့် ပင်စင်အမျိုးအစားငါးမျိုးဖြင့် ထုတ်ပေးလျက်ရှိသည်။ ၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မြို့ပြပင်စင်မှခွဲထွက်၍ ရဲတပ်ဖွဲ့ပင်စင်အဖြစ်ရပ်တည်ခဲ့သည့်အတွက် ယခုအချိန်တွင် ပင်စင်အမျိုးအစားခြောက်မျိုးဖြင့် ထုတ်ပေးလျက်ရှိသည်။

ပထမဦးစွာ အငြိမ်းစားလစာထုတ်စာအုပ်ဖြင့် ထုတ်ယူခဲ့သည့် စနစ်ကို လေ့လာကြည့်မည်ဆိုပါက အငြိမ်းစားအနေဖြင့် ပင်စင်လစာထုတ်ယူနိုင်ရန်အတွက် ဘဏ်သို့အငြိမ်းစားလစာတောင်းခံလွှာအား ၁ ရက်မှ ၁၈ ရက်အတွင်း အငြိမ်းစားလစာထုတ်စာအုပ်နှင့်အတူ တင်ပြရပြီး ဘဏ်မှအငြိမ်းစားသို့ ပင်စင်လစာထုတ်ယူရမည့် ရက်စွဲပါဝင်သောတိုကင်ပြန်ပေးသည်။ လစဉ်လမကုန်ဆုံးမီ သုံးရက်အတွင်း အငြိမ်းစားမှတိုကင်တွင်ပါဝင်သည့်နေ့ရက်တွင် ဘဏ်သို့လာရောက်၍ တိုကင်ကိုတင်ပြပြီး ပင်စင်လစာအား ထုတ်ယူရသည်။ သုံးရက်အတွင်းမထုတ်ဖြစ်သောပင်စင်လစာများကို ၁၁ ရက်နေ့နှင့် ၁၈ ရက်နေ့တွင် လစာကျန်များထုတ်ပေးသည်။ အငြိမ်းစားသည်ဘဏ်သို့ အနည်းဆုံးနှစ်ကြိမ် လာရောက်ရသည်။

အငြိမ်းစားများပင်စင်လစာထုတ်ယူရန်အတွက် ဘဏ်သို့တစ်ကြိမ်ထက်ပို၍ လာရောက်ရခြင်း၊ ဘဏ်တွင်အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရခြင်းတို့မှကင်းဝေးစေရန်ရည်ရွယ်၍ ပင်စင်လစာများကို IT နည်းပညာအသုံးပြုပြီး လွယ်ကူလျင်မြန်စွာ အချိန်မရွေးထုတ်ယူနိုင်စေရန်အတွက် e-Pension စနစ်ဖြင့် ပင်စင်လစာထုတ်ပေးခြင်းလုပ်ငန်းကို ၂၀၁၂ ခုနှစ် သြဂုတ်လမှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဘဏ်ခွဲပေါင်း ၃၀၃ ဘဏ်တွင် e-Pension စနစ်ဖြင့် ပင်စင်လစာများထုတ်ပေးလျက်ရှိသည်။

e-Pension ကတ်ဖြင့် ပင်စင်ထုတ်ယူပါက အငြိမ်းစားများမှ ဘဏ်သို့ နှစ်ကြိမ်လာရောက်ရန်မလိုဘဲ e-Pension Card တင်ပြရုံဖြင့် ဘဏ်ဖွင့်လှစ်သည့်နေ့ရက်များ၏ဘဏ်လုပ်ငန်းချိန်အတွင်း ပင်စင်လစာငွေထုတ်ယူနိုင်သည်။ အငြိမ်းစားတစ်ဦးသည် လတစ်လ၏ ၂၁ ရက်နေ့တွင် ပင်စင်လစာထုတ်ယူမည်ဆိုပါက အဆိုပါလ၏လစာအား ထုတ်ယူနိုင်မည်ဖြစ်ပြီး ၂၁ ရက်နေ့မတိုင်မီထုတ်ယူပါက ပြီးခဲ့သည့်လ၏ ပင်စင်လစာအတွက်သာထုတ်ယူနိုင်မည်ဖြစ်သည်။ အငြိမ်းစားများ ဘဏ်သို့လာရောက်ခြင်းမပြုနိုင်ပါက ကိုယ်စားလှယ်လွှဲစာဖြင့်ထုတ်ယူနိုင်ပြီး အငြိမ်းစားသက်ရှိထင်ရှားရှိကြောင်း တစ်နှစ်လျှင်တစ်ကြိမ် လူတွေ့စစ်ဆေးရမည်။

ယခုအခါ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်လာမှု၊ နည်းပညာတိုးတက်ပြောင်းလဲလာမှုတို့ကြောင့် ပင်စင်လစာထုတ်ယူမှုကို အချိန်ကုန်သက်သာ၍ ပိုမိုလွယ်ကူစေသည့်နည်းလမ်းများကို ရွေးချယ်အသုံးပြုနိုင်ကြပြီဖြစ်ရာ အငြိမ်းစားများအနေဖြင့် ပင်စင်လစာများကို အောက်ဖော်ပြပါနည်းလမ်းများဖြင့် အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်သည်။

(က) ဘဏ်သို့မိမိကိုယ်တိုင်သွားရောက်၍ဖြစ်စေ သို့မဟုတ် ကိုယ်စားလှယ်စေလွှတ်၍ဖြစ်စေထုတ်ယူခြင်း

ပုံမှန်အားဖြင့် အငြိမ်းစားများသည် သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်သို့ လူကိုယ်တိုင်လာရောက်ထုတ်ယူလေ့ရှိသည်။ ထိုသို့ထုတ်ယူရာတွင် မိမိတို့တွင်ရှိသည့်ပင်စင်လစာထုတ်စာအုပ် သို့မဟုတ် e-Pension ကတ်ဖြင့်လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ငွေသားဖြင့်ထုတ်ယူနိုင်သကဲ့သို့ စာရင်းပြောင်းနည်းလမ်းများဖြင့်လည်း Standing Instruction ပေး၍ထုတ်ယူနိုင်မည်ဖြစ်သည်။ ပင်စင်လစာများကို ကိုယ်စားလှယ်ဖြင့်ထုတ်ယူလိုသူများအနေဖြင့် သက်ဆိုင်ရာဘဏ်များမှထုတ်ပေးထားသည့်ကိုယ်စားလှယ်လွှဲစာတွင် အငြိမ်းစားမှလက်မှတ်ရေးထိုးပေးရမည်ဖြစ်ပြီး ပြန်တမ်းဝင်အရာရှိ သို့မဟုတ် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ လက်မှတ်ပါရှိရမည်။

(ခ) မိုဘိုင်းဗုန်းကိုအသုံးပြု၍ ထုတ်ယူခြင်း (Myanmar Mobile Money (MMM)၊ Wave Money)

အငြိမ်းစားများအနေဖြင့် ပင်စင်လစာထုတ်ယူရာတွင် အချိန်ကုန်သက်သာစေရန်၊ အဆင်ပြေချောမွေ့စေရန်နှင့် ဘဏ်တွင်လူအများစုပြုံထုတ်ယူခြင်းမှကင်းဝေးစေရန်အတွက် မိမိတို့၏မိုဘိုင်းဗုန်းများရှိ Wallet Application ကိုအသုံးပြု၍ နီးစပ်ရာကိုယ်စားလှယ်များ(Mobile Agent)ထံတွင် သွားရောက်ထုတ်ယူနိုင်သည်။ ထိုနည်းလမ်းကိုအသုံးပြုလိုသည့် အငြိမ်းစားအနေဖြင့် သက်ဆိုင်ရာဘဏ်တွင်လျှောက်ထားရန်လိုအပ်သည်။

(ဂ) ငွေစုဘဏ်စာရင်း၊ စာရင်းရှင်စာရင်း၊ ATM စာရင်းသို့ ပြောင်းလဲထည့်သွင်း၍ထုတ်ယူခြင်း

အငြိမ်းစားများအနေဖြင့် ပင်စင်လစာများကို ဘဏ်သို့ကိုယ်တိုင်သွားရောက်၍ မထုတ်ယူလိုပါက ငွေစုဘဏ်စာရင်းဖွင့်လှစ်ခြင်း သို့မဟုတ် စာရင်းရှင်စာရင်းဖွင့်လှစ်ခြင်း သို့မဟုတ် ATM စာရင်းဖွင့်လှစ်၍ မိမိတို့၏ပင်စင်လစာများကိုပြောင်းလဲထည့်သွင်းကာ ထုတ်ယူနိုင်သည်။ ထိုသို့ထုတ်ယူနိုင်ရန်အတွက် မိမိတို့၏ e-Pension ကတ်ကို ဘဏ်သို့ပြန်လည်အပ်နှံရန်မလိုဘဲ ငွေစုဘဏ်စာရင်း သို့မဟုတ် စာရင်းရှင်စာရင်း သို့မဟုတ် ATM စာရင်းသို့ ပြောင်းလဲထုတ်ယူလိုကြောင်း သက်ဆိုင်ရာဘဏ်တွင် လျှောက်ထားရန်လိုအပ်သည်။

မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ပင်စင်လစာထုတ်ယူနေသည့် အငြိမ်းစားများအနေဖြင့် ကိုယ်တိုင်ထုတ်ယူခြင်းဖြစ်ပါက တစ်နှစ်တစ်ကြိမ်လူပုဂ္ဂိုလ်မှန်ကန်ကြောင်း၊ သက်ရှိထင်ရှားရှိကြောင်း လူတွေ့စစ်ဆေးခြင်းကို လူကိုယ်တိုင်ဖြင့်ဖြစ်စေ၊ Video Call ဖြင့်ဖြစ်စေ စစ်ဆေးမှုကိုခံယူရမည်။ မိသားစုပင်စင်ခံစားနေသည့်အငြိမ်းစားများအနေဖြင့် နောက်အိမ်ထောင်မပြုသေးကြောင်း ထောက်ခံစာနှင့်အတူ ခြောက်လတစ်ကြိမ် လူတွေ့စစ်ဆေးမှုခံယူရမည်ဖြစ်သည်။

မြန်မာ့စီးပွားရေးဘဏ်တွင် e-Pension စနစ်ဖြင့် ပင်စင်လစာထုတ်ယူရာတွင် အငြိမ်းစားလူပုဂ္ဂိုလ်မှန်ကန်မှုရှိ၊ မရှိစိစစ်နိုင်ရန်၊ ပင်စင်လစာလိမ်လည်ထုတ်ယူမှုကျူးလွန်သူများအား Face ID ဖြင့်စိစစ်မှုပြုလုပ်နိုင်ရန်နှင့် အငြိမ်းစားများအနေဖြင့် မိမိ၏ပင်စင်လစာထုတ်ယူနေသည့်ဘဏ်ခွဲတွင်သာမက ကြိုက်နှစ်သက်ရာ မည်သည့်ဘဏ်ခွဲတွင်မဆိုထုတ်ယူနိုင်ရန်အတွက် ဘဏ်ခွဲများရှိ အငြိမ်းစားများ၏အချက်အလက်များ၊ ပင်စင်လစာထုတ်ပေးမှုဆိုင်ရာအချက်အလက်များအား လုံးကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်ရည်ရွယ်၍ ပထမအဆင့်အနေဖြင့် Centralized e-Pension စနစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းကို ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇူလိုင်လအထိ ဘဏ်ခွဲပေါင်း ၁၉၆ ဘဏ်တွင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ရာ အဆိုပါဘဏ်ခွဲများတွင် ပင်စင်လစာထုတ်ယူနေသည့်အငြိမ်းစားများအနေဖြင့် Centralized e-Pension စနစ်ဆောင်ရွက်နေသည့် ကြိုက်နှစ်သက်ရာဘဏ်ခွဲများတွင် ပင်စင်လစာများကို ဝန်ဆောင်ခအခမဲ့ဖြင့် ထုတ်ယူနိုင်သည်။

Centralized e-Pension စနစ်ဆိုသည်မှာ အငြိမ်းစား၏အချက်အလက်များကို ယခင်ကဘဏ်ခွဲရှိ ကွန်ပျူတာတွင်ထားရှိသည့် Distributed စနစ်မှ ရုံးချုပ် Data Center တွင် တစုတစည်းတည်းထားရှိသည့် Centralized စနစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်ပြီး Internet လိုင်းနှင့် VPN ကို အသုံးပြု၍ ဘဏ်ခွဲများမှ ပင်စင်လစာထုတ်ပေးသည့်စနစ်ဖြစ်သည်။

ဒုတိယအဆင့်အနေဖြင့် အငြိမ်းစားများအား လူပုဂ္ဂိုလ်မှန်ကန်မှုရှိ၊ မရှိစိစစ်နိုင်ရန်၊ ပင်စင်လစာလိမ်လည်ထုတ်ယူမှုကျူးလွန်သူများအား Face ID ဖြင့် စိစစ်မှုပြုလုပ်နိုင်ရန်အတွက် မြန်မာ့စီးပွားရေးဘဏ်၏ Centralized e-Pension စနစ်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ e-ID စနစ်တို့ချိတ်ဆက်ပြီး One-to-One Matching စနစ်ဖြင့် တိုက်ဆိုင်စစ်ဆေးနိုင်ရန်အတွက် ဘဏ်ခွဲများတွင် အငြိမ်းစားများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အကူအညီဖြင့် Biometric အချက်အလက်များကောက်ယူလျက်ရှိရာ Face ID ဖြင့်လူပုဂ္ဂိုလ်မှန်ကန်မှုရှိ၊ မရှိစိစစ်ခြင်းကို အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

Centralized e-Pension စနစ်ကို ဆောင်ရွက်ပေးခြင်းအားဖြင့် အငြိမ်းစားများအနေဖြင့် ကွန်ရက်ချိတ်ဆက်ထားသည့်ဘဏ်ခွဲများတွင် ပင်စင်လစာထုတ်ယူနိုင်သည့်အတွက် အချိန်ကုန်သက်သာခြင်း၊ ကုန်ကျ

> ➢ Centralized e-Pension **စနစ်ကို ဆောင်ရွက်ပေးခြင်းအားဖြင့် အငြိမ်းစားများအနေဖြင့် ကွန်ရက်ချိတ်ဆက်ထားသည့် ဘဏ်ခွဲများတွင် ပင်စင်လစာထုတ်ယူနိုင်သည့်အတွက် အချိန်ကုန်သက်သာခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ ပင်စင်အမှုတွဲများ ဘဏ်ပြောင်းရွှေ့ရန်မလိုအပ်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်. . .**
>
> ➢ Centralized e-Pension **စနစ်ကို ခရိုင် ဘဏ်ခွဲ ၆၁ ဘဏ်နှင့် မြို့နယ်ဘဏ်ခွဲ ၁၃၅ ဘဏ် စုစုပေါင်း ၁၉၆ ဘဏ်တွင်ဆောင်ရွက်ပြီးဖြစ် . . .**

စရိတ်သက်သာခြင်း၊ ပင်စင်အမှုတွဲများ ဘဏ်ပြောင်းရွှေ့ရန်မလိုအပ်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်သကဲ့သို့ မြန်မာ့စီးပွားရေးဘဏ်အနေဖြင့်လည်း အငြိမ်းစား၏အချက်အလက်များကိုရုံးချုပ် Data Center တွင်တစုတစည်းတည်းထားရှိသည့်အတွက် ဘဏ်ခွဲများ၏ပင်စင်လစာထုတ်ပေးမှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်သည့်အပြင် အခက်အခဲဖြစ်ပေါ်ပါက ချက်ချင်းဖြေရှင်းပေးနိုင်ပြီး IT နည်းပညာအသုံးပြု၍ ခေတ်မီဘဏ်ဝန်ဆောင်မှုလုပ်ငန်းလုပ်ဆောင်ခြင်းအတွက် မှတ်တိုင်သစ်တစ်ခုစိုက်ထူနိုင်သည်။

၂၀၂၆ ခုနှစ် ဇူလိုင်လအထိ Centralized e-Pension စနစ်ကို ခရိုင် ဘဏ်ခွဲ ၆၁ ဘဏ်နှင့် မြို့နယ်ဘဏ်ခွဲ ၁၃၅ ဘဏ် စုစုပေါင်း ၁၉၆ ဘဏ်တွင်ဆောင်ရွက်ပြီးဖြစ်သည်။ ကျန်ရှိနေသည့်ဘဏ်ခွဲများ၏အင်တာနက်လိုင်းရရှိမှုအပေါ်အခြေခံ၍ Centralized e-Pension စနစ်ကိုဆောင်ရွက်သွားမည်ဖြစ်သည်။

နိဂုံးချုပ်အားဖြင့်ဆိုသော် မြန်မာ့စီးပွားရေးဘဏ်တွင် လက်ရှိပင်စင်လစာထုတ်ယူနေသည့် အငြိမ်းစားအရေအတွက်မှာ ၂၀၂၆ ခုနှစ် ဇူလိုင်လအထိ ၈၀၀၀၀၀ ကျော်ရှိပြီး အငြိမ်းစားဦးရေ၏ ၈၆ ဒသမ ၈၉ ရာခိုင်နှုန်းမှာ Centralized e-Pension စနစ်ဖြင့်ထုတ်ယူလျက်ရှိသည်။ အငြိမ်းစားများအနေဖြင့် ပင်စင်လစာထုတ်ယူနိုင်သည့်နည်းလမ်းများအား လွယ်ကူရှင်းလင်းစွာသိရှိနိုင်ရန်နှင့် ပင်စင်လစာများကို မိမိထုတ်ယူလိုသည့်အချိန်တွင် ထုတ်ယူနိုင်ပါကြောင်းနှင့် Centralized e-Pension စနစ်ဆောင်ရွက်နေသည့် ဘဏ်ခွဲများအမည်စာရင်းနှင့် Myanmar Mobile Money (MMM)၊ Wave Money တို့ဖြင့် ပင်စင်လစာထုတ်ယူနိုင်သည့် ဘဏ်ခွဲများအမည်စာရင်းအား မြန်မာ့စီးပွားရေးဘဏ် Website (https://www.meb.gov.mm)နှင့် မြန်မာ့စီးပွားရေးဘဏ် Facebook Page တို့တွင်အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာမှုများ ပြုလုပ်ပေးလျက်ရှိပါကြောင်း မြန်မာ့စီးပွားရေးဘဏ်ပင်စင်လုပ်ငန်း၏ နည်းပညာခြေလှမ်းသစ်များဖြင့် သွားရင်းလာရင်း ပင်စင်ထုတ်နိုင်သည့်ခေတ်ရောက်ပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မိုးသီတာ(မြန်မာ့စီးပွားရေးဘဏ်)

ညောင်ရွှေမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကျင်းပ



ညောင်ရွှေ ဩဂုတ် ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်အတွင်း၌ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပတွင် ရောက်ရှိနေသည့် ကလေးများနှင့်မိသားစုများအား ဘဝရပ်တည်နိုင်စေရန်၊ မိသားစုဝင်ငွေတိုးတက်စေရန်နှင့် ကလေးအလုပ်သမားများပပျောက်စေရန်ရည်ရွယ်ချက်ဖြင့် ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးကော်မတီ၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီမှကြီးမှူးဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ဩဂုတ်လ ၃ ရက် နံနက်ပိုင်းတွင် သက်မွေးပညာသင်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစိုင်းဝမ်းလှိုင်းတစ်ပ်က နိုင်ငံတော်အနေဖြင့် မွေးကင်းစမှ အသက်၁၈နှစ်ပြည့်သည်အထိ ကလေးသူငယ်များ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ အကျင့်စာရိတ္တနှင့် ခံယူချက်မြင့်မားရေး၊ အသက်ရှင်သန်ရပ်တည်ရေးတို့အတွက် စီမံကိန်းများချမှတ်လျက် ပြုစုစောင့်ရှောက်ကာကွယ်ပေးလျက်ရှိကြောင်း၊ ရှမ်းပြည်နယ်၌ ကလေးအလုပ်သမားပပျောက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီရှစ်ခုဖွဲ့စည်း၍ ကဏ္ဍအလိုက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစိုင်းဝမ်းလှိုင်းတစ်ပ်နှင့် ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်အေးချိုစိန်တို့က သင်တန်းစားသောက်စရိတ်နှင့် သင်ထောက်ကူပစ္စည်းများကိုပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

ယင်းနောက်သင်တန်းဖွင့်ပွဲတက်ရောက်လာကြသူများက သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

(၄၀၅)



ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးရာသီတွင် ပဲမျိုးစုံ၈က ၁၆၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ကျွန်းလှ ဩဂုတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံ၈က ၁၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ် မိုးရာသီ ပဲမျိုးစုံ ၁၅၁၈၂ ၈ကစိုက်ပျိုးဖို့လျာထားပြီး ပဲတီစိမ်း၈က ၅၄၀၁ နဲ့ ပဲစင်းငုံ ၁၁၅၁၂ ၈က စုစုပေါင်း ၁၆၉၁၃ ၈က စိုက်ပျိုးနိုင်ခဲ့တာကြောင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ပါတယ်။ စိုက်ပျိုးရာမှာလည်း သီးညှပ်စိုက်ပျိုးသလို သီးသန့်လည်းစိုက်ပျိုးကြပါတယ်။ တောင်သူတွေတွက်ခြေကိုက်တဲ့ သီးနှံဖြစ်တာကြောင့် တိုးချဲ့စိုက်ပျိုးလာကြပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်၌ ပဲမျိုးစုံသီးနှံကို ရာသီအလိုက်စိုက်ပျိုးကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းသရုပ်ပြပွဲများပြုလုပ်ခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်းနှင့် စိုက်ပျိုးရေးနည်းပညာများ ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့လုပ်ငန်းများ ပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

MWD Education, Knowledge & Sports Channel ၅-၈-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၇:၀၀-၀၈:၃၀ Grade-5 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သခ်ၤာ၊ လူမှုရေး၊ သိပ္ပံ
၂။ ၁၅:၃၀-၁၆:၂၅ Grade-5 လူမှုရေး၊ သိပ္ပံ
၃။ ၁၆:၂၅-၁၈:၄၀ Grade-8 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သခ်ၤာ(၁)၊ သခ်ၤာ(၂)
၄။ ၁၈:၄၀-၂၀:၀၆ Grade-8 ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ

သုတ၊ ရသစာအုပ် စာဆောင်များ ပေးအပ်လှူဒါန်း

ပဲခူး ဩဂုတ် ၄

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေမောဓောဘုရားလမ်းရှိ ခရိုင်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ဩဂုတ်လ ၃ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ တာဝန်ရှိသူများက သုတ၊ ရသ စာအုပ်၊ စာစောင်များအား ပေးအပ်လှူဒါန်းသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ဦးခင်မောင်တင့်က ပဲခူးခရိုင်ရုံး ပြည်သူ့စာကြည့်တိုက်သို့ သုတ၊ ရသ စာအုပ်စာစောင် ၁၀၀ ခန့်အား တိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဒေါ်ကြင်ကြင်သန်းနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းပြီး တိုင်းဒေသကြီး ဥပဒေချုပ်က ယခုစာအုပ်များသည် ခရိုင်ပြည်သူ့စာကြည့်တိုက်ရှိ စာဖတ်၊ စာငှားပရိသတ်များအတွက် အကျိုးရှိသောစာအုပ်များဖြစ်သည့်အတွက် ယခုကဲ့သို့လှူဒါန်းပေးရခြင်းအား ဂုဏ်ယူကြောင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်နှင့်အဖွဲ့သည် ပဲခူးခရိုင်ပြည်သူ့စာကြည့်တိုက်အတွင်းရှိ စာအုပ်၊ စာစောင်များနှင့် ကလေးစာဖတ်ခန်းတို့အား လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **(၄၁၀)**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၁၁၁၊ ၀၆၇-၃၄၀၄၁၂၂၊ ၀၆၇-၃၄၀၄၁၃၃၊ ၀၆၇-၃၄၀၄၁၄၄၊ ၀၆၇-၃၄၀၄၁၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၊ ၀၉-၆၆၈၇၈၈၁၁၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၀
(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၂၁
(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၈-၂၀၂၅၅၃၈၊ ၀၅၈-၂၀၂၅၅၃၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၈၊ ၀၉-၂၅၅၀၀၂၅၁၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၂၃
(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄
(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၅၅၄၀၊ ၀၈၁-၂၁၄၅၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆


၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET)အဖွဲ့အစည်း

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




တွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ကြီးများ၏ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေများကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိသည်။ ပုံ(၁)

၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း စခန်း ၃၄ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့သည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့်စခန်း ၃၄ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင် ရှိကြောင်း တိုင်းတာရရှိခဲ့သည်။ (ပုံ–၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက် ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၄ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေမရှိပါကြောင်း တွေ့ရှိရသည်။ (မိုး/ဇလ)

ပုံ(၂)၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်းရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ



၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်းရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများပြပုံ


စဉ်	စခန်းအမည်	pH
၁	မန္တလေး (ချမ်းအေးသာစံ)	၇.၂
၂	မန္တလေး (ချမ်းမြသာစည်)	၆.၉
၃	ခန္တီး	၇.၀
၄	လားရှိုး	၇.၁
၅	တောင်ကြီး	၆.၆
၆	မိုင်းဆတ်	၆.၅
၇	ကျိုင်းတုံ	၆.၉
၈	စစ်ကိုင်း	၆.၅
၉	ဟုမ္မလင်း	၆.၆
၁၀	ဟားခါး	၆.၇
၁၁	ညောင်ဦး	၆.၆
၁၂	ပျဉ်းမနား	၆.၉
၁၃	ပြင်ဦးလွင်	၆.၈
၁၅	ကလေးဝ	၇.၂
၁၆	ရန်ကုန် (ကမ္ဘာအေး)	၆.၉
၁၇	မော်ဘီ	၆.၈

စဉ်	စခန်းအမည်	pH
၁၈	မကွေး	၇.၁
၁၉	အောင်လံ	၆.၇
၂၀	လွိုင်ကော်	၆.၇
၂၁	စစ်တွေ	၆.၅
၂၂	ပြည်	၆.၅
၂၃	ပဲခူး	၆.၇
၂၄	တောင်ငူ	၆.၅
၂၅	ပုသိမ်	၆.၉
၂၆	မအူပင်	၆.၆
၂၇	ဟသ်ာတ	၆.၉
၂၈	မော်လမြိုင်	၆.၅
၂၉	ဘီးလင်း	၆.၆
၃၀	ဘားအံ	၆.၈
၃၁	ကော့ကရိတ်	၆.၈
၃၂	ထားဝယ်	၆.၆
၃၃	မြိတ်	၆.၆
၃၄	ကော့သောင်း	၆.၉


၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေးအခြေအနေများ

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန် (ကမ္ဘာအေး)ရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့်ကိရိယာ (FPM–377C) ဖြင့် လေထုအတွင်း 2.5 မိုက်ခရွန်မီတာ (μm) နှင့်အောက် သေးငယ်သောအမှုန်အမွှားများ ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ မိုးလေဝသရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့်ကိရိယာ (Compact Air Quality Monitoring Station – AQM65) ဖြင့် မျက်နှာပြင်အိုဇုန်း (O_3)၊ PM_{10} နှင့် $PM_{2.5}$ တို့ကို ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိသည်။


တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ ဇူလိုင်လအတွင်းတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏လေအရည်အသွေးမှာ ဇူလိုင်လအတွင်းတွင် ကောင်းမွန်သောအဆင့် ၂၃ ရက်၊ အသင့်အတင့်အဆင့် ၈ ရက်နှင့်ကျိုင်းတုံမြို့၏ လေအရည်အသွေး အခြေအနေ ($PM_{2.5}$)မှာ ကောင်းမွန်သောအဆင့် ၃၀ ရက်နှင့် အသင့်အတင့်အဆင့် ၁ ရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရသည်။ (မိုး/ဇလ)




ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ



ကျိုင်းတုံမြို့၏ $PM_{2.5}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ



ကျိုင်းတုံမြို့၏ PM_{10} ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ



ကျိုင်းတုံမြို့၏ မျက်နှာပြင်အိုဇုန်း(O_3)ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း

လေအရည်အသွေးအညွှန်းကိန်း(AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်

လေအရည်အသွေးအညွှန်းကိန်း (AQI)	လေအရည်အသွေးအဆင့်	အဓိပ္ပာယ်ဖွင့်ဆိုချက်
၀ - ၅၀	ကောင်း	လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှုအန္တရာယ် မရှိ သို့မဟုတ် လွှန်စွာနည်းပါးသည်။
၅၁ - ၁၀၀	အသင့်အတင့်	လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။
၁၀၁ - ၁၅၀	ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေ	လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။
၁၅၁ - ၂၀၀	ကျန်းမာရေးထိခိုက်စေ	လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှု ကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။
၂၀၁ - ၃၀၀	ကျန်းမာရေးကိုအလွန်ထိခိုက်စေ	ကျန်းမာရေးအသိပေးချက် - လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။
၃၀၁ - ၅၀၀	အန္တရာယ်ရှိ	ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေရှိများသည်။

ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဗင်နီစီးယက်စ်တို့ကြား သက်တမ်းတိုးစာချုပ်သစ်အတွက် ယခုရက်ပိုင်းအတွင်း ဆုံးဖြတ်မည်

မက်ဒရစ် ၊ ၅ရက်

ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဗင်နီစီးယက်စ်တို့ကြား သက်တမ်းတိုးစာချုပ်သစ်အတွက် ဆွေးနွေးမှုများလုပ်ဆောင်နေပြီး ယခုရက်ပိုင်းအတွင်း အပြီးသတ်ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဗင်နီစီးယက်စ်တို့၏ စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့ပြီး ရီးယဲလ်မက်ဒရစ်အသင်းက ပြီးခဲ့သည့်ဘေလုံးရာသီကတည်းက သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်သော်လည်း လုပ်ခလစာ ညှိနှိုင်းမှုအဆင်မပြေဖြစ်နေသည့်အတွက် ကြန့်ကြာနေခြင်းဖြစ်သည်။

ဗင်နီစီးယက်စ်က ရီးယဲလ်မက်ဒရစ်အသင်းနှင့် သက်တမ်းတိုးစာချုပ်သစ်အတွက် တစ်နှစ်လုပ်ခလစာ ယူရို သန်း ၂၀ အထိ အလိုရှိနေသော်လည်း ရီးယဲလ်မက်ဒရစ်အသင်းက အဆိုပါလုပ်ခလစာအတွက် ပေးချေလိုခြင်းမရှိသောကြောင့် သက်တမ်းတိုးစာချုပ်အတွက် ကြန့်ကြာနေခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဗင်နီစီးယက်စ်တို့ကြား သက်တမ်းတိုးစာချုပ်သစ်အတွက် ကြန့်ကြာနေချိန်တွင် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ဗင်နီစီးယက်စ်ကို အာဆင်နယ်အသင်းက မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူရန် ပြင်ဆင်နေသည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။

ဗင်နီစီးယက်စ်က ရီးယဲလ်မက်ဒရစ်အသင်းနှင့် သက်တမ်းတိုးစာချုပ်သစ်အတွက် တစ်နှစ်လုပ်ခလစာ ယူရို သန်း ၂၀ အလိုရှိနေသည့်အပြင် ၎င်း၏ပုံရိပ်အသုံးပြုခွင့် (Image Right) ခံစားခွင့်ကိုလည်း အပြည့်အဝရရှိရန် တောင်းဆိုမှုများ လုပ်ဆောင်ထားကြောင်း သိရသည်။ ***Ref:Topskillsports UK***



လက်ရှိအမျိုးသမီးဘောလုံးလောက စျေးကွက်တန်ကြေးအများဆုံး ကစားသမား ၁၀ ဦးစာရင်းတွင် အာဆင်နယ်အမျိုးသမီးအသင်းမှ ငါးဦးအထိပါဝင်နေ

လန်ဒန် ၊ ၅ရက်

လက်ရှိအမျိုးသမီးဘောလုံးလောက စျေးကွက်တန်ကြေးအများဆုံးကစားသမား ၁၀ ဦးစာရင်းတွင် အာဆင်နယ်အမျိုးသမီးအသင်းမှ ကစားသမား ငါးဦးအထိပါဝင်နေကြောင်း သိရသည်။

လက်ရှိ စျေးကွက်တန်ကြေးအများဆုံးကစားသမား ၁၀ ဦးစာရင်းတွင် အာဆင်နယ်အမျိုးသမီးအသင်းမှ ကစားသမား ငါးဦးအထိပါဝင်သကဲ့သို့ မန်စီးတီးအမျိုးသမီးအသင်းမှ ကစားသမားသုံးဦး၊ ချယ်လ်ဆီးအမျိုးသမီးအသင်းမှ ကစားသမားတစ်ဦးနှင့် ဘာစီလိုနာအမျိုးသမီးအသင်းမှ ကစားသမားတစ်ဦး ပါဝင်သည်။

လက်ရှိ အမျိုးသမီးဘောလုံးလောက စျေးကွက်တန်ကြေးအများဆုံးကစားသမား ၁၀ ဦးစာရင်းတွင် အာဆင်နယ်အမျိုးသမီးအသင်းမှ တိုက်စစ်ကစားသမားရှူဆိုက ယူရို ၁ ဒသမ ၈ သန်းဖြင့် ထိပ်ဆုံး၌ရပ်တည်နေခြင်းဖြစ်သည်။

အစောပိုင်းက အမျိုးသမီးဘောလုံးလောကတွင် စျေးကွက်တန်ကြေး အများဆုံးကစားသမားအဖြစ် ရပ်တည်နေပြီး အမျိုးသမီးကမ္ဘာ့အကောင်းဆုံးကစားသမားဆု အများအပြားဆွတ်ခူးနိုင်ခဲ့သည့် ဘာစီလိုနာအမျိုးသမီးအသင်းမှ ပူတဲလက်သည် နောက်ပိုင်းကာလများတွင် ဒဏ်ရာပြဿနာများကြောင့် ရုန်းကန်နေရသည့်အတွက် စျေးကွက်တန်ကြေးကျဆင်းလာခဲ့ပြီး အဆင့် (၃) နေရာရောက်ရှိခဲ့သည်။

လက်ရှိအမျိုးသမီးဘောလုံးလောက စျေးကွက်တန်ကြေး အများဆုံးကစားသမားစာရင်းတွင် ရူဆိုး၏နောက်တွင် မန်စီးတီးအသင်းမှ ရှောလ်က ယူရို ၁ ဒသမ ၃ သန်း၊ ပူတဲလက်က ယူရို ၁ ဒသမ ၁ သန်း၊ အာဆင်နယ်အသင်းမှ ကယ်ဒန်တီက ယူရို ၁ ဒသမ ၁ သန်း၊ ချယ်လ်ဆီးအသင်းမှ သွန်ဆင်က ယူရိုတစ်သန်း၊ အာဆင်နယ်အသင်းမှ စတန်ဝေးလ်က ယူရိုတစ်သန်း၊ မန်စီးတီးအသင်းမှ ကီရိုလင်းက ယူရို ၉၅၀၀၀၀၊ အာဆင်နယ်အသင်းမှ စမစ်က ယူရို ၉၀၀၀၀၀၊ မန်စီးတီးအသင်းမှ ဟန့်ခ်က ယူရို ၉၀၀၀၀၀ နှင့် အာဆင်နယ်အသင်းမှ ဘက်တယ်က ယူရို ၉၀၀၀၀၀ ဖြင့် အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။

Ref:Transfermarket

အမေရိကန်အသင်းက နည်းပြ ပိုချက်တီနိုကို ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲအထိ သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆို



ဝါရှင်တန် ၊ ၅ရက်

အမေရိကန်အသင်းက နည်းပြပိုချက်တီနိုကို ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲအထိ သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၅၂ နှစ်အရွယ် နည်းပြပိုချက်တီနိုသည် ၂၀၂၄ ခုနှစ် မေလက ချယ်လ်ဆီးအသင်းနှင့် လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ ၂၀၂၄ ခုနှစ် စက်တင်ဘာလက အမေရိကန်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်သည်။

နည်းပြပိုချက်တီနိုသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အမေရိကန်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာ အုပ်စုပွဲစဉ်များ၌ ရလဒ်ကောင်းများရရှိခဲ့ပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ထွက်ပေါ်အောင် စွမ်းဆောင်နိုင်ခဲ့ကာ အုပ်စုပထမဖြင့် ၃၂ သင်းရှိုးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

၃၂ သင်းရှိုးထွက်အဆင့်တွင်လည်း ဘော့စနီးယားအသင်းကိုအနိုင်ရရှိပြီး ၁၆ သင်းရှိုးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကာ ၁၆ သင်းရှိုးထွက်အဆင့်တွင် ဘယ်လ်ဂျီယံအသင်းကို ရှုံးနိမ့်ပြီးနောက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

နည်းပြပိုချက်တီနိုသည် အမေရိကန်အသင်းသမိုင်းတစ်လျှောက် ၁၆ သင်းရှိုးထွက်အဆင့်သို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့သကဲ့သို့ အုပ်စုပွဲစဉ်အဖြစ်ကစားသည့် ပါရာဂွေးအသင်းနှင့်ပွဲစဉ်တွင်လည်း ၄ ဂိုး - ၁ ဂိုးဖြင့် အနိုင်ရရှိပြီးနောက် အသင်းသမိုင်းတစ်လျှောက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂိုးအပြတ်ဆုံးနိုင်ပွဲကို ရယူနိုင်ခဲ့သည်။

နည်းပြပိုချက်တီနိုသည် အမေရိကန်အသင်းကို ပြိုင်ပွဲစုံ ၃၂ ပွဲတာဝန်ယူကိုင်တွယ်ရာတွင် ၁၈ ပွဲအနိုင်ရရှိခဲ့ပြီး နှစ်ပွဲသရေနှင့် ၁၂ ပွဲရှုံးရလဒ်ရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့သည်။

နည်းပြပိုချက်တီနိုနှင့် အမေရိကန်အသင်းတို့ စာချုပ်မှာ ၂၀၂၈ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်ပြီး အစောပိုင်းက ပိုချက်တီနိုအနေဖြင့် အမေရိကန်အသင်းနှင့် လမ်းခွဲပြီး ကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ ၂၀၃၀ ပြည့်နှစ်အထိ စာချုပ်သစ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။ ***Ref:B/R Football***

နွေရာသီကစားသမား အပြောင်းအရွှေ့ သတင်းအတိုများ

❍ ဖူလ်ဟမ်အသင်းက ရီးယဲလ်မက်ဒရစ်အသင်းမှ လူငယ်တိုက်စစ်ကစားသမား ဂါစီယာကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၄၀ အပြင် အပိုဆုကြေး နှစ်သန်း စုစုပေါင်း ၄၂ သန်းဖြင့် ၂၀၃၁ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့ပြီး ပြန်လည်ရောင်းချပါက ရီးယဲလ်မက်ဒရစ်အသင်းကို ၃၀ ရာခိုင်နှုန်း ပေးချေရမည်ဖြစ်ကြောင်း သိရသည်။

❍ နာပိုလီအသင်းကွင်းလယ်ကစားသမား ဒီဘရိုင်းက အင်တာမိုင်ယာမီအသင်းသို့ ပြောင်းရွှေ့ကစားမည့်သတင်းများကို ငြင်းဆိုခဲ့ပြီး နာပိုလီအသင်းကလည်း အင်တာမိုင်ယာမီအသင်းထံမှ ကမ်းလှမ်းမှုတစ်စုံတစ်ရာရရှိထားခြင်းမရှိဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

❍ ပီအက်စ်ဂျီအသင်းက ဘာစီလိုနာအသင်းမှ ဖာရန်တောရက်စ်ကို ခေါ်ယူရန်ပြင်ဆင်နေပြီး လာမည့် ရက်ပိုင်းအတွင်း ဆွေးနွေးမှုများ တိုးတက်ရန်ကြိုးပမ်းနေကြောင်း သိရသည်။

❍ လီဗာပူးအသင်းက ပီအက်စ်ဂျီအသင်းမှ ဘာကို လာအားခေါ်ယူရန် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုများရရှိပြီးနောက် ပီအက်စ်ဂျီအသင်းနှင့် စတင်ဆွေးနွေးမှုများလုပ်ဆောင်နေပြီး ပထမဆုံးအနေဖြင့် ပြောင်းရွှေ့ကြေး ယူရို သန်း ၁၀၀ ဖြင့် ညှိနှိုင်းဆွေးနွေးနေကြောင်း သိရသည်။

အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားနှစ်ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဩဂုတ် ၄

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသားတစ်ဦးနှင့် ဘီလာရုစ်နိုင်ငံသားတစ်ဦး၊ စုစုပေါင်းပြည်ပနိုင်ငံသား နှစ်ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့်နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ Consular Mr. Sandra Burnama နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘီလာရုစ်နိုင်ငံသံရုံးမှ Consular Mrs. Koranum Sukome Itilom နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံတာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားနှစ်ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးအပ်စဉ်။

၂၀၂၅ ခုနှစ်၊ ဧန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၀ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၁၄ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။

လွှဲပြောင်းပေးအပ်ရန် ကျန် ရှိသည့် ပြည်ပနိုင်ငံသား ၉၂၆ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ဂ၁၃ ဦး ရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၁၃ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့်လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

◆ ထိုင်းဘုရင့်ဖလားမှ

မြန်မာအမျိုးသမီးအသင်းသည်ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲအုပ်စုတွင်း ပထမပွဲစဉ်ကို လာအို၊ အိန္ဒိယတို့နှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ၎င်းအသင်းများအနက်မှ အမှတ်အများဆုံး တစ်သင်းသာ နောက်တစ်ဆင့်တက်ရောက်ရမည်ဖြစ်ရာ မြန်မာအသင်းသည် ရမှတ် ၄၆၀ ရရှိပြီး နောက်တစ်ဆင့်ကိုတက်လှမ်းနိုင်ခဲ့သည်။ နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် ရမှတ် ၄၇၀ ဖြင့် ဒုတိယ(ငွေတံဆိပ်)ကို ဆွတ်ခူးရရှိခဲ့သည်။

အုပ်စုပွဲစဉ်များအပြီးတွင် အမှတ်အများဆုံးအသင်းလေးသင်းဖြစ်သည့် ထိုင်း၊ မြန်မာ၊ တရုတ်နှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ရာ ထိုင်းအသင်းက ရမှတ် ၆၇၀၊ မြန်မာအသင်းက ရမှတ် ၄၇၀၊ တရုတ်အသင်းက ရမှတ် ၃၃၀ နှင့် လာအိုအသင်းက ရမှတ် ၃၃၀ ရရှိခဲ့ကြသည်။

ထို့အတူ မြန်မာအမျိုးသားအသင်းသည် အမျိုးသားကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ အုပ်စုပြိုင်ပွဲတွင် လာအို၊ အီရတ်တို့နှင့် ယှဉ်ပြိုင်ခဲ့ရာ ရမှတ် ၅၂၀ ဖြင့် အမှတ်အများဆုံးရရှိပြီး နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သည်။ မြန်မာအသင်းသည် နောက်ဆုံးအဆင့်ပြိုင်ပွဲကို ထိုင်း၊ လာအို၊ အိန္ဒိယတို့နှင့်အတူ တက်ရောက်ခဲ့ပြီး ရမှတ် ၅၁၀ ဖြင့်ငွေတံဆိပ်ဆွတ်ခူးရရှိခဲ့ကာ ထိုင်းအသင်းက ရမှတ် ၇၁၀ နှင့် ပထမ၊ အိန္ဒိယအသင်းက ရမှတ် ၃၄၀ ဖြင့် တတိယဆုများရရှိခဲ့ကြသည်။

မြန်မာ့လက်ရွေးစင်အမျိုးသားပိုက်ကျော်ခြင်းအသင်းသည် ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲ (Men Team Regu Event)၊ လေးယောက်တွဲပြိုင်ပွဲ (Men Quadrant Event)နှင့် ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ (Men Hoop Event)တို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည်လည်း နှစ်ယောက်တွဲပြိုင်ပွဲ (Women Double Event)၊ လေးယောက်တွဲပြိုင်ပွဲ (Women Quadrant Event)နှင့် ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ (Women Hoop Event)များ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဝန်းရံခ

▲ အာဆီယံဟွန်ဒိုင်းဖလားမှ

မြန်မာအသင်း အုပ်စုကျော်ဖြတ်နိုင်ရေး ပွဲစသည်နှင့် တိုက်စစ်ဖွင့်ကစားလာ၍ လာအိုအသင်းက ခံစစ်ကိုဦးစားပေးကာ တန်ပြန်တိုက်စစ်ဖြင့်အကောင်းဆုံးယှဉ်ပြိုင်ခဲ့သော်လည်း ပွဲစပြီးတစ်မိနစ်အကျော်တွင် မောင်မောင်လွင်၏ပေးပို့မှုမှ လွင်မိုးအောင်က ဦးဆောင်ဂိုးကို သွင်းယူခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးရပြီးနောက် လာအို အသင်းကလည်းချေပဂိုးရရှိရေး လျင်လျင်မြန်မြန်အပေးအယူပြုလုပ်ပြီး မြန်မာအသင်းကို ဖိအားပေးကစားကာ ပွဲကစားချိန် ၁၇ မိနစ်တွင် BOUNXAI ကချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည်။ နိုင်ပွဲအတွက် ဆန္ဒပြင်းပြနေသည့် မြန်မာအသင်းသည် အသင်းလိုက်စုစည်းမှုနှင့်မြန်ဆန်သည့်တိုက်စစ်အားကို သုံးကာ ပြိုင်ဘက်ဂိုးဧရိယာတွင်းအကြိမ်ကြိမ် ထိုးဖောက်ဝင်ရောက်ပြီး ဂိုးဖန်တီးမှုများပြုလုပ်ခဲ့ရာ ပွဲကစားချိန် မိနစ် ၂၀ တွင် မောင်မောင်လွင်၏ ဖန်တီးပေးပို့မှုမှ ဝင်းနိုင်ထွန်းက မြန်မာအသင်းအတွက် ဒုတိယဂိုးကိုသွင်းယူပေးခဲ့သည်။

လာအိုအသင်းသည် အုပ်စုပြိုင်ပွဲတွင် ထိုင်း၊ မလေးရှားနှင့် ဖိလစ်ပိုင်အသင်းတို့ကို ရှုံးနိမ့်ခဲ့ပြီး အုပ်စုအဆင့်မှထွက်ခဲ့ရသော်လည်း ဂုဏ်သိက္ခာအတွက်မြန်မာအသင်းကို လွယ်လွယ်နှင့်အရှုံးမပေးဘဲ တန်ပြန်တိုက်စစ်မှတစ်ဆင့် ဖိအားပေးကစားနိုင်ခဲ့၍ ပွဲကစားချိန် ၂၃ မိနစ်တွင်အသင်းခေါင်းဆောင် PHOUTTHAVONG က ဘယ်တောင်ပံမှတစ်ကိုယ်တော်ဆွဲယူပြီး ဒုတိယဂိုးကိုသွင်းနိုင်ခဲ့၍ ၂ ဂိုး ၂ ဂိုးဖြင့် ပွဲကအပြန်အလှန်ရှိသည်။ ယနေ့ပွဲနိုင်ကိုနိုင်မှဖြစ်မည့် မြန်မာအသင်းသည် တိုက်စစ်အားမချဘဲ တိုက်စစ်ဆင်နိုင်မှုကြောင့် ပွဲကစားချိန် ၄၂ မိနစ်တွင် ဝင်းနိုင်ထွန်းက တတိယဂိုးနှင့် ပွဲကစားချိန် ၄၅+၄ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် မောင်မောင်လွင်က စတုတ္ထဂိုးများသွင်းယူခဲ့ပြီး ပထမပိုင်းတွင် ၄ ဂိုး ၂ ဂိုးဖြင့် မြန်မာအသင်းက ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် လာအိုအသင်းချေပဂိုးရရှိရေး လူစားလဲခဲ့သော်လည်း ကစားအားလျော့ကျလာခဲ့သည်။ မြန်မာအသင်းရဲ့ တိုက်စစ်အားကြောင့် ပွဲကစားချိန် ၅၂ မိနစ်တွင် သန်းပိုင်က ပဉ္စမဂိုး၊ ပွဲကစားချိန် ၈၁ မိနစ်တွင် ဟိန်းထက်အောင်က ဆဋ္ဌမဂိုးနှင့် ပွဲကစားချိန် ၈၃ မိနစ်တွင် ဝင်းနိုင်ထွန်းက သတ္တမဂိုးတို့ကို ထပ်မံသွင်းယူနိုင်ခဲ့၍ မြန်မာအသင်းက ၇ ဂိုး ၂ ဂိုးဖြင့် လာအိုအသင်းကိုအနိုင်ရရှိသွားသည်။

မြန်မာအသင်းသည် ၂၀၂၆ ခုနှစ် ဩဂုတ်လ ၈ ရက်တွင် ထိုင်းအသင်းနှင့် အုပ်စုနောက်ဆုံးပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဝန်းရံခ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-ဈ-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကေး	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၆၄၀	၃၇၇၅	၃၇၃၅	၃၆၅၅	၃၇၈၅	၃၈၀၀	၃၈၂၅	၃၇၂၀	၄၀၄၀	၄၀၈၀	၃၇၄၀	၃၈၅၅	၃၈၂၀	၃၇၈၅	၃၈၀၀	၄၀၃၅
95 Ron	၃၆၈၅	၃၈၂၅	၃၇၆၀	၃၇၀၀	၃၈၃၀	၃၈၄၅	၃၈၇၀	၃၇၆၅	၄၀၈၅	၄၁၂၅	၃၇၈၅	၃၉၄၀	၃၈၇၀	၃၈၃၀	၃၈၄၅	၄၀၈၅
HSD (500 ppm)	၃၉၈၅	၄၁၀၅	၄၀၇၅	၄၀၀၀	၄၁၂၀	၄၁၃၅	၄၁၀၀	၄၀၆၀	-	၄၄၈၅	၄၀၈၀	၄၀၇၀	၄၁၆၀	၄၁၂၀	၄၁၃၅	၄၁၆၅
HSD (50 ppm)	၄၈၃၀	၄၉၆၅	၄၉၂၅	၄၈၄၅	၄၉၇၀	၄၉၉၀	၅၀၀၅	၄၉၃၀	၅၂၃၀	၅၂၇၀	၄၉၂၅	၅၀၉၅	၅၀၃၀	၄၉၇၀	၄၉၈၅	၅၂၂၅
HSD (10 ppm)	၄၈၃၀	၄၉၆၅	၄၉၂၅	၄၈၄၅	၄၉၇၀	၄၉၉၀	၅၀၀၅	၄၉၃၀		၅၂၇၀	၄၉၂၅	၅၀၉၅	၅၀၃၀	၄၉၇၀	၄၉၈၅	၅၂၂၅

ကျပ်/လီတာ

Fuel (လက်တားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၄၄၆	၃၅၄၉
95 Ron	၃၄၉၁	၃၅၉၅
HSD (500 ppm)	၃၇၉၃	၃၈၉၉
HSD (50 ppm)	၄၅၉၀	၄၇၁၉
HSD (10 ppm)	၄၅၉၀	၄၇၁၉

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မိဘအမည်မှန်

လယ်ဝေးမြို့၊ အ.ထ.က(ပျံချီ) Grade-9 မှ မမြတ်နိုးသွယ်၏မိဘအမည်မှန်မှာ ဦးဝင်းစိုးနှင့် ဒေါ်နန်းအေးခိုင်ဖြစ်ပါကြောင်း။

ဦးဝင်းစိုး-ဒေါ်နန်းအေးခိုင်

ပျောက်ဆုံးကြောင်း

အောင်ကျော်ကျော်ဖြိုး(ဘ)ဦးဌေးလွင် ၈/ပဖန(နိုင်)၁၄၄၀၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၁၅၉၂၅၁၆

ပျောက်ဆုံးကြောင်း

စိုးမိုးအောင်(ဘ)ဦးမြအေး ၁၂/သခန(နိုင်)၁၁၄၄၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ အ.ထ.က ထုံးကြီးကျောင်း၊ Grade-11(B) မှ မရှုပါဝင်း၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင် ၁၂/လကန(နိုင်)၁၂၄၇၂၃ ဖြစ်ပါကြောင်း။

ဦးစိုးနိုင်

တစ်ဦးတည်းဖြစ်ပါကြောင်း

ပြည်ဦးလွှင်မြို့၊ ပညာစွယ်စုံမူလတန်းကျောင်း၊ KG တန်းတွင် ပညာသင်ကြားနေသော မောင်နေလင်းခန့်၏ဖခင် ဦးမောင်ခန့်(ခ) မောင်ခန့် ၉/မသန(နိုင်)၁၈၃၄၂၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။**ဦးမောင်ခန့်(ခ)မောင်ခန့်**

ပျောက်ဆုံးကြောင်း

နန်းဝေဝေ(ဘ)ဦးလင်းယုန် ၃/ပကန(နိုင်)၀၂၀၉၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 332549)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

သောင်းထွေး(ဘ)ဦးငြိမ်းဖေ ၁၀/ဘလန(နိုင်)၀၇၀၈၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၇၆၄၉၂၂၀

ပျောက်ဆုံးကြောင်း

ဟိန်းဝန်းဇင်(ဘ)ဦးကျော်ကျော်ဦး ၁၀/မဒန(နိုင်)၂၅၄၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 134206)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၁၅၆၆၆၇

ပျောက်ဆုံးကြောင်း

စိုးလင်းဦး(ဘ)လေးတိုး ၇/ကပက(နိုင်)၀၈၄၅၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

စလင်းမြို့၊ ဒီးဒုတ်ပင်ရွာနေ ယုယုဝေ(ဘ)ဦးမင်းအောင်၈/စလန(နိုင်)၂၅၅၀၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ က အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြို့မြို့၊ အ.ထ.က(၁) Grade-10(B) တွင် ပညာသင်ကြားနေသော မောင်အောင်ဝိုးသန့်၏ဖခင် ဦးခင်လှိုင်ဝင်း၏ အမည်မှန်မှာ ဦးခင်နိုင်ဝင်း ၈/ရစက(နိုင်)၁၇၀၃၂ ဖြစ်ပါကြောင်း။

ဦးခင်နိုင်ဝင်း

ပျောက်ဆုံးကြောင်း

သန်းထွန်း(ဘ)ဦးသောင်းမြင့် ၁၂/မဘန(နိုင်)၁၂၄၆၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၇၄၅၅၃၇

ပျောက်ဆုံးကြောင်း

ကိုချမ်းချမ်း(ဘ)ဦးစိန်လှိုင် ၁၂/ကမန(နိုင်)၁၀၆၄၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၀၀၂၄၇၅၅

ပျောက်ဆုံးကြောင်း

ဆုဝေယံဟိန်း(ဘ)ဦးဖြိုးဦး ၁၄/ကခန(နိုင်)၁၂၄၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 836309)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ဖြိုးပြည့်အောင်(ဘ)ဦးမျိုး၀င်းထွဋ် ၁၂/စခန(နိုင်)၀၇၈၇၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 160920)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၆၇၄၀၂၃

ပျောက်ဆုံးကြောင်း

အောင်ကိုကို(ဘ)ဦးတင်အောင် ၁၄/ဇလန(နိုင်)၁၂၂၉၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 625701)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၄၄၀၀၅၂၅၀

ပျောက်ဆုံးကြောင်း

ယဉ်ယဉ်မွန်(ဘ)ဦးကြည်ခင် ၁၀/ပမန(နိုင်)၂၀၇၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၂၀၁၅၄၈၉

ပျောက်ဆုံးကြောင်း

အလေးမီး(ဘ)ဦးဂူတား ၁၃/နမတ(နိုင်)၀၇၀၅၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၃၀၃၆၉၃၇

ပျောက်ဆုံးကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ခတ္တာလမ်းနေ နိုင်လင်းထွန်း(ဘ)ဦးထွန်းလှိုင် ၁၂/ဒဂမ(နိုင်)၀၄၀၅၇၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 423521)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၃၇၁၇၂၂၇၇

မိဘအမည်မှန်

ဘီးလင်းမြို့၊ အ.ထ.က(ခွဲ)ဆင်အင်းကျောင်း၊ Grade-8 မှ မမိုးမြင့်သဇင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းနီဖြစ်ပါကြောင်း။

ဦးသိန်းနီ

ဖခင်အမည်မှန်

ဘီးလင်းမြို့၊ အ.ထ.က(ခွဲ)ဆင်အင်းကျောင်း၊ Grade-6 မှ စောဇင်မင်းထက်၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်း ၁၀/ဘလန(နိုင်)၀၅၄၈၆၉ ဖြစ်ပါကြောင်း။

ဦးသန်းထွန်း

ဖခင်အမည်မှန်

သုံးခွမြို့နယ်၊ အထက(ခွဲ)သိုက်တူးကန်ကျေးရွာ၊ Grade-6 မှ မနှင်းကေရီဖြိုးနှင့် Grade-6 မှ မနှင်းကေရီကျော်၏ ဖခင်အမည်မှန်မှာ ဦးစိုးခိုင်ဦး ၁၂/သခန(နိုင်)၀၈၉၃၇၆ ဖြစ်ပါကြောင်း။

ဦးစိုးခိုင်ဦး

ပျောက်ဆုံးကြောင်း

ကျော်စွာမိုး(ဘ)ဦးမြင့်စိုး ၇/ညလပ(နိုင်)၀၉၂၀၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၂၃၉၈၇၀၅၅

ပျောက်ဆုံးကြောင်း

မိုးလွင်(ဘ)စန်းလွင် ၁၂/ဟဘတ(နိုင်)၀၁၈၂၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၅၆၈၀၇၄၇

ပျောက်ဆုံးကြောင်း

ဝေဝေဆင်(ဘ)ဦးခင်လှာ၂/ဥကမ(နိုင်)၁၈၅၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၀၀၀၀၁၆၈

ပျောက်ဆုံးကြောင်း

ဇရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့၊ ကျွန်းကုန်းကျေးရွာနေ မောင်စည်သူအောင်(ဘ)ဦးအောင်နိုင်ဦး ၁၄/ဝခမ(နိုင်)၂၈၇၂၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၅၁၉၀၈၇၄၇

ပျောက်ဆုံးကြောင်း

စိုးမိုးဝင်း(ဘ)ဦးစိန်ဝိယ ၉/မခန(နိုင်)၁၉၃၀၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

မျိုးသန္တာထွန်း(ဘ)ဦးကိုစန်း ၁၄/ငသခ(နိုင်)၀၀၆၃၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၁၁၃၆၄၄၄၈

မိဘအမည်မှန်

ဘီးလင်းမြို့၊ အ.ထ.က(ခွဲ)ဆင်အင်းကျောင်း၊ Grade-12 မှ မဖြူစင်သူ၏ မိဘအမည်မှန်မှာ ဦးစောရန်အောင်နှင့် ဒေါ်အေးမြသူဖြစ်ပါကြောင်း။

ဦးစောရန်အောင်-ဒေါ်အေးမြသူ

ပျောက်ဆုံးကြောင်း

နီနီမြင့်(ဘ)ဦးကေအမ်ခါလစ်(ခ)မျိုးမြင့် ၁၀/မလမ(နိုင်)၃၁၀၄၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၄၂၀၂၀၅၁

ပျောက်ဆုံးကြောင်း

ဒေါ်ခင်ဖြူ(ဘ)ဦးသောင်း ၃/ဘအန(နိုင်)၃၀၆၁၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၃၅၅၅၆၅၄၄

ပျောက်ဆုံးကြောင်း

စိုးလွင်(ဘ)စန်းလွင်၁၂/ဟဘတ(နိုင်)၀၁၈၂၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၅၆၈၀၇၄၇

ပျောက်ဆုံးကြောင်း

ဇင်ဝါလှိုင် (ဘ)ဦးလှဌေး ၁၄/၀ခမ(နိုင်)၁၉၅၂၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၇၃၃၃၇၂၄၃

ပျောက်ဆုံးကြောင်း

ညီညီထိုက်(ဘ)ဦး၀င်းကြိုင် ၁၂/ဒလန(နိုင်)၀၄၀၅၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၆၂၇၁၁၃၂

တစ်ဦးတည်းဖြစ်ပါကြောင်း

အ.ထ.က ရွှေနှံ့သာ Grade-7 မှ ပညာသင်ကြားနေသော မောင်ချစ်ကိုကိုဝင်း၏ဖခင် ဦးသန်းဝင်းနှင့် ဦးစိုးမင်းထွေး ၉/စကတ(နိုင်)၁၄၅၅၅၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးသန်းဝင်း(ခ)ဦးစိုးမင်းထွေး

ဖခင်အမည်မှန်

အဘ ဦးဆန်း၀င်း၏သား ဘီးလင်းမြို့၊ အ.ထ.က(တောင်စွန်း)ကျောင်း၊ Grade-12မှ မောင်ကိုကိုချစ်၏အမည်မှန်မှာ မောင်ကိုကိုဖြစ်ပြီး ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၆-၈-၂၀၀၉ ဖြစ်ပါကြောင်း။

မောင်ကိုကို၊ ၆-၈-၂၀၀၉

ဖခင်အမည်မှန်

ဘီးလင်းမြို့၊ အ.ထ.က(ခွဲ)ဆင်အင်းကျောင်း၊ Grade-11 မှ စောဇေယျာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစောလင်းကိုဖြစ်ပါကြောင်း။

ဦးစောလင်းကို

ပျောက်ဆုံးကြောင်း

ချစ်ဝင်း(ဘ)ဦးထန်းစိန် ၁၀/ရမန(နိုင်)၁၂၈၆၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၃၃၆၃၅၁

ပျောက်ဆုံးကြောင်း

နန်းမြသင်း(ဘ)ဦးထွန်းမြသာ ၃/ဘအန(နိုင်)၃၂၄၀၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 773615)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၃၆၅၁၂၃၃

ပျောက်ဆုံးကြောင်း

နောင်နောင်(ဘ)ဦးတရုတ် ၁၄/ဖပန(နိုင်)၂၇၅၃၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

အိမ်မွှာစာမှာရှိ

အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြို့မြို့၊ စိတ္တသုခ အ.ထ.က Grade-5 တွင်ပညာသင်ကြားနေသော အဘ ဦးတင်မြို့၏သမီး မပြုံးပြုံးမိုး၏အမည်နှင့်မွေးသက္ကရာဇ်အမှန်မှာ ၀၇၃၂ အရမပြုံးပြုံးပိုဖြစ်ပါကြောင်း။

မပြုံးပြုံးပို

ပျောက်ဆုံးကြောင်း

လီဟွာရှင်း(ဘ)ဦးလီကြားချန် ၁၃/လရန(နိုင်)၂၈၄၈၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 639437)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၈၀၂၀၁

ပျောက်ဆုံးကြောင်း

စိမ်းလဲ့ဝေ(ဘ)ဦးမြင့်ခင် ၉/မလန(နိုင်)၁၇၈၇၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၂၄၄၆၆၁၁

ပျောက်ဆုံးကြောင်း

စောအယ် ဒိုစိုး(ဘ)စောဘီစေးနီယို ၃/သဘက(နိုင်)၀၁၉၁၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ဖခင်အမည်မှန်

ဘီးလင်းမြို့၊ အ.ထ.က(ခွဲ)ဆင်အင်းကျောင်း၊ Grade-6 မှ စောဇင်မင်းထက်၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်း ၁၀/ဘလန(နိုင်)၀၅၄၈၆၉ ဖြစ်ပါကြောင်း။

ဦးစောလင်းကို

ပျောက်ဆုံးကြောင်း

ဒေါ်ဝင်းထွန်(ဘ)ငွေသိန်း ၇/ဇကန(နိုင်)၁၃၀၁၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၇၂၄၇၅၅

ပျောက်ဆုံးကြောင်း

မောင်ကြီးဖြူ(ဘ)ဦးလွှမ်းဖြူ ၁၁/မဟန(နိုင်)၀၀၄၀၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၃၈၈၃၀၆၈

မိဘအမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ မူလွန် (ဆတ်သွား)ကျောင်းကျောင်းဝင်အမှတ် ၀၆၀၁ Grade-5 သင်ဆဲမှ မောင်လရောင်ဖြိုး၏ဖခင် ဦးမြသိန်း၏ အမည်မှန်မှာ ဦးအောင်သိန်း၀င်း ၈/တတက(နိုင်)၀၄၆၄၄၈ နှင့် ဒေါ်နှင်းရီ၏အမည်မှန်မှာ ဒေါ်မြမြလွင် ၈/တတက(နိုင်)၁၄၈၈၀၉ ဖြစ်ပါကြောင်း။ **ဦးအောင်သိန်း၀င်း-ဒေါ်မြမြလွင်**

ပျောက်ဆုံးကြောင်း

ဒေါ်ဝင်းထွန်း(ဘ)ဦးသိန်းဌေး ၁၂/ဘဘန(နိုင်)၀၆၈၂၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၂၄၄၆၆၁၁

ပျောက်ဆုံးကြောင်း

ဒေါ်ဝင်းထွန်း(ဘ)ဦးသိန်းဌေး ၁၂/ဘဘန(နိုင်)၀၆၈၂၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

ဒေါ်ဝင်းထွန်း(ဘ)ဦးသိန်းဌေး ၁၂/ဘဘန(နိုင်)၀၆၈၂၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်း၀င်အမှတ်-၂၀၅၇၊ G-9 မှ မယမုံဖူးမြတ်၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော်သိန်း ၁၀/ကမရ(နိုင်)၀၈၁၇၅၅ ဖြစ်ပါကြောင်း။

ဦးမင်းဇော်သိန်း

ပျောက်ဆုံးကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ခတ္တာလမ်းနေ နိုင်လင်းထွန်း(ဘ)ဦးထွန်းလှိုင် ၁၂/ဒဂမ(နိုင်)၀၄၀၅၇၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 423521)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၃၇၁၇၂၂၇၇

မတည်ရင်းနှီးငွေလျှော့ချခြင်း

အထက်ပါအကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်များ SKY SUMMIT GROUP OF COMPANIES LIMITED အစုရှယ်ယာရှင်များ၏ (၂၇-၇-၂၀၂၆)ရက်နေ့တွင်ပြုလုပ်ခဲ့သည့် အစုရှယ်ယာရှင်များအစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏မတည်ငွေအား ကျပ်သိန်း အစု(၄၀၀,၀၀၀)စုတိတိမှ ကျပ်သိန်း(၅၀၀) တိတိသို့ ပြင်ဆင်လျှော့ချလိုက်ကြောင်း ကြော်ငြာအပ်ပါသည်။

SKY SUMMIT GROUP OF COMPANIES LIMITED
094060486, 09420231149

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်-၆၉ယ/၅၇၇၃၂၊ လက်ဝယ်ရှိသူ ဒေါ်နွယ်အိအိချို မှတ်ပုံတင်အမှတ်၊ ၁၀/ကမရ(နိုင်)၁၈၇၃၆၂ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

က.ည.န၊ ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့



Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း / ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)



အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀၀ ၁၅၃၄

NAY PYI TAW



"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"



နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဇွန်ရိပ်မြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆

STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄



မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း



အရည်အသွေးမှန်၊အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုကို ဖြင့်

ရန်ကုန်၊ကျောက်တံခါး၊ပဲခူးယိုမားကုန်း၊ဖြူး၊နေပြည်တော်၊ သာစည်၊ကျောက်ဆည်၊မန္တလေး၊ကျောက်မဲ၊ပြင်ဦးလွင်၊ ပခုက္ကူ၊အောင်လံ၊ပြည်၊ဝါဇီတို့တွင်လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။

ဖုန်း။ ၀၅၁-၀၁-၅၃၆၅၅၇၊၅၃၁၁၂၈၊၅၃၁၁၂၉

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၄-၈-၂၀၂၆

ရွှေကျင်	၅	ဒသမ	၄၀	လက်မ	ဘားအံ	၂	ဒသမ	၇၆	လက်မ
မဒေါက်	၄	ဒသမ	၆၄	လက်မ	မိုးညှင်း	၂	ဒသမ	၇၁	လက်မ
မချမ်းဘော့	၄	ဒသမ	၄၉	လက်မ	ရေဦး	၂	ဒသမ	၆၈	လက်မ
တောင်ငူ	၂	ဒသမ	၇၆	လက်မ	ပေါင်	၂	ဒသမ	၆၈	လက်မ
(လေကြောင်းမိုးလေဝသ)					ခန္ဓီး	၂	ဒသမ	၆၄	လက်မ
မြစ်ကြီးနား	၂	ဒသမ	၇၆	လက်မ	ရွှေဘို	၂	ဒသမ	၅၂	လက်မ

- ❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမနေ့တွင် ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲမှ မြန်မာအသင်း ငွေတံဆိပ်နှစ်ခုစတင်ဆွတ်ခူး

ရန်ကုန် ၅ရက်

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Fashion Island Terminal 21 ၌ ဩဂုတ်လ ၃ ရက်မှ ၁၁ ရက်ထိကျင်းပနေသည့် (၃၉)ကြိမ်မြောက် ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ(39th Thai King's Cup)သို့ မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ယနေ့ပထမနေ့ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲမှ ငွေတံဆိပ်နှစ်ခုစတင်ဆွတ်ခူးရရှိခဲ့သည်။ **စာမျက်နှာ ၂၉ ကော်လံ ၁ ◆**

မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြိုးနိုင်

နေပြည်တော် ၅ရက်

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ်လ ၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် **စာမျက်နှာ ၁၅ ကော်လံ ၁ ⊃**

နမ့်စန်မြို့နယ်၊ နားရိုင်းရွာသစ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား လက်နက်၊ ခဲယမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ၅ရက်

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အထူးအလေးထား၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နမ့်စန်မြို့နယ်အတွင်း နယ်မြေလုံခြုံရေး **စာမျက်နှာ ၂၂ ကော်လံ ၁ ▼**



ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၃၆ဦးအား ဖမ်းဆီးရမိမှုကိုတွေ့ရစဉ်။

အာဆီယံဟွန်ဒိုင်းဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် မြန်မာအသင်းဂိုးပြတ်သွင်း၍ လာအိုအသင်းကိုအနိုင်ယူ



ရန်ကုန် ၅ရက်

၂၀၂၆ အာဆီယံဟွန်ဒိုင်းဖလားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စု(ဘီ)ပွဲစဉ်တစ်ပွဲဖြစ်သည့် မြန်မာအသင်းနှင့်လာအိုအသင်းတို့ ယနေ့ည နေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ၇ ဂိုး ၂ ဂိုးဖြင့် ဂိုးပြတ်သွင်းကာ အနိုင်ရရှိသွားသည်။

မြန်မာအသင်းအတွက် ဆီမီးဖိုင်နယ်တက်ရောက်နိုင်ရေး လာအိုအသင်းကို ဂိုးများများသွင်းပြီး အနိုင်ရရှိရန်အရေးကြီးသည်။ မြန်မာအသင်းသည်ယနေ့ပွဲတွင် ဖိလစ်ပိုင်နှင့်ကစားခဲ့သည့်လူစာရင်းကို နှစ်ဦးသာအပြောင်းအလဲပြုလုပ်ပြီး လာအိုအသင်းသည်လည်း ပြီးခဲ့သည့်ဖိလစ်ပိုင်နှင့်ပွဲတွင်ကစားခဲ့သည့် လူစာရင်းအနက် လေးယောက်ကိုအပြောင်းအလဲပြုလုပ်၍ ကစားခဲ့ကြသည်။ **စာမျက်နှာ ၂၉ ကော်လံ ၃ ▲**

ရန်ကုန်စီးတီးအသင်းကိုသုံးဂိုးပြတ်ဖြင့် ဧရာဝတီယူနိုက်တက်အသင်းအနိုင်ယူ

ရန်ကုန် ၅ရက်

၂၀၂၆–၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈) ဒုတိယနေ့ပွဲစဉ်တစ်ပွဲဖြစ်သည့် ရန်ကုန်စီးတီးအသင်းနှင့် ဧရာဝတီအသင်းတို့ ယနေ့ည နေပိုင်းတွင် ရန်ကုန်မြို့ YUSC ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ချန်ပီယံဧရာဝတီအသင်းက ရန်ကုန်စီးတီးအသင်းကို သုံးဂိုးပြတ်သွင်း၍ အနိုင်ရရှိသွားသည်။

ဧရာဝတီအသင်းသည် ပွဲစဉ်(၇)တွင် ရတနာပုံနှင့်သရေကျထား၍ ယနေ့အမှတ်ပြည့်ရယူရန် ပွဲစဉ်သည်နှင့်ပြိုင်ဘက်ဂိုးဧရိယာအတွင်း **စာမျက်နှာ ၁၃ ကော်လံ ၄ ➥**



စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ၅ရက်

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၁ ပေကျော်တွင်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိမြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ရွှေ့ပြောင်းရန်း ဆောင်အပ်ပါသည်။

(မိုး/၈လ)